


MYANMAR ICT JOURNAL




အိုင်စီတီ ဂျာနယ် | Volume 1, No. 10
WEEKLY JOURNAL OF INFORMATION AND COMMUNICATIONS TECHNOLOGY.
THE WEEK OF APR 2 - 8, 2012

Final Cut Pro X

## Receiver မလိုဘဲ Digital လိုင်းများအား အခမဲ့ ကြည့်ရှုနိုင်မည့် Digital TV များကို အထူးဈေးနှုန်းဖြင့် ရောင်းချလျှက်ရှိ

Page - 2

## CCleaner ၏ လျှို့ဝှက်ချက်များ

Page - 11

## ဆီစားသက်သာစေမည့် Dipentene

Page - 19

## အင်္ဂလိပ်စာကို စာအုပ်လွတ် လက်တွေ့ကျကျ သင်ကြားပေးမည့် သင်တန်း

Page - 9

## Wi-Fi နဲ့ Wi-Max ကွာခြားချက်

Page - 28

## ကျပ်ငွေ ၁၀၀,၀၀၀ အထိ ကံစမ်းနိုင်မည့် Air-Con Festival

Page - 2



## MARK X အကြောင်း

Page - 18

## ဝိတ် လျှော့နိုင်သော အကောင်းဆုံး အစားအစာများ

Page - 27



## မိုဘိုင်းဖုန်း ဈေးကွက်တွင် နေရာရဖို့ ကြိုးစားနေသော HTC ဖုန်းများ




ရန်ကုန်ပြည်တွင်းဈေးကွက်မှာတော့ HTC ဖုန်းများ ရောင်းအားနည်းကြောင်း သိရပါတယ်။ HTC ဖုန်းများသည် ဖုန်းဈေးကွက်ထဲသို့ Brand အသစ်တစ်ခုအနေဖြင့် ဝင်ရောက်လာသောဖုန်းဖြစ်တဲ့အတွက် အခြား Brand ရှိပြီးသား ဖုန်းများထက် ဝယ်လိုအား နည်းကြောင်း သိရပါတယ်။

"HTC က ပြည်တွင်းဝယ်လိုအား သိပ်မကောင်းဘူး။ ဘာလို့လဲ ဆိုတော့ သူက Brand သစ်တစ်ခုအနေနဲ့ ဝင်ရောက်လာတာ မကြာသေးဘူး။ နောက်ပြီး မိုဘိုင်းဖုန်း ကိုင်ဆောင်သူတွေက Brand ရှိပြီးသား ဖုန်းကိုမှ ကိုင်ချင်ကြတယ်လေ။ ဥပမာ- Sony တို့၊ Samsung တို့၊ Nokia တို့ပေါ့။ သူတို့တွေက ဖုန်းကိုင်မယ်ဆို အဲဒီလို Brand မြင့်တဲ့ ဖုန်းတွေကို စိတ်ဝင်စားကြတယ်" ဟု ပြည်တွင်း မိုဘိုင်းဖုန်းဆိုင်တစ်ခုမှ ပြောကြားခဲ့ပါတယ်။

HTC ဖုန်းများက ဒီဇိုင်းနေရာမှာတော့ သေသပ်လှပပါတယ်။ ဒါပေမယ့် Brand အသစ်တစ်ခု ဖြစ်တာကြောင့် မိုဘိုင်းဖုန်း ကိုင်ဆောင်သူ အများအပြားက HTC ကို သတိမထားမိကြပါဘူး။ သူရဲ့ ပြိုင်ဘက် Sony, Samsung တို့ကလည်း နည်းပညာမြင့် မိုဘိုင်းဖုန်းများကို အဆက်မပြတ် ထုတ်လုပ်နေတဲ့ အတွက် HTC အနေနဲ့ ထို Brand များကို ထိုးဖောက်ဖို့ အစွမ်းကုန်ကြိုးစား နေရပါတယ်။ ပြည်တွင်း မိုဘိုင်းဖုန်းဆိုင် အချို့မှာ HTC ဖုန်းများ တင်သွင်းရောင်းချခြင်း မရှိကြောင်း သိရပါတယ်။ ရောင်းချသော ဆိုင်များကလည်း HTC ဖုန်းများ ဝယ်လိုအား နည်းကြောင်း ပြောကြားသွားပါသည်။

## ၅ လအတွင်း အလုံးရေ ၅ သန်းအထိ ရောင်းချရသည့် Galaxy Note

By YHT



Screen အရွယ်အစား ၅.၃ လက်မရှိသော Galaxy Note မှာ ထုတ်လုပ်ပြီး ၅ လ အတွင်း ကမ္ဘာတစ်ဝန်း အလုံးရေ ၅ သန်း ခန့်ရောင်းချရပြီး ဖြစ်ကြောင်း သိရပါတယ်။

Samsung Galaxy Note မှာ ယခုအခါတွင် လူအများမှ ကြိုက်နှစ်သက် ဝယ်ယူနေကြသော Smart Phone အမျိုးအစား ဖြစ်နေသော်လည်း Android ၏ နောက်ဆုံးထုတ် Ice Cream Sandwich တော့ ပါဝင်ခြင်း မရှိသေးပါဘူး။

*Ref: Engadget*

## လျှပ်စစ် စီးဝင်မှုကို ခံနိုင်တဲ့ iPhone Cover အသစ်များ ထွက်ရှိ



ပြည်တွင်းဈေးကွက်ထဲကို iPhone 4/4S Back-cover ဒီဇိုင်းအသစ်များ ဝင်ရောက်လာကြောင်း သိရပါတယ်။ အခု ထွက်ရှိလာတဲ့ Back cover လေးများမှာ အရင် Back cover နဲ့ မတူတဲ့ Feature လေးများ ပါဝင်လာပါတယ်။ Cover တစ်ခုချင်း၌ Protection လို့ခေါ်တဲ့ အကြမ်းခံနိုင်မှု အချိုးအဆများကို ဖော်ပြပေးထားပြီး အတွင်းအပြင် မတူတဲ့ ဒီဇိုင်းများလည်း ပါဝင်လာပါတယ်။ လျှပ်စစ်စီးဝင်မှုကို ခံနိုင်တဲ့ Cover များ၊ မျက်နှာပြင်ကို ချည်သားဖြင့် ပြုလုပ်ထားသည့် Cover များ၊ ထောက်တိုင်များ ပါဝင်တဲ့ Cover များစသည်ဖြင့် ဒီဇိုင်းအမျိုးမျိုးနဲ့ ထွက်ရှိလာကြောင်း ပြည်တွင်းဖုန်းဆိုင် တစ်ခုမှ သိရပါတယ်။ iPhone Cover လေးများကို ဒီဇိုင်းအမျိုးမျိုး ပြောင်းလဲ ကိုင်ဆောင်ချင်သူများအတွက် အထူးသတင်းကောင်းအနေဖြင့် ဖော်ပြပေးလိုက်ပါတယ်။

## တစ်ခါသုံး GSM လိုင်းကဒ် ပါဝင်တဲ့ Nokia N9 ကို ကျပ်ငွေ ငါးသောင်းခွဲဖြင့် ဝယ်ယူနိုင်



Asia Mobile Shop မှ မြန်မာနှစ်သစ်စေ ျးရောင်းပွဲတော်ကို ၂၀၁၂ ခုနှစ်၊ မတ်လ (၁) ရက်နေ့မှ ဧပြီလ (၁၇) ရက်နေ့အထိ ကျင်းပ ပြုလုပ်လျက်ရှိကြောင်း သိရပါတယ်။ အဆိုပါပွဲတွင် မိုဘိုင်းနှင့် ဆက်စပ်ပစ္စည်းများကို ချိုသာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး အထူးအစီအစဉ်အနေဖြင့် Nokia N9 (China) ဖုန်းများကို တစ်ခါသုံး FEC 20 တန် GSM ကဒ် အပါအဝင် ကျပ် ၅၅,၀၀၀ ဖြင့် ရောင်းချပေးနေကြောင်း သိရှိရပါတယ်။ ဆက်သွယ် ဝယ်ယူလို ပါက Asia Mobile Shop ဖုန်း ၀၁-၅၄၅၂၅၆ သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရပါတယ်။

## ဥရောပအတွက် Kindle Touch ဧပြီ ၂၇ ရက်တွင် ထွက်ရှိမည်

By YHT



အမေရိကန်နိုင်ငံတွင်းထုတ်လုပ်ခဲ့ ခြင်း သက်တမ်း နှစ်ဝက်ခန့် ကြာမြင့်ခဲ့ပြီဖြစ်သော Kindle Touch အား Amazon မှ ဥရောပ version အတွက် ဧပြီလ ၂၇ ရက်နေ့တွင် ထုတ်လုပ် သွားတော့မည်ဖြစ်ကြောင်းသိရပါတယ်။ ကြော်ငြာထားချက်များအရ Kindle Touch အား UK၊ Germany၊ France၊ Italy နှင့် Spain တို့တွင် ဖြန့်ချီသွားမည်ဖြစ်ပြီး UK version တွင် Wi-Fi အား ယူရို ၁၀၉ နှင့် 3G ကတော့ ယူရို ၁၆၉ ဖြစ်ကြောင်း သိရပါတယ်။

*Ref: Engadget*

## ကျပ်နှစ်သောင်း ကိုးထောင်ဖြင့် ဝယ်ယူနိုင်မည့် Touchscreen ဖုန်း



၂ သိန်းတန် SIM Card များ ထွက်ပေါ်လာမှုကြောင့် တန်ဖိုးနည်း ဖုန်းများကို လူအများ စိတ်ဝင်တစား ဝယ်ယူလျက်ရှိတာ တွေ့ရပါတယ်။ တစ်ချို့ကလည်း Keypad များကို သဘောကျပြီး လူငယ်အများစုကတော့ လက်ဖြင့် စေခိုင်း အသုံးပြုနိုင်တဲ့ Touchscreen ဖုန်းများကို နှစ်သက်ကြပါတယ်။ ယခုခေတ် ရေစီးကြောင်းအရ ပြောရလျှင်လည်း Touchscreen ခေတ်လို့ ပြောလို့ရနိုင်တဲ့အတွက် နာမည်ကြီး ဖုန်းအများစုကတော့ Touchscreen ကို ဦးစားပေး ထုတ်လုပ်လာကြပါတယ်။ အခုလို Brand မြင့်သော ဖုန်းများသည် version အလိုက် ဈေးနှုန်းမြင့်မား လျက်ရှိတဲ့အတွက် သာမန်လူများအနေဖြင့် Touchscreen ဖုန်းများ ကိုင်ဆောင်နိုင်ရန် အလွန်ပင် အားထုတ်ကြရမှာ ဖြစ်ပါတယ်။

Asia မိုဘိုင်းဖုန်းဆိုင်မှာတော့ Nokia တံဆိပ် WP-7 Touchscreen (China) ဖုန်းများကို ကျပ် ၂၉,၀၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရပါတယ်။ တန်ဖိုးနည်းပြီး Touchscreen ဖုန်း ကိုင်ဆောင်ချင်သူများအတွက် အထူးသင့်လျော်ပါတယ်။ စိတ်ဝင်စား၍ ဝယ်ယူလိုပါက Asia Mobile Shop ဖုန်း ၀၁-၅၄၅၂၅၆ သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရပါတယ်။

## မြန်မာနှစ်ကူးအတွက် အရောင်းရဆုံးဖြစ်နေတဲ့ ရေစိုခံဖုန်း Cover လေးများ




လူတိုင်း စောင့်မျှော်နေကြတဲ့ မြန်မာနှစ်သစ်ကူးကာလ နီးကပ်လာပြီဖြစ်တဲ့အတွက် လိုအပ်တဲ့ Accessories များကို ဝယ်ယူ စုဆောင်းနေကြတာကို တွေ့ရပါတယ်။ လက်ရှိ မိုဘိုင်း ဈေးကွက်မှာတော့ ရေစိုခံ ဖုန်း ကာဗာလေးများ ဝယ်ယူမှု အား အကောင်းဆုံး ဖြစ်နေကြောင်း လူကြီးမင်း ဖုန်းဆိုင်မှ သိရပါတယ်။

"သင်္ကြန်နီးလာတော့ ရေစိုခံ ဖုန်းကာဗာတွေ တော်တော်လေး လာဝယ်ကြတာ တွေ့ရတယ်။ ရေစိုခံ cover တွေက ဖုန်းအမျိုးမျိုးနဲ့ သင့်လျော်တဲ့ Size စုံ၊ Design စုံရှိတဲ့အတွက် သူတို့နဲ့ သင့်လျော်တဲ့ ကာဗာဒီဇိုင်းတွေ စိတ်ကြိုက်ရွေးချယ် ဝယ်ယူကြပါတယ်" ဟု လူကြီးမင်းဖုန်းဆိုင်မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားပေးခဲ့ပါတယ်။

သင်္ကြန်ကာလအတွင်း ဖုန်း ရေဝင်မှုကို ဟန့်တားပေးနိုင်သော ရေစိုခံ ဖုန်းကာဗာများကို ဆိုဒ်စုံ၊ ဒီဇိုင်းစုံဖြင့် ပြည်တွင်း ဖုန်းဆိုင်များမှာ ဝယ်ယူရရှိနိုင်ပြီး ဈေးနှုန်းအနေနဲ့ ကျပ် ၁,၀၀၀ ဝန်းကျင်ခန့်သာ ရှိကြောင်း သိရှိရပါတယ်။

## Galaxy Note အတွင်း Android 4.0 အသုံးပြုထားခြင်းကို တွေ့ရှိခဲ့ကြ

By YHT



ယခုအချိန်တွင် Google ၏ နောက်ဆုံးထွက် Android version ဖြစ်သော Ice Cream Sandwich အား အသုံးပြုနိုင်သည့် ဖုန်း ဟန်းဆက်များ နည်းပါးလျက် ရှိနေသော်လည်း ကောလဟာလများ ထွက်ရှိနေတာကတော့ Android 5.0 ထွက်ရှိမယ် ဆိုတာပါပဲ။

အခုလို ICS အသုံးပြုဖုန်းများ ထွက်ပေါ်မှုနည်းပါးနေသောအချိန်တွင် ထပ်မံထွက်ရှိလာသော သတင်းကတော့ Samsung ၏ နောက်ဆုံးထွက် ဖုန်းဟန်းဆက်ဖြစ်သည့် Galaxy Note တွင် ICS အသုံးပြုထားခြင်းကို တွေ့ရှိခဲ့ရတယ်လို့ ဆိုတာပါပဲ။

Samsung မှလည်း ၎င်းတို့၏ Galaxy Note အတွင်း ICS ကို ယခုနှစ်ဝက်အတွင်း အသုံးပြုပေးသွားမည်ဟု ကတိပေးထားပြီး ယခု ၎င်းတို့၏ Facebook Page တွင်တော့ ICS ကို အသုံးပြုထားသော Galaxy Note ၏ ပုံရိပ်များကို မြင်တွေ့ခဲ့ရကြောင်း လေ့လာသူများမှ ဆိုထားပါတယ်။

Samsung ကတော့ ယခုကိစ္စနှင့် ပတ်သက်ပြီး မှတ်ချက် တစ်စုံတရာ ထုတ်ပြန်ထားရှိခြင်း မရှိသေးပဲ လာမည့် နှစ်အနည်းငယ်တွင်သာ Galaxy Note အတွင်း ICS အသုံးပြု ပေးသွားမည်ဟုသာ ဆက်လက် သတင်းထုတ်ပြန်သွားပါတယ်။

*Ref: Samsung USA Facebook*

## Android Application (၂) သိန်းကျော် အသုံးပြုနိုင်တဲ့ ViewSonic V350



ViewSonic က ထုတ်လုပ်တဲ့ V350 Smart Phone အကြောင်း မိတ်ဆက်ပေးချင်ပါတယ်။ သူက Android ဖုန်းဖြစ်ပြီး Version အနေနဲ့ 2.2 ကို အသုံးပြုထားပါတယ်။ ဒီဖုန်းလေးရဲ့ ထူးခြားချက် ကတော့ SIM နှစ်ခု ထည့်ပြီး အသုံးပြုနိုင်တဲ့အတွက် ဖုန်းတစ်လုံးတည်းမှာပင် Personal နှင့် Business ဖုန်းဟူ၍ ခွဲခြားထား နိုင်ပါတယ်။ ဖုန်းနှစ်လုံး ကိုင်ဆောင်စရာ မလိုအပ်တဲ့အတွက် စီးပွားရေးလုပ်ငန်းရှင်များ အသုံးပြုရန် သင့်လျော်သော ဖုန်းလေးဖြစ်ပါတယ်။ Android ဖုန်း ဖြစ်တာကြောင့် Google Map, Google Mail များအပြင် အခြား Application (၂)သိန်းကျော် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

ဒီဇိုင်းကတော့ ရိုးရိုးလေးနဲ့ အမြင်ဆန်းတဲ့ ပုံစံရှိပြီး ပေါ့ပေါ့ပါးပါးနဲ့ ကိုင်ဆောင်ရ အဆင်ပြေပါတယ်။ ဈေးနှုန်းကတော့ ကျပ် ၂၂၀,၀၀၀ ဝန်းကျင်ရှိပြီး ViewSonic များကို ဖြန့်ချီသော Royal Ayeyarwaddy Co., Ltd. အနေဖြင့် အဆိုပါဖုန်းများကို (၆)လ Parts & Service Warranty ပေးထားကြောင်း သိရပါတယ်။ စိတ်ဝင်စား၍ ဝယ်ယူလိုပါက ဖုန်း - 01-394494, 389366 သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရပါတယ်။

### Specification

- Network: GSM/ WCDMA (Dual SIM)
- Display: 3.5", TFT, capacitive Multi-touchscreen
- Memory: microSD, up to 32GB
- Camera: 5 Megapixels, autofocus
- Multimedia: Wi-Fi, Bluetooth
- OS: Android OS, v2.2
- Weight: 125 g

## Microsoft မှ Windows Phone SDK အတွက် Upgrade များ ပြုလုပ်ပေး

By YHT

Microsoft မှ ၎င်းတို့၏ Windows Phone အတွင်း Developer များ လွတ်လပ်စွာ customize ပြုလုပ်နိုင်ရန်အတွက် Windows Phone SDK 7.1.1 ကို ထုတ်လုပ်လိုက်ကြောင်း သိရပါတယ်။

အဆိုပါ upgrade ပြုလုပ်ထားသော SDK များကို အသုံးပြုခြင်းဖြင့် Developer များမှာ ဈေးနှုန်းနည်းပါးသော Windows Phone အတွင်း apps များ ထုတ်လုပ်သွားနိုင်မှာဖြစ်ပြီး ထူးခြားချက်ကတော့ Development Kit အား Windows 8 အတွင်း အသုံးပြုနိုင်ခြင်းပင် ဖြစ်ပါတယ်။

Windows Phone အသုံးပြု ဖုန်းများမှာ များသောအားဖြင့် Memory 512 MB ထိသာ ရှိကြပြီး ပထမဆုံး 256 MB ဖြင့် ထုတ်လုပ်မည့် ဖုန်းမှာ Nokia Lumia 610 ဖြစ်ပါတယ်။ အဆိုပါ ဖုန်းဟာ Nokia မှ Windows Phone အသုံးပြုမည့် ပထမဆုံး ဖုန်းဟန်းဆက်ဖြစ်ပြီး ဈေးနှုန်းအနေဖြင့် ဒေါ်လာ ၂၅၂ ကျသင့်မည် ဖြစ်ကာ ယခုနှစ်ဝက် အတွင်းထုတ်လုပ်သွားမည် ဖြစ်ကြောင်း သိရပါတယ်။

*Ref: Windows Team Blog*



## HTC Sensation XE

BY MTT



HTC ကနေ ထပ်မံထုတ်လုပ်ထားတဲ့ Sensation XE ဖုန်းကတော့ အရည်အသွေးမြင့် S-LCD capacitive touchscreen ကို အသုံးပြုထားတဲ့အတွက် Touch ပိုင်းမှာ ပိုပြီး အဆင့်မြင့်မြင့် အသုံးပြုနိုင်ပါတယ်။ ဖုန်းမျက်နှာပြင် အရွယ်အစားကတော့ ၄.၃ လက်မရှိတဲ့အတွက် Screen ကြီးကြီး ကိုင်ဆောင်ချင်သူများအတွက် အထူးသင့်လျော်တဲ့ ဖုန်းဖြစ်ပါတယ်။ OS နေနဲ့ Android version 2.3.4 ကို အသုံးပြုပေးထားတဲ့အတွက် Network ချိတ်ဆက်မှု အပိုင်းမှာ လျှင်မြန်သောနှုန်းနဲ့ Data များကို ရယူနိုင်မှာ ဖြစ်ပါတယ်။

### ကွန်ရက်အမျိုးအစား

အသုံးပြုနိုင်တဲ့ ကွန်ရက်အမျိုးအစားကတော့ GSM 2G/3G နှစ်မျိုးစလုံးမှာ အသုံးပြုနိုင်ပါတယ်။ ဖုန်းကိုင်ဆောင်သူ အချင်းချင်း အချက်အလက်များ ပေးပို့နိုင်ဖို့အတွက် Bluetooth 3.0 နဲ့ အခြား Accessories များနှင့် ချိတ်ဆက် အသုံးပြုနိုင်ဖို့အတွက် USB 2.0 ပါဝင်ပါတယ်။ ထို့ပြင် ဝါယာလက် ချိတ်ဆက် အသုံးပြုနိုင်ဖို့အတွက် Wi-Fi စနစ်လည်း ပါဝင်ပါတယ်။

### အချက်အလက်သိမ်းဆည်းနိုင်မှု

ဖုန်းအတွင်း Data သိမ်းဆည်းနိုင်ရန်အတွက် internal memory အနေနဲ့ 4GB ပါဝင်ပြီး SD Card ကို 32GB အထိ ထပ်စိုက် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

### ကင်မရာ

8 Megapixels ရှိတဲ့ ကင်မရာကို အသုံးပြုပေးထားပြီး image Stabilization စနစ်ပါဝင်တဲ့အတွက် ဓါတ်ပုံရိုက်ကူးနေစဉ် လက်တုန်ခါမှုကြောင့် ဖြစ်ပေါ်တတ်သော ပုံရိပ်ဝါးခြင်းများကို ဖယ်ရှားပေးနိုင်ပါတယ်။ ထို့ပြင် autofocus, touch-focus, face detection, instant capture စနစ်များလည်း ပါဝင်ပါတယ်။

### Multimedia

အသုံးပြုနိုင်သော Multimedia များကတော့ MP3, MP4, YouTube, Google Talk, Google Search, Gmail အစရှိသည်များကို အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

CPU အနေနဲ့ စွမ်းရည်မြင့် Dual-core 1.5 GHz Scorpion ကို အသုံးပြုပေးထားပြီး ကြာရှည်စွာ အသုံးပြုနိုင်ရန်အတွက် Standard battery, Li-Ion 1730 mAh ကို အသုံးပြု ပေးထားပါတယ်။ HTC Sensation XE ကို စိတ်ဝင်စား၍ ဝယ်ယူလိုပါက ကျပ် ၄၂၀,၀၀၀ ဝန်းကျင်ဖြင့် အရိန္ဒမာ ဖုန်း ၀၉-၅၀၁-၁၅၆၅ သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရပါတယ်။

## Samsung Galaxy S Plus

By MLB



Samsung Galaxy S ရဲ့ 2011 Edition လို့ လူသိများကြတဲ့ Samsung Galaxy S Plus ကို ၂၀၁၁ ဧပြီလမှာ ထုတ်လုပ်ပြီးစီးခဲ့တာ ဖြစ်ပြီး ဈေးကွက်ထဲကိုတော့ ၂၀၁၁ ဇူလိုင်လမှသာ ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ Samsung Galaxy S Plus ဟာ GSM 2G, 3G အသုံးပြုနိုင်ပြီး ဖုန်းရဲ့အလေးချိန်က ၁၁၉ ဂရမ် ပဲ လေးတာကြောင့် ကိုင်ဆောင်ရသူတွေအတွက် သက်တောင့်သက်သာ ရှိစေမှာပါ။ Wireless အတွက် Wi-Fi 802.11 b/g, DLNA, Wi-Fi hotspot စတဲ့ WLAN အမျိုးအစားများကို အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဖုန်းရဲ့ Screen အရွယ်အစားက ၄ လက်မရှိပြီး ဖုန်းရဲ့ Color ကိုတော့ အမဲရောင်နဲ့ အဖြူရောင်ဆိုပြီး နှစ်မျိုးခွဲပြီး ထုတ်လုပ်ထားပါတယ်။ ဖုန်းရဲ့ Screen Type ကတော့ Super AMOLED capacitive Touch Screen ဖြစ်ပြီး ဖန်သားပြင်ကို Corning Gorilla Glass အမျိုးအစားကို သုံးထားတဲ့အတွက် တော်ရုံတန်ရုံ ပြုတ်ကျရုံနဲ့တော့ ဖုန်းရဲ့ Screen ကို ထိခိုက်မှာ မဟုတ်ပါဘူး။ ဖုန်း Battery ကို ကြာရှည် အသုံးခံတဲ့ Li-Ion 1650 mAh Battery အမျိုးအစား တပ်ဆင်ပေးထားပါတယ်။

ဖုန်းရဲ့အနောက်ဘက်မှာ touch focus, face and smile detection တွေကို စွမ်းဆောင်ပေးနိုင်မယ့် 5MP ရှိတဲ့ VGA Camera တစ်ခုတပ်ဆင်ထားပြီး microSD Card Slot ကို 32 GB အထိထောက်ပံ့ပေးသည့်အပြင် Internal Momery အနေနဲ့ 8/16 GB ထောက်ပံ့ပေးပါသေးတယ်။ v2.3 ရှိတဲ့ Android OS ကိုအသုံးပြုထားပြီး CPU ကလဲ 1.4 GHz ရှိတဲ့အတွက် Application တွေ Run တဲ့အခါမှာမြန်ဆန်တဲ့ Speed နဲ့ Run နိုင်မှာ ဖြစ်ပါတယ်။ Bluetooth, SMS, MIMS, Push Mail, IM, RSS စတဲ့ System တွေကို အသုံးပြုနိုင်မှာဖြစ်ပြီး Samsung Galaxy S Plus ကို ကျပ်၂၈၀,၀၀၀ ဝန်းကျင်ဖြင့် Talky ဖုန်း ၀၁-၂၁၁၃၁၁၊ ၂၁၀၅၂၁ သို့စုံစမ်း ဝယ်ယူနိုင်ကြောင်း သိရှိရပါတယ်။

## PRICE GUIDE



| Brand | Specs | Price (Kyat) |
|---|---|---|
| Huawei C8810 | 5 MP / 2.3.4/2.3.5 /3.5" | 160,000 |
| Huawei C8800 | 5 MP / 2.3.4 /3" | 165,000 |
| Huawei C8650 | 3.2 MP / 2.3.5/2.3.6 / 2.8" | 115,000 |
| Huawei C5735 | 2 MP / / 1.5" | 60,000 |
| Nokia N700 | 5 MP / Belle/3.2" | 220,000 |
| Nokia N500 | 5 MP / Anna / 3.2" | 150,000 |
| Nokia C603 | 5 MP / Belle / 3.5" | 220,000 |
| Nokia X2 | 5 MP / / 2.2" | 90,000 |
| Samsung Galaxy SII | 8 MP / 2.3.4 / 4.3" | 450,000 |
| Samsung Galaxy NOTE | 8 MP / 2.3.5 / 5.3" | 550,000 |
| Samsung Galaxy SCL | 5 MP / 2.2/2.3 / 4" | 285,000 |
| Samsung Galaxy S+ | 5 MP / 2.3 / 4" | 300,000 |
| HTC Explore | 3.15 MP / 2.3 / 3.2" | 170,000 |
| HTC Sensation XL | 8 MP / 2.3 / 4.7" | 470,000 |
| HTC Sensation XE | 8 MP / 2.3.4 / 4.3" | 485,000 |
| HTC Wildfire | 5 MP / 2.1 / 3.2" | 180,000 |
| Apple iPhone 4 (32GB) | 5 MP / iOS 5.1 / 3.5" | 630,000 |
| Apple iPhone 4s (16GB) | 8 MP / iOS 5.1 / 3.5" | 590,000 |
| Apple iPhone 4s (32GB) | 8 MP / iOS 5.1 / 3.5" | 650,000 |
| Apple iPhone 4s (64GB) | 8 MP / iOS 5.1 / 3.5" | 750,000 |
| Apple iPhone 3s (16GB) | 3.15 MP / iOS 5.1 / 3.5" | 250,000 |

Great Mobile: 01-388-747, လူကြီးမင်း: 01-388-739, Peace: 01-388-411



## PRODUCTS REVIEW



### LOOP Headset

By APA

Sonicgear မှထုတ်လုပ်လိုက်သော Loop Headset ဟာအခြား Headset တွေနှင့်မတူပဲ ဒီဇိုင်းဟာ ကောင်းမွန်ပါတယ်။ အခြား Headset တွေလို နားထောင်တဲ့အခါ အမြင်မရှုပ်စေဖို့ ကြိုးသေးသေးလေးနဲ့ ဖန်တီးထားပါတယ်။ နားကြပ်ကိုတော့ Aluminum ဖြင့် ပြုလုပ်ထားပြီး ရေမြုပ်ခံထားလို့ ဆွဲဆောင်မှု ရှိပါတယ်။ အသံထွက် ကြည်လင်ပြတ်သားပြီး Bass သံ ကောင်းမွန်ပါတယ်။ ဈေးနှုန်းကတော့ ကျပ် ၁၀,၀၀၀ ဖြစ်ပြီး ပြည်တွင်းရှိ Electronic အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။



### Bluethunder 2r 5.1Speaker

By APA

Bluethunder 2r 5.1 Speaker ကတော့ အသံအရည်အသွေး ကောင်းမွန်လှသည့် 5.1 Speaker တစ်ခုဖြစ်ပါတယ်။ Woofer အသံထွက်အား အလွန်ကောင်းမွန်ပြီး အသံပတ်လည်ပြေးစနစ်ဖြစ်တဲ့ Maxx Surronded စနစ် ပါဝင်တာကြောင့် ရုပ်ရှင်ရုံကြီးတွေမှာ ကြားရသလို အသံထွက် ရှင်းလင်းနေမှာပါ။ Total power RMS : 80 watts ရှိတာကြောင့် ဘေးပတ်လည်ရှိ Speaker ငါးလုံးက ထွက်ရှိတဲ့ အသံဟာလည်း ကြည်လင်ပြတ်သားမှာ ဖြစ်ပါတယ်။ ထို့အပြင် Remotecontrol ပါဝင်တာကြောင့် မိမိလိုသလို ချိန်ညှိနိုင်မှာဖြစ်ပြီး 5.1 DVD Player နှင့် တွဲ၍ အသုံးပြုရန် သင့်တော်ပါတယ်။ ဈေးနှုန်းကတော့ ကျပ် ၁၃၅,၀၀၀ ရှိပြီး ပြည်တွင်းရှိ Electronic အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။



### Sonicarray 1000 speaker

By APA

လက်ရှိ ဈေးကွက်ထဲမှာ ရောင်းအားကောင်းနေသော Speaker ဖြစ်ပါတယ်။ ဒီဇိုင်းလှပပြီး အသံထွက်အား ကောင်းမွန်သော Speaker ဖြစ်ပါတယ်။ Home Theater ပြုလုပ်လိုသူများအတွက် သီးသန့် ထုတ်လုပ်ထားပြီး FM, Radio လိုင်းတွေကို ဖမ်းယူဖို့ အင်တာနာကြိုးများလည်း ပါဝင်ပါတယ်။ iPod နှင့်တွဲဖွင့်ရန်အတွက်လည်း Room တစ်ခု ပါဝင်ပြီး နံရံတွင်လည်း ချိတ်ဆွဲထားနိုင်ပါတယ်။ Total power RMS:30 watts ရှိပြီး Maxx Surrounded စနစ် ပါဝင်တာကြောင့် ရုပ်ရှင်ရုံကြီးတွေမှာ ကြားရသလို အသံထွက် ရှင်းလင်းနေမှာပါ။ ဈေးနှုန်းကတော့ ကျပ် ၁၇၀,၀၀၀ ဖြစ်ပြီး ပြည်တွင်းရှိ Electronic အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။



### HQ (FRS – 1000R)

By APA

Showcase ပုံစံဖြင့် ပြုလုပ်ထားသော Freezer ဖြစ်ပြီး ၎င်း၏ တံခါးများ ကို မှန်ဖြင့် ပြုလုပ်ထားတာကြောင့် အထဲရှိ ပစ္စည်းများကို တွေမြင်ရမှာ ဖြစ်ပါတယ်။ တံခါးမှာလည်း Slide Door နှစ်ချက် ပါဝင်ပြီး အလွယ်တကူ ပြောင်းရွှေ့နိုင်ရန်အတွက် Chest Freezer ၏ အောက်ခြေတွင် ဘီးလေးဘီးလည်း ပါဝင်ပါတယ်။ တံခါဖွင့်ပြီးလျှင်လည်း အလိုအလျောက်ပြန်ပိတ်သော နည်းစနစ်လည်း ပါဝင်ပါတယ်။ Chest Freezer အတွင်းတွင်လည်း မီးချောင်းများ ပါဝင်ပြီး စွမ်းအင်ချွေတာ နိုင်ရန်အတွက်လည်း ပြုလုပ်ထားတဲ့ Freezer ဖြစ်တယ်။ ဈေးနှုန်းကတော့ ကျပ် ၁,၃၉၀,၀၀၀ ဖြစ်ပါတယ်။ Super Market များ၊ အိမ်ဆိုင်များ၊ အအေးအရောင်း ဆိုင်များတွင် အသုံးပြုရန် သင့်တော်ပါတယ်။ OK Myanamr Co., Ltd. ၀၁ ၂၅၆ ၅၀၁ တွင် ဝယ်ယူနိုင်ပါတယ်။



### HQ Chest Freezer (BC/BD 720GA)

By APA

စွမ်းအင်ချွေတာရန်အတွက် အထိကထား ထုတ်လုပ်လိုက်သော Chest Freezer တစ်ခုဖြစ်ပါတယ်။ လျှင်မြန်စွာ အေးခဲနိုင်ပြီး အေးခဲမှုကိုလည်း ကြာရှည်စွာ ထိန်းသိမ်းနိုင်ပါတယ်။ လှပသော Desgin နှင့်အတူ အလွန်ထူသည့် အပူနှင့် လျှပ်စစ်စီးခြင်းတို့ကို ကာကွယ်ပေးမည့် Insulate အပြားလည်း ပါဝင်ပါတယ်။ Function အနေနဲ့ကတော့ လေးမျိုးပါဝင်ပြီး အထက်မှ ဖွင့်ရသော Desgin မျိုး ဖြစ်ပါတယ်။ Guarantee ကို ငါးနှစ်အာမခံရရှိမှာ ဖြစ်ပြီး ဈေးနှုန်းကတော့ ကျပ် ၆၈၀,၀၀၀ ဖြစ်ပါတယ်။ Super Market များ၊ အိမ်ဆိုင်များ၊ အအေးအရောင်းဆိုင်များတွင် အသုံးပြုရန် သင့်တော်ပါတယ်။ ဝယ်ယူလိုပါက OK Myanamr Co., Ltd. ၀၁-၂၅၆-၅၀၁ တွင် ဝယ်ယူ ရရှိနိုင်ပါသည်။



### NN-GS597M Panasonic Microwave Oven

By APA

Bluethunder 2r 5.1 Speaker ကတော့ အသံအရည်အသွေး ကောင်းမွန်လှသည့် 5.1 Speaker တစ်ခုဖြစ်ပါတယ်။ Woofer အသံထွက်အား အလွန်ကောင်းမွန်ပြီး အသံပတ်လည်ပြေးစနစ်ဖြစ်တဲ့ Maxx Surronded စနစ်ပါဝင်တာကြောင့် ရုပ်ရှင်ရုံကြီးတွေမှာ ကြားရသလို အသံထွက် ရှင်းလင်းနေမှာပါ။ Total power RMS : 80 watts ရှိတာကြောင့် ဘေးပတ်လည်ရှိ Speaker ငါးလုံးကထွက်ရှိတဲ့ အသံဟာလည်း ကြည်လင်ပြတ်သားမှာဖြစ်ပါတယ်။ ထို့အပြင် Remotecontrol ပါဝင်တာကြောင့် မိမိလိုသလို ချိန်ညှိနိုင်မှာဖြစ်ပြီး 5.1 DVD Player နှင့် တွဲ၍ အသုံးပြုရန် သင့်တော်ပါတယ်။ ဈေးနှုန်းကတော့ ကျပ် ၁၃၅,၀၀၀ ရှိပြီး ပြည်တွင်းရှိ Electronic အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။



### Acer Projector ( X 1120H )

By APA

Acerမှ ထုတ်လုပ်ထားသော X1120H Projector ဟာယခုလက်ရှိပြည်တွင်း တွင်ရောင်းအားကောင်းလျက်ရှိပါတယ်။ ၎င်း၏ Projection System ကတော့ DLP System ဖြစ်ပြီး Resolution ဟာ SVGA ( 800x600 ) ရှိပါတယ်။ X1120H Projector ၏ Brightness ဟာ 2700 ANSI Lumens ရှိပြီး Contrast Ratio ဟာလည်း 3000:1 ပါရှိ ပါတယ်။ Display Colors ကတော့ 1.07 Billion Color ပါရှိပြီး Lamp ၏သက်တမ်းက နာရီပေါင်း ၅၀၀၀ နှင့် ၆၀၀၀ ရှိပါတယ်။ ၎င်း၏ Input Interface မှာတော့ D – sub x2, Composite Video, S – Viedo, PC Audio တို့ပါရှိမှာဖြစ်ပြီး Out Put Interface တွင်တော့ D –sub နှင့် Pc Audio တို့ ပါဝင်ပါတယ်။ ဈေးနှုန်းကတော့ USD 700 ခန့်ရှိပြီး ဖုန်း ၀၁ - ၂၂၁ - ၆၈၄ ရွှေလမင်းနဂါးကုမ္ပဏီတွင် ဝယ်ယူရရှိနိုင်ပါသည်။



### Acer Projector (C120 Mini Projector )

By APA

C120 ဟာ Mini Projector တစ်ခုဖြစ်ပြီး Foldable Screen ပါဝင်ပါတယ်။ ၎င်း၏ အမြင့်ဆုံး Resolution ဟာ 1280 x 800 ရှိပြီး Aspect ratio 16:9 နှင့် 4: 3ဟူ၍ နှစ်မျိုးပါရှိပါတယ်။ Contract Ratio ကျတော့ 1000 : 1 ရှိပြီး Brightness ကတော့ 100 ANSI Luens ရှိပြီး Lamp ၏ သက်တမ်းက နာရီပေါင်း ၂၀.၀၀၀ ရှိပါတယ်။ ၎င်း၏ Input Interface မှာတော့ D – sub x2, Composite Video, S – Viedo, PC Audio တို့ပါရှိမှာဖြစ်ပြီး Out Put Interface တွင်တော့ D–sub နှင့် PC Audio တို့ ပါဝင်ပါတယ်။ ဈေးနှုန်းကတော့ USD 350 ခန့်ရှိပြီး ဖုန်း ၀၁ - ၂၂၁ - ၆၈၄ ရွှေလမင်းနဂါးကုမ္ပဏီ တွင်ဝယ်ယူရရှိနိုင်ပါသည်။



### Samsung PL210 Camera

By APA

ယခုအချိန်တွင် ဈေးကွက်ထဲသို့ အသစ်ဝင်ရောက်ရှိလာသည့် PL210 ဟာ ပါးလွှာပြီး Zoom ကောင်းကောင်းနှင့် အသုံးပြုနိုင်သည့် Camera ဖြစ်ပါတယ်။ ၎င်း၏ Mega pixels ဟာ 14.2 ရှိတာကြောင့် Resolution ကောင်းကောင်းဖြင့် ဓာတ်ပုံတွေကို ရိုက်နိုင်မှာပါ။ PL210 တွင် အဝေးကပုံတွေကို ကောင်းကောင်းရယူနိုင်တဲ့ Zoom ပါဝင်ပြီး 19.7 mm သာ ထူသောကြောင့် အလွန်ပါးလွှာပါတယ်။ Display ကတော့ 3.0” ရှိတဲ့ LCD screen ပါရှိပြီး ၎င်း LCD ဟာ Contrast နှင့် Color တွေကို အကောင်းဆုံး ဖော်ပြပေးနိုင်ပါတယ်။ Video ကို HD ဖြင့် ရိုက်ကူးနိုင်ပြီး တစ်စက္ကန့်ကို Frame ပေါင်း ၃၀ ရိုက်ကူးနိုင်မှာပါ။ Special Mode အနေနှင့် Magic Frame ပါဝင်ပြီး Magi Frame ဟာ ရိုက်ပြီးသားဓာတ်ပုံတွေကို Frame ထဲ့ခြင်း၊ Frame ဖြင့် ဓာတ်ပုံရိုက်ခြင်းတွေကို ပြုလုပ်နိုင်မှာ ဖြစ်သည်။ Samsung Service center ဖုန်း - ၀၁- ၂၄၉ ၅၈၅ တွင် ဝယ်ယူရရှိနိုင်ပါသည်။



## Acer Day 2012 Exhibition မှ တစ်နေ့တာ


By APA

၂၀၁၂ခုနှစ် မတ်လ ၂၇ရက်နေ့မှ မတ်လ ၂၉ ရက်နေ့အထိ Strand Hotel( Yangon) တွင် ပြုလုပ်ခဲ့သော Acer Day 2012 Exhibition ပွဲတွင် ရွှေလမင်းနဂါး ကုမ္ပဏီနှင့်အတူ ASIA TECH, brother, Citicom, Eastern, ICE, Idea Link, Innwa, King Service Wisdom, Life Mark, Prefect, RedLink, Radiance, Tha Paye Pwint, Technoland, Vakok, Unique နှင့် Family Entertainment Group တိုမှ ပါဝင်ပြသခဲ့ကြောင်း တွေ့ရှိရသည်။ ၎င်းပွဲတွင် Vakok ရဲ့ 8th Arena Tournament ကို လူငယ်များ ဝင်ရောက်ယှဉ်ပြိုင်နေကြပြီး Vakok မှ ရောင်းချသည့် အရုပ်တွေကိုလည်း လူအများဝယ်ယူ အားပေးနေတာကို တွေ့ရှိရပါတယ်။

RedLink မှ Broadband Wi Max ကို တစ်ခဲနက် ဝယ်ယူအားပေးနေကြတာကိုလည်း တွေ့ရှိရပြီး Brother မှ Printer များကိုလည်း ဝယ်ယူအားပေးနေတာတွေ့ရှိရသည်။ 5 Network မှလည်း ၎င်းတို့၏ ပစ္စည်းများပြသရောင်းချခဲ့ပြီး အခြားဆိုင်များမှာတော့ Acer Brand ကို အဓိကထား ပြသသွားတာကို တွေ့ရှိရပါတယ်။












## Myanmar Trade Exhibition & Car Expo မှ တစ်နေ့တာ

BY APA

ရန်ကုန်မြို့ရှိ အမျိုးသားကဇာတ်ရုံတွင် မတ်လ ၂၈ ရက်နေ့ မှ ၃၁ ရက်နေ့အထိ ပြုလုပ်ခဲ့သော Myanmar Trade Exhibition & Car Expo ပွဲတွင် Shwe Baho, KSTM, OAC, PAC, FWK, Golden Land, Unico Group, Tokyo Pipe, Exide, ကျင်တဲ့ကျိမ့်၊ May Kabar, Mamme, Top, Yar Za Bwar, Ayerwaddy Power, Dipetane, SKK, I.E.M, Innwa, Billion Power, ABC Dry, Diamond Auto, Paing Paing, 23, Unity Land, Asia, H2O, TZE များအပြင် အခြားကုမ္ပဏီများလည်း ပါဝင်ပြသခဲ့တာကို တွေ့ရှိရပါတယ်။

အဆိုပါပြပွဲတွင် KSTM, OAC, PAC, FWK, Golden Land, Unico Group တို့မှ Toyota Mark X (2005) ကို အဓိကထား ပြသရောင်းချသွားတာကို တွေ့ရှိရပါတယ်။ Toyota Mark X (2005) အပြင် အခြားမော်ဒယ်မြင့် ကားတွေကိုလည်း ပြသရောင်းချသွားပြီး Shwe Baho ကားအရောင်းပြခန်းမှ Land Cruiser, Mazda, Mark X တွေကို လူအများစိတ်ဝင်စားစွာဖြင့် လေ့လာဝယ်ယူနေတာကို တွေ့ရှိရပါတယ်။ Unity Land မှ လေလံစနစ်ဖြင့် Japan မှ ကားများ ဝယ်ယူရရှိနိုင်ကြောင်း ရှင်းပြနေတာကို တွေ့ရှိရပြီး Paing Paing မှလည်း ကားအမျိုးအစား အစုံအလင်ကို ပြသခဲ့ပါတယ်။

၎င်းပွဲတွင် ထူးထူးခြားခြား ဝင်ရောက်ပြသခဲ့တာတွေကတော့ ရန်မျိုးနိုင် အုတ်ဖုတ်စက်၊ Rinnai Gas မီးဖိုတွေ၊ MNZ မှ ငွေရေစက်များ၊ Home မှ အကြမ်းခံ ပါကေးများ၊ Zay Lite Teach မှ ဖုန်းနှင့်စက်ဆပ် ပစ္စည်းများ၊ အဝတ်အထည်များ ရောင်းချနေတာကိုတွေ့ရှိရပါတယ်။ အခြားပါဝင်ပြသတဲ့ ပစ္စည်းတွေကတော့ လျှပ်စစ်ပစ္စည်းတွေ၊ အစားသောက်ကုန်တွေ၊ ဟင်းခတ်အမွေးအကြိုင်တွေ၊ Water Tank တွေနှင့် တိုင်းရင်းဆေးဝါးများကို ရောင်းချခဲ့ပါတယ်။ ၎င်းပွဲတွင် Korea နှင့် Myanmar သီချင်းအဆိုပြိုင်ပွဲများနှင့် ကားပြပွဲလည်း ပြုလုပ်ခဲ့ပါတယ်။


















# Australia တွင် သွားရောက် ပညာသင်ယူချင်သူများအတွက် QIBA

By MTT




QIBAကို ၁၉၈၆ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အစိုးရမှ အသိအမှတ်ပြုထားသောပညာရေးပိုင်းဆိုင်ရာတက္ကသိုလ်တစ်ခုဖြစ်ကြောင်းသိရှိရပါတယ်။ QIBA ၌ အထူးပြုသင်ကြားပေးသော ဘာသာရပ်များမှာ Business, Computer, ELICOS (English Language Intensive Course For Oversea Student) များဖြစ်ပြီး နိုင်ငံတကာမှ ကျောင်းသားများနှင့် ဩစတြေးလျနိုင်ငံမှ ကျောင်းသားများအတွက် University Pathway Program များကိုလည်း အထူးပြု သင်ကြားပေးလျှက် ရှိကြောင်း သိရပါတယ်။ QIBA ကျောင်းသည် Australia ရှိ NEAS (National English Language Teaching Accreditation Scheme Limited) မှ အသိအမှတ်ပြုထားသောကြောင့် State Government ROT Subject စစ်ဆေးခြင်းနှင့် အရည်အသွေး ပြည့်မီအောင် control လုပ်ပေးခြင်းတို့ကြောင့် အလွန်စိတ်ချရသောကျောင်းတစ်ကျောင်းဖြစ်ကြောင်း သိရပါတယ်။

QIBA ၏ အဓိက အားသာချက်များမှာ Australia နိုင်ငံသည် နိုင်ငံတကာကျောင်းသားများအတွက် စိတ်ချယုံကြည်ရဆုံးနိုင်ငံများထဲတွင် တစ်နိုင်ငံ ဖြစ်ခြင်း၊ Gold Coast သည် Australia၏ အကောင်းဆုံးအပန်းဖြေစရာ နေရာတစ်နေရာဖြစ်ခြင်း (ဥပမာ- သဘာဝ အလှများ၊ အပူပိုင်းရာသီဥတုနှင့် လူဦးရေ မထူထပ်ခြင်းတို့ကြောင့် ကျန်းမာရေးကောင်းစေသော ပတ်ဝန်းကျင်ရှိခြင်း) နှင့် QIBA ကျောင်း၏ ခေတ်မီအဆောက်အဦးများသည်အမိနိုင်ငံမှ လာရောက်ပြီး ပညာသင်ကြားရသည့် ကျောင်းသားများအတွက် သက်တောင့်သက်သာ ဖြစ်စေကြောင်း သိရပါတယ်။ ဥပမာ - Café Style မီးဖိုချောင်များ၊ wireless internetservice များ၊ ပစိဖိတ်သမုဒ္ဒရာကို အပေါ်စီးမှ ကြည့်ရှုနိုင်ခြင်း၊ အရည်အသွေးပြည့်မီပြီး စီမံခန့်ခွဲမှုအတွေ့အကြုံရှိ Administrator များမှ ဝန်ဆောင်မှုပေးခြင်းတို့ ရှိကြောင်း သိရှိရပါတယ်။ QIBA ကျောင်းအနေဖြင့်လည်း အခြားနိုင်ငံတကာ တက္ကသိုလ်များနှင့် လက်တွဲလုပ်ဆောင်လျှက်ရှိကြောင်း သိရပါတယ်။

QIBA၌ ကိုယ်ပိုင် ProfessionalHome Stay Services များ ရှိပြီး ဩစတြေးလျ ယဉ်ကျေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်း ကျောင်းသားများကို အကူအညီပေးလျှက်ရှိကြောင်း သိရပါတယ်။ QIBA သည် နိုင်ငံတကာမှ ကျောင်းသူ၊ ကျောင်းသားများနှင့် ဩစတြေးလျမှ ကျောင်းသူ၊ ကျောင်းသားများမှ ကမ္ဘာ့စီးပွားရေးအခြေအနေ၊ သတင်းအချက်အလက်များနှင့် မြင့်မားသော နည်းပညာများအကြောင်း၊ နိုင်ငံတကာ အလုပ်အကိုင်များအကြောင်းကို စုပေါင်း ဆွေးနွေးနိုင်သော နေရာတစ်ခု ဖြစ်ကြောင်း သိရပါတယ်။ QIBA ၏ Business Diploma သည် တက္ကသိုလ်ပထမနှစ်နှင့် ညီမျှပြီး Diploma ပြီးဆုံးပါက ဩစတြေးလျနိုင်ငံရှိ နိုင်ငံတကာ အဆင့်မြင့် တက္ကသိုလ်များတွင် ဒုတိယနှစ်မှ စတင်တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရပါတယ်။ Bachelor အတွက် တက်ရောက်နိုင်မည့် ဘာသာရပ်များမှာ Bachelor of Business Administration, Bachelor of Business (International Tourism Management), Bachelor ofBusiness (Hotel & Resort Management), Bachelor of Business (Convention & Event Management), Bachelor of Financial Planning, Bachelor of Accounting နှင့် Bachelor of Information Technology ဘာသာရပ်များကို တက်ရောက်နိုင်ကြောင်း သိရှိရပါတယ်။

Diploma of Business အတွက် စုစုပေါင်း (၁၀) လ တက်ရောက်ရမည်ဖြစ်ပြီး Bachelor အတွက် (၂) နှစ် ဆက်လက် တက်ရောက်ရမည်ဖြစ်ကြောင်း သိရပါတယ်။ Diploma တန်းတက်ရောက်နိုင်ရန်အတွက် IELTS (5.5) ရရှိထားရန် လိုအပ်ပြီး IELTS (5.5) မရှိပါက အနည်းဆုံး IELTS (5.0) ရရှိထားရန် လိုအပ်ကြောင်း သိရှိရပါတယ်။ ထိုအမှတ်များ ရရှိထားသူများသည် QIBA ၏ English အတန်းမှ စတင်တက်ရောက်နိုင်ပြီး သင်တန်း ကာလ (၃) လ ကြာမြင့်မည် ဖြစ်ကြောင်း သိရှိရပါတယ်။ ကျောင်းစရိတ်၏ ($ 2000) ကျော်ကို Part Scholarship အတွက် လျှောက်ထားနိုင်ပြီး Diploma တန်းအတွက် ကျောင်းလခများကို အရစ်ကျ ပေးသွင်းနိုင်ကြောင်း OESC ပညာရေး ဝန်ဆောင်မှုမှ သိရှိရပါတယ်။

IELTS(5.5) ရှိပြီးသူတိုင်း နှင့် QIBA တွင် English တန်းကို (၃)လ တက်ရောက်ပြီးသူတိုင်းသည် QIBA ၏ Part Scholarship ကို လျှောက်ထားနိုင်ကြောင်း သိရပါတယ်။ ထို့ပြင် QIBA ၏ ELICOS (English Language Intensive Course) လျှောက်ထားလိုသူများသည် IELTS (5.0) ရရှိထားရန် လိုအပ်ပြီး အချိန်ကာလ (၆)လကြာ သင်ယူရမည်ဖြစ်ကြောင်း သိရပါတယ်။ ELICOS နှင့် Diploma of Business အတန်းများအတွက် ဧပြီ ကျောင်းခေါ်ချိန်တွင် လျှောက်ထားနိုင်ကြောင်း သိရပါတယ်။

အသေးစိတ် သိရှိလိုသူများသည် OESC ဖုန်း 01-519092, 09-73094060 သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရပါတယ်။

# Network Engineering Course သင်တန်းဖွင့်လှစ်မည်

By MTT



YOUTH Computer မှ ၂၀၁၂ ခုနှစ်၊ ဧပြီလ၊ (၂)ရက်နေ့တွင် Network Engineering သင်တန်း၏ တန်းခွဲသစ်များအား ဖွင့်လှစ်သင်ကြားမည် ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ သင်တန်းတွင် ပါဝင် သင်ကြားနိုင်မည့် ဘာသာရပ်များမှာ Microsoft Server 2003 အား အခြေခံပြီး Server Role တွင်ပါဝင်သော Active Directory (Domain Controller), DHCP Server, IIS, DNS Server, ICS/NAT, MAIL Server, FTP Server, Gateway Server, VPN Server, Squid Proxy Server, RAID အစရှိသော Servers များ အကြောင်းကို အသေးစိတ် သင်ကြားပေးမည် ဖြစ်ကြောင်း သိရှိရသည်။

Network ချိတ်ဆက်မှု အပိုင်းတွင် wire နှင့် wireless system များကို Indoor/Outdoor Long Range wifi တစ်ခုအနေဖြင့် သင်ကြားပို့ချပေးမည် ဖြစ်သည့်အပြင် Security ပိုင်း၌လည်း CCTV Camera ချိတ်ဆက်ပုံ၊ IP camera Installation ပြုလုပ်ပုံ အစရှိသည့် အကြောင်းအရာများကို Theory နှင့် Pratical အချိန်များကို မျှတစွာ ခန့်ခွဲသင်ကြားပေးမည်ဖြစ်ကြောင်း သိရှိရသည်။ တက်ရောက်သင်ယူသော သင်တန်းသား တိုင်းအတွက် အရည်အချင်းစစ် စာမေးပွဲများလည်း ပြုလုပ်ပေးမည် ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါသင်တန်းကို တက်ရောက်၊ သင်ယူပြီးသော ကျောင်းသားများ အနေဖြင့် လက်တွေ့ လုပ်ငန်းခွင်တွင် Network Technician တစ်ယောက်အဖြစ် ရပ်တည်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

သင်တန်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက Youth Computer Center, Ph 01-254893 သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရှိရသည်။

# စတန်းဖို့ဒ် လေ့လာရေးစင်တာ တစ်ခု တရုတ်နိုင်ငံ၏ ပီကင်း တက္ကသိုလ်တွင် ဖွင့်လှစ်ခဲ့

By MLB



တရုတ်နိုင်ငံတွင်းရှိ နာမည်ကြီး တက္ကသိုလ်တစ်ခု ဖြစ်သော ပီကင်းတက္ကသိုလ်ကျောင်းဝန်းအတွင်း၌ စတန်းဖို့ လေ့လာရေးစင်တာတစ်ခုကို အမေရိကန်တို့က မတ်လ ၂၀ရက်နေ့တွင် ဆောက်လုပ်ပြီးစီးခဲ့ကြောင်း သိရှိရပါတယ်။ ပီကင်းတက္ကသိုလ်ရဲ့ ရှုခင်းအလှပဆုံးနေရာမှာ တည်ဆောက်ထားသော Weiming ရေကန်နံဘေးမှာ ထိုစတန်းဖို့ဒ် လေ့လာရေးစင်တာကို အမေရိကန်ဒေါ်လာ (၇) သန်းအကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း သိရပါတယ်။ အဆိုပါစင်တာ ဆောက်လုပ်ရခြင်း၏ ရည်ရွယ် ချက်မှာ တရုတ်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား ကျောင်းသားများ အသိအမြင် ဖလှယ်နိုင်ရန်၊ အဆင့်မြင့် ပညာ သင်ကြားမှုများကို အတူတကွ ဆောင်ရွက်နိုင်ရန်နှင့် နှစ်နိုင်ငံ တက္ကသိုလ်များကြား အပြန်အလှန် ဆက်သွယ်မှု မြင့်မားလာစေရန် ရည်ရွယ်၍ ဆောက်လုပ် ထားကြောင်း သိရပါတယ်။

*Ref: Asiavision.com*

# Plymouth Degree နှင့် Advanced Diploma Program များတွင် ပထမဆုံး လျှောက်ထားသူ (၃) ဦးအား ကျောင်းလျှောက်လွှာကြေး ကင်းလွတ်ခွင့်ပြုမည်

By MTT

University of Plymouth ၏ ၂၀၁၂ ခုနှစ် July Intake သို့မဟုတ် September Intake အတွက် ဝင်ခွင့်များကို စတင် လျှောက်ထားနိုင်ပြီး ပထမဆုံး လျှောက်ထားသော မြန်မာ ကျောင်းသားများထဲမှ (၃) ဦးကို ကျောင်းလျှောက်လွှာကြေး S$ 450 ကို ကင်းလွတ်ခွင့်ပေးမည်ဖြစ်ကြောင်း RV! CENTRE မှ သိရှိရသည်။

စင်ကာပူနိုင်ငံရှိ National Accounting Body of Singapore (ICPAS) ၏၊ ပညာရေးဆိုင်ရာအဖွဲ့ (education arm) တစ်ခု ဖြစ်သော SAA Global Education ကို ၁၉၈၅ ခုနစ်တွင် တည်ထောင်ခဲ့ပြီး စင်ကာပူ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြု Edu Trust လက်မှတ်အပြင် ACCA UK မှ ပေးအပ်သော အဆင့် သတ်မှတ်ချက်တွင် Platinum Status ကိုလည်း ရရှိထားသော ကျောင်းတစ်ကျောင်း ဖြစ်ကြောင်း သိရှိရသည်။ SAA Global Education တွင် Certificate for English Proficiency၊ CAT/ FIA၊ ACCA၊ Plymouth University Programmes နှင့် University of London International Programmes များကို ပို့ချပေးလျက် ရှိကြောင်း သိရှိရသည်။

၎င်းတို့ထဲမှ University of Plymouth သည် အင်္ဂလန်နိုင်ငံရှိ စတုတ္ထအကြီးဆုံး တက္ကသိုလ်ဖြစ်ပြီး ကမ္ဘာ့ထိပ်တန်း Research University (၅၀) ထဲတွင်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရှိရသည်။ University of Plymouth တွင် Bachelor of Arts (Hons) for Business Administration နှင့် Bachelor of Arts (Hons) for Accounting & Finance အစရှိသည့် prgrammes များကို သင်ယူနိုင်ကြမည်ဖြစ်သည်။ BA (Hons) Business Administration အတွက် ABE Advanced Diploma in Business နှင့် BA (Hons) Accounting & Finance အတွက် ACCA F1-F9 ပြီးဆုံးထားပါက University of Plymouth မှ ပေးအပ်ချီးမြှင့်သော Degree ကို တစ်နှစ်အတွင်း ရရှိနိုင်မည် ဖြစ်ကြောင်း သိရှိရသည်။

အခြေခံပညာ အထက်တန်း အောင်မြင်ထားသော ကျောင်းသား၊ ကျောင်းသူများအတွက် SAA-GE Advanced Diploma in Business Management သို့မဟုတ် Advanced Diploma in Accounting & Finance ကို စင်ကာပူနိုင်ငံတွင် တစ်နှစ်ခွဲခန့် သင်ယူပြီးနောက် UK ရှိ University of Plymouth တွင် တစ်နှစ် ထပ်မံ တက်ရောက်ပြီး BA (Hons) Degree ကို ရယူနိုင်မည် ဖြစ်သည်။ University of Plymouth ၏ ၂၀၁၂ ခုနှစ် July Intake သို့မဟုတ် September Intake အတွက် ဝင်ခွင့်များကို စတင် လျှောက်ထားနိုင်ပြီ ဖြစ်ကြောင်း သိရှိရသည်။ အသေးစိတ် သိရှိလိုပါက RV! CENTRE YANGON ဖုန်း ၀၁-၅၃၅ ၄၃၃၊ ၅၄၁ ၈၈၆၊ ၂၄၂ ၄၁၀၊ ၀၉ - ၈၅၀ ၃၀၇၃ သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။



# Engineering ဘာသာရပ်ကို စိတ်ဝင်စားသူများအတွက် ဆွေးနွေးပွဲ

By MTT



၂၀၁၂ ခုနှစ်၊ ဧပြီလ၊ (၃)ရက် (အင်္ဂါနေ့)၊ မနက် ၁၀း၀၀ နာရီမှ နေ့လည် ၁း၀၀ နာရီအထိ၊ ရွှေဘုံသာအလယ်လမ်းရှိ Myanmar Search International (MSI) Education Consultancy ရုံးခန်း တွင် Diploma in Construction Engineering ၏ ကျောင်းဝင်ခွင့်များ၊ ကျောင်းသားများ ကျောင်းတက်ရန်အတွက် လိုအပ်မည့် စာရွက်စာတမ်းများ၊ ပညာရေးပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ အလုပ်အကိုင် အခွင့်အလမ်းများနှင့် စပ်လျဉ်းပြီး NIM ၏ (Education Consultant) Ms.Tanny မှ တစ်ဦးချင်း အသေးစိတ် သိလိုသည်များကို ရှင်းလင်းပြောကြားသွားမည် ဖြစ်ကြောင်း သိရှိရသည်။

NIM (Nanyang Institute of Management) မှ Construction Engineering ဘာသာရပ်သည် Formwork & reinforcement construction, construction plants & equipment နှင့် သက်ဆိုင်သော သင်ရိုးညွှန်းတမ်း၊ သင်ထောက်ကူပစ္စည်း၊ နိုင်ငံအတွင်းသာမက နိုင်ငံတကာနှင့် ဆက်နွယ်သော အတွေ့အကြုံများ၊ ဆောက်လုပ်ရေး အဖွဲ့အစည်းများမှ အတွေ့အကြုံ၊ ကျွမ်းကျင်မှု အတတ်ပညာ၊ Leadership နှင့် Interpersonal skill များ၊ ပြီးပြည့်စုံသော နည်းပညာပိုင်းဆိုင်ရာကျွမ်းကျင်မှု၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာကိုင်တွယ် ဖြေရှင်းမှုများ၊ ရှုထောင့် ပေါင်းစုံမှ ပြီးပြည့်စုံစေရန် သင်ကြားပေးလျှက်ရှိကြောင်း သိရသည်။ ထို့ပြင် စာသင်နှစ်ကာလတွင်း လက်တွေ့လုပ်ငန်းခွင်အတွက် အသုံးဝင်သော Project များနှင့် Quality, Sustainability နှင့် Innovative Technologies များ ပါဝင်သင်ကြားပေးမည်ဖြစ်ကြောင်း သိရှိရသည်။

Diploma in Construction Engineering ကို NIM မှ ချီးမြှင့်မည်ဖြစ်ပြီး အဆိုပါ Diploma သည် စင်္ကာပူနိုင်ငံရှိ Singapore Institute of Engineering Technologists မှ Polytechnic Diploma in Singapore ၏ သင်ကြားရေး နည်းပညာနှင့် တူညီသည်ဟု အသိအမှတ်ပြုခံရကြောင်း သိရသည်။ Industrial Orientation Programme ကို (၁၆) ပတ်ကြာ သင်ကြားရမည်ပြီး NIM မှ ပေးအပ်သည့် Diploma in Construction Engineering ပြီးဆုံးသော ကျောင်းသားများသည် University of South Australia, Griffith University နှင့် La Trobe University များတွင် Engineering Bachelor Degree ကို ဆက်လက်တက်ရောက်သင်ကြားနိုင်ကြောင်း သိရှိရသည်။

အသေးစိတ်သိရှိလိုပါက အမှတ်(၂၃၄) ရွှေဘုံသာအလယ်လမ်း၊ ဒုတိယထပ် (ညာ)၊ ဖုန်း ၀၁-၂၅၀၉၂၉ ၊ ၀၁-၃၈၉၉၁၅၊ myanmarsearchinternational@gmail.com သို့ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ စင်္ကာပူနိုင်ငံတွင် Construction Engineering ဘာသာရပ်ကို သင်ကြားနေသော ပုဂ္ဂလိကကျောင်းများမှာ၊ အခြား အရှေ့တောင်အာရှမှ ပုဂ္ဂလိက ကျောင်းများနှင့် ယှဉ်လျှင် နည်းပါးလျက်ရှိသေးကြောင်း MSI ၏ Managing Director ဒေါ်စုစုလှိုင်ထံမှ သိရသည်။

# အင်္ဂလိပ်စာကို စာအုပ်လွတ် လက်တွေ့ကျကျ သင်ကြားပေးမည့် ဦးအောင်ဟိန်းကျော်

By MTT

အင်္ဂလိပ်စာကို စာအုပ်နှင့် သင်ကြားပေးခြင်းထက် စာအုပ်လွတ် လက်တွေ့ကျကျ သင်ကြားပေးခြင်းက ပိုပြီး ထိရောက်ကြောင်း သတ်မှတ်ကြသူတွေကတော့ အမှတ်(၁၆၇)၊ ၃ထပ်၊ ဆိပ်ကမ်းသာ ရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း (အလယ်)၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော "ဦးအောင်ဟိန်းကျော်" အင်္ဂလိပ်စာ သင်တန်းကျောင်း၌ မိမိနှစ်သက်ရာ အချိန်တွင် သွားရောက်သင်ကြားနိုင်ကြောင်း သိရှိရပါတယ်။ အဆိုပါ သင်တန်းကျောင်းမှာ စကားပြော (Speaking) သင်တန်း၊ အရေး အဖတ် (Writing and Reading) ဟူ၍ သင်တန်းပုံစံ နှစ်မျိုးခွဲပြီး ဖွင့်လှစ်ထားသည့်အတွက် မိမိ သင်ယူလိုသော ပညာရပ်ကို အသေးစိတ် လေ့လာနိုင်မှာ ဖြစ်ပါတယ်။ ထို့ပြင် ပြည်တွင်း ဝါရင့်ဆရာများ၊ ပြည်ပဆရာများနှင့် တစ်ဦးချင်း (One-by-One) လေ့လာ သင်ယူနိုင်သော အတန်းများနှင့် အတန်းဖော်များနှင့် လေ့လာ သင်ယူနိုင်သော တန်းခွဲများရှိကြောင်း သိရှိရပါတယ်။

သင်တန်းကာလ အနေဖြင့် (၃)လ တက်ရောက်ရမည် ဖြစ်ပြီး သင်တန်းသူများအား အင်္ဂလိပ်စာကို အခြေခံကစ၍ တတ်မြောက်သည် အထိ သင်ကြားပေးမည် ဖြစ်ကြောင်း သိရပါတယ်။ ထို့ပြင် နိုင်ငံခြား သွားမည့်သူများအတွက် Speaking တစ်လပြတ် အမြန် သင်တန်းများလည်း ရှိကြောင်း သိရပါတယ်။ သင်တန်းကြေးများကတော့ အတန်းဖော်များနှင့် အတူတကွ သင်ကြားနိုင်မည့် Speaking Course ကတော့ ကျပ်ငွေ ၃၅,၀၀၀၊ One by One သင်ကြားပေးမည့် Speaking Course ကတော့ ကျပ် ၄၅,၀၀၀၊ Writing and Reading သင်တန်းကိုတော့ သင်တန်းကြေး ကျပ် ၃၀,၀၀၀ ဖြင့် တက်ရောက်နိုင်ကြောင်း သိရပါတယ်။ သင်တန်းများအားလုံးကို မိမိကြိုက်နှစ်သက်သည့် အချိန် ရွေးချယ် တက်ရောက် သင်ကြားနိုင်မှာ ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း ၃၉၂-၄၆၈ နဲ့ ၀၉၅၁၇၁၈၄၁ ကို ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရပါတယ်။

# ဩစတြေးလျ ကျောင်းသားဗီဇာ STREAMLINED VISA စနစ်သစ်ကြောင့် မြန်မာကျောင်းသားများ ဗီဇာ ပိုမို လွယ်ကူလာနိုင်

By MTT

ဩစတြေးလျ ကျောင်းသား ဗီဇာ လျှောက်ထားရာတွင် ပိုမိုမြန်ဆန်ပြီး၊ ဗီဇာရရှိရန် အထောက်အကူပြု နိုင်သော STREAMLINED VISA စနစ်သစ်ကို ပြုလုပ်မည်ဖြစ်ကြောင်း သိရှိရသည်။ မတ်လ (၂၄) ရက်နေ့မှစ၍ ဗီဇာလျှောက်ထားသော ကျောင်းသားများ အကျုံးဝင်မည် ဖြစ်ကြောင်း ဩစတြေးလျ လူဝင်မှု ကြီးကြပ်ရေး၏ သတင်းထုတ်ပြန်ချက်ကို ကိုးကား၍ CROWN Education မှ တာဝန်ရှိသူ တစ်ဦးမှ ပြောကြားခဲ့ကြောင်း သိရှိရသည်။

အိုလံပစ်ဝန်ကြီးဟောင်း Mr. Khight မှ June 30, 2011 တွင် နိုင်ငံတကာကျောင်းသားများ ဗီဇာလျှောက်ထားခြင်းနှင့် ပတ်သက်၍ ဩစတြေးလျ ကျောင်းသားဗီဇာအား ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် အချက် (၄၁) ချက်ကို အစိုးရအား တင်ပြခဲ့ကြောင်း သိရသည်။ အဆိုပါတင်ပြချက်နှင့် စပ်လျဉ်း၍ နိုင်ငံသားနှင့် လူဝင်မှု ကြီးကြပ်ရေး ဝန်ကြီး Chris Bowen၊ အဆင့်မြင့်ပညာရေး၊ အလုပ်အကိုင်၊ ကျွမ်းကျင်မှုနှင့် အလုပ်အကိုင် နေရာချထားရေး ဝန်ကြီး၊ ဆီးနိတ်အမတ် Chris Evans တို့ မှ ၂၀၁၂ ခုနှစ် စက်တင်ဘာ (၂၂) တွင် ကြေငြာချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း သိရှိရသည်။ Mr. Knight Report အား ဗီဇာလျှောက်ထားခြင်းနှင့် ပတ်သက်၍ အဆင့်(၂) ဆင့်နှင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ညွှန်ကြားခဲ့ပြီး ပထမအဆင့်အနေဖြင့် ၂၀၁၁ နိုဝင်ဘာ (၅)ရက်မှ စတင် အကောင်အထည် ဖော်ခဲ့ကြောင်း သိရသည်။

ပထမအဆင့်တွင် PhD လေ့လာသင်ယူနေသော ကျောင်းသားများ၏ နေထိုင်ခွင့်ကို ထပ်မံ စဉ်းစားပေးခြင်း၊ Pre-Visa Assessment မူဝါဒအား ရပ်စဲခြင်းနှင့် Home stay အတွက် ပေးဆောင်ရမည့် ငွေကြေးပမာဏကို ကျောင်းသား ဗီဇာလျှောက်ထားရာတွင် ဘဏ္ဍာရေးဆိုင်ရာ လိုအပ်ချက်အဖြစ် ထည့်သွင်း စဉ်းစားပေးခြင်း စသည့်အချက် များပါဝင်သည်။ ဒုတိယအဆင့်အနေဖြင့် ပြုပြင် ပြောင်းလဲမှုများကို ၂၀၁၂ ခုနှစ်၊ မတ်လ၊ ၂၄၊ ၂၆ ရက်နေ့များတွင် စတင် အကောင်အထည်ဖေါ်ရန် ၂၀၁၂ ခုနှစ်၊ မတ်လ၊ ၂၂ ရက်က ထုတ်ပြန် ကြေငြာခဲ့ကြောင်း CROWN Education မှ သိရှိရသည်။




အဆိုပါ ထုတ်ပြန် ကြေငြာချက်တွင် နိုင်ငံတကာပညာရေးသည် ဩစတြေးလျနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတွက် အရေးပါသည့်အပြင်၊ နိုင်ငံတကာနှင့် ဆက်ဆံရေး အခန်း ကဏ္ဍများတွင်လည်း အရေးပါကြောင်း၊ ဩစတြေးလျနိုင်ငံအနေဖြင့် နိုင်ငံတကာ ကျောင်းသားများကို အကောင်းဆုံး အထောက်အပံ့ပေးသွားဖို့ ရည်ရွယ်ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

"မတ်လ (၂၄) ရက်နောက်ပိုင်း ဗီဇာ လျှောက်ထားတဲ့ ကျောင်းသားတွေဟာ အခု အသစ် ထုတ်ပြန်လိုက်တဲ့ Streamlined Visa အစီအစဉ်နဲ့ အကျုံးဝင်နိုင်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်က ASSESSMENT LEVEL (3) လို့ခေါ်တဲ့ လူဝင်မှုကြီးကြပ်ရေးနဲ့ ပတ်သက်ပြီး၊ စွန့်စားမှုမြင့်တဲ့ တိုင်းပြည်စာရင်းထဲမှာ ပါတဲ့အတွက် ဗီဇာလျှောက်ထားတဲ့အခါ ပိုပြီးတင်းကျပ်ပါတယ်။ အခုစနစ်သစ်အရ မြန်မာနိုင်ငံက ကျောင်းသားတွေဟာ ASSESSMENT LEVEL 3 မှာပါသော်လည်း၊ တက္ကသိုလ်တွေ ရွေးချယ်လျှောက်ထားရင်၊ LOWER MIGRATION RISK ထဲမှာ အကြုံးဝင်ပြီး၊ ဗီဇာရဖို့ အတွက် ပိုမိုချောမွေ့လာနိုင်ပါတယ်။

ဒီအတွက် ဩစတြေးလျမှာ ပညာသင်မယ့် ကျောင်းသူ ကျောင်းသားတွေဟာ၊ ဒီစနစ်မှာ ပါဝင်တဲ့ တက္ကသိုလ်၊ ပညာရေးလမ်းကြောင်းတွေကို စနစ်တကျ ရွေးချယ် လျှောက်ထားသင့်ကြောင်းနှင့် ဒီစနစ်ရဲ့အကြောင်း၊ ကျွမ်းကျင်သူများနှင့် စနစ်တကျ တိုင်ပင်ပြီးမှ ကျောင်း၊ ဗီဇာ လျှောက်ထားသင့်ကြောင်း" CROWN Education မှ ပညာရေး အတိုင်ပင်ခံ ဦးအောင်ကျော်ဆန်းမှ အကြံပြုပြောကြားခဲ့သည်။

အဆိုပါစနစ်အရ ကျောင်းဝင်ခွင့်လက်ခံမည့် တက္ကသိုလ်များအနေဖြင့် မိမိတို့ လက်ခံမည့် ကျောင်းသား၊ ကျောင်းသူများကို စနစ်တကျ ရွေးချယ် လက်ခံရန်တာဝန်ရှိလာပြီး၊ ကျောင်းသားမှ စာရွက်စာတမ်းအတုများ၊ မမှန်မကန် စာရွက်စာတမ်းများဖြင့် တင်ပြလျှောက်ထား၍ ဗီဇာ ငြင်းပယ်ခံရမည်ဆိုပါက၊ လျှောက်ထား ခံရသော တက္ကသိုလ်အား အဆင့်နှိမ့်ချမည်ဖြစ်ကြောင်းသိရသည်။ ဗီဇာလျှောက်ထားသော အခါ eCOE (Electronic Confirmation of Enrollment)တွင် Agency နာမည်ဖေါ်ပြပါရှိမည်ဖြစ်သဖြင့် စာရွက်စာတမ်းများ၊ မမှန်မကန် တင်ပြခဲ့ပါက အဆိုပါ Agency အပေါ်တွင်ပါ သက်ရောက်မှုရှိမည် ဖြစ်ကြောင်းသိရသည်။

အဆိုပါ အချက်အလက်များနှင့်ပတ်သက်၍ အသေးစိတ် အချက်အလက်များကို http://www.immi.gov.au/students/knight/တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

# အကောင်းဆုံး တက္ကသိုလ်များတွင် တက်ရောက်သင်ကြားနိုင်မည့် IB Diploma

By MTT

International Baccalaureate Diploma (IB Diploma) သည် ကမ္ဘာတဝှမ်းရှိ အထင်ကရ တက္ကသိုလ်ကြီးများသို့ တက်ရောက်ခွင့် ရစေသည့် အရည်အချင်းကို ပေးစွမ်းနိုင်သော ၂၁ ရာစု၏ လူကြိုက် အများဆုံး တက္ကသိုလ် အကြို ပရိုဂရမ်တစ်ခု ဖြစ်သည်။ IB Diploma သည် အထက်တန်း အောင်ပြီးသူများ အတွက် တက္ကသိုလ် တက်ချိန်တွင် ဘက်စုံ တိုးတက်အောင်မြင်မှုရရန် လေ့ကျင့် ပြင်ဆင်ပေးကြောင်း သိရသည်။ နိုင်ငံပေါင်း (၇၅) နိုင်ငံမှ နာမည်ကြီး တက္ကသိုလ်ပေါင်း (၂၀၀၀) ကျော်က အသိအမှတ်ပြု လက်ခံထားသော IB Diploma ကို ကမ္ဘာ့အကြီးဆုံး ပုဂ္ဂလိက ပညာရေး အဖွဲ့အစည်းကြီး EF ၏ ကျောင်းများတွင် ရွေးချယ် သင်ယူခြင်းဖြင့် နိုင်ငံတကာရှိ သင့်စိတ်ကြိုက် အကောင်းဆုံး တက္ကသိုလ်များတွင် တက်ရောက်ရန် ပြင်ဆင်နိုင်မည်ဖြစ်သည်။

ဤပရိုဂရမ်ကို အမြင့်မားဆုံး ရလဒ်ဖြင့် အောင်မြင်စေရန် ကမ္ဘာ အနှံ့တွင် ပါတနာ တက္ကသိုလ် ပေါင်း (၁၅၀) ချိတ်ဆက် သင်ကြားလျှက်ရှိပြီး ရာနှုန်းပြည့် အောင်မြင်မှု ရရှိထားသော ကမ္ဘာ့အကြီးဆုံး ပုဂ္ဂလိကပညာရေး အဖွဲ့အစည်းကြီးဖြစ်သည့် EF ၏ New York / Oxford /Torbay တို့ရှိ Campus များတွင် တက်ရောက် ပညာသင်ယူနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

New York Campus, Oxford Campus, Torbay Campus, Vancouver Campus များတွင် ပညာ တက်ရောက် သင်ကြားလိုပါက EF ၏ တရားဝင် ကိုယ်စားလှယ်ဖြစ်သော Future Way သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ IB Diploma ဝင်ခွင့် လိုအပ်ချက်များမှာ တက်ရောက်မည့် ကျောင်းသားသည် ၁၀ တန်း/GCE O'Level အောင်မြင်ရမည်ဖြစ်ပြီး IELTS 5.5/TOEFL 194 CBT/71 IBT/SLEP 57 သို့မဟုတ် Future Way တွင် EF International Academy test ကို အခမဲ့ ဖြေဆို အောင်မြင်ခြင်းအား ဖြင့်လည်း တက်ရောက်နိုင်ကြောင်းသိရှိရသည်။ တက်ရောက်ရမည့်ကာလသည် (၂) နှစ်ဖြစ်ပြီး New York / Oxford/Torbay/Vancouver မှ ကြိုက်နှစ်သက်ရာ Campus တွင် ရွေးချယ် တက်ရောက်နိုင်မည် ဖြစ်ကြောင်း သိရှိရသည်။


# Laptop Review

## ASUS ( G74SX-91132V )



ဂိမ်းသမားတွေ ကြိုက်နှစ်သက်စေမည့် LapTop တစ်လုံးဖြစ်ပါတယ်။ Processor ကို intrl Core i7 အသုံးပြုထားပြီး Memory အနေနှင့်တော့ 8GB DDR3 ပါဝင်တာကြောင့် စက်၏စွမ်းဆောင်ရည်ကို အကောင်းဆုံး ရရှိမှာဖြစ်ပါတယ်။ Graphic Card ကိုတော့ Gamer တွေ စိတ်ကြိုက်ဖြစ်စေမည့် NVIDIA GTX560 3GDS ပါဝင်သောကြောင့် ရုပ်ထွက်ကောင်းကောင်းဖြင့် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ၎င်း၏ HDD ဟာ Sata 1000 GB ပါဝင်၍ DATA တွေကို စိတ်ကြိုက်သိမ်းဆည်းနိုင်ပြီး 17.3" ကျယ်တဲ့ Display ပါဝင်သောကြောင့် Display ကောင်းကောင်းဖြင့် အသုံးပြုနိုင်မှာဖြစ်သည်။ အခြားပါဝင်တဲ့ Accessories တွေကတော့ Webcam, WiFi, GBLan, Gvlan, Bluetooth 3.0, HDMI, USB 3.0 တို့ ပါဝင်ပါတယ်။ Battery ကတော့ 8 Cell ပါဝင်ပါတယ်။ ဈေးနှုန်းကတော့ USD 2,229 ဖြစ်ပြီး Golden Power Technology ဖုန်း ၀၁-၂၂၆-၆၆၄ ဝယ်ယူနိုင်ပါသည်။

## ASUS ( VX7SX – S1115V )



Display ဟာ 15.6" အကျယ်ရှိပြီး Graphic Card ကိုတော့ NVIDIA GTX560 3GDS အသုံးပြုထားတာကြောင့် ရုပ်ထွက်ကောင်းကောင်း ဖြင့် အသုံးပြုနိုင်မှာပါ။ Processor ကို Intel Core i7 အသုံးပြုထားပြီး Memory အနေနှင့် 16GB DDR3 ပါဝင်တာကြောင့် အသုံးပြုရကောင်းမွန်စေမှာ ဖြစ်တယ်။ HDD က Sata 1000 GB ပါရှိတာကြောင့် စိတ်ကြိုက် DATA တွေ သိမ်းဆည်းနိုင်မှာဖြစ်သည်။ အခြားပါဝင်တဲ့ Accessories တွေကတော့ Webcam, WiFi, Bluetooth 3.0, HDMI, USB 2.0 တို့ ပါဝင်ပါတယ်။ Battery ကတော့ 8 Cell ပါဝင်ပါတယ်။ ဈေးနှုန်းကတော့ USD 2,169 ဖြစ်ပြီး Golden Power Technology ဖုန်း ၀၁-၂၂၆-၆၆၄ ဝယ်ယူနိုင်ပါသည်။

## HP ( DM- 43050us)



HP အသုံးပြုသူအများစု ကြိုက်နှစ်သက်ကြသော Laptop တစ်ခုဖြစ်သည်။ Processor ကို intel Core i5 အသုံးပြုထားပြီး Memory 4GB DDR3 ပါဝင်သောကြောင့် အသုံးပြုရ ပေါ့ပါးစေမှာဖြစ်ပါတယ်။ HDD ကို 500 GB အသုံးပြုထားသောကြောင့် Data သိမ်းဆည်းရာတွင်လည်း စိတ်ကြိုက်သိမ်းဆည်းနိုင်မှာပါ။ ၎င်း၏ Display က အကျယ် 14" ရှိတဲ့ Bright View LED Screen ပါရှိပြီး Graphic အနေနှင့် Intel HD Graphic ပါဝင်သောကြောင့် ရုပ်ထွက်များ ကောင်းမွန်ပါတယ်။ အခြားပါဝင်တဲ့ Accessories တွေကတော့ HP Webcam, WiFi, GBLan, Gvlan, Bluetooth, HDMI, USB2.0 တို့ ပါဝင်ပါတယ်။ Battery ကတော့ 6 Cell ပါဝင်ပါတယ်။ ဈေးနှုန်းက USD 800 ဖြစ်ပြီး ပြည်တွင်းရှိ ကွန်ပျူတာ အရောင်းဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

## Singtech ( W243HUQ )



ဈေးကွက်ထဲကို အသစ်ဝင်ရောက်လာသော ပစ္စည်းအသစ်ဖြစ်သည်။ Display အနေနှင့် 14" အကျယ်ရှိတဲ့ HD LED Screen ပါဝင်ပြီး Graphic ကတော့ On Board သာ ပါဝင်ပေမဲ့ ရုပ်ထွက်ကောင်းမွန်ပါတယ်။ Intel Core i3 processor ကို အသုံးပြုထားပြီး Memory 2GB DDR3 ပါဝင်တာကြောင့် စက်ကို အသုံးပြုရ ပေါ့ပါးစေမှာပါ။ 500 GB ရှိတဲ့ HDD ပါဝင်တာကြောင့် Data တွေကိုလည်း စိတ်ကြိုက်သိမ်းဆည်းနိုင်မှာပါ။ အခြားပါဝင်တဲ့ Accessories တွေကတော့ Crystal Eye Webcam, WiFi, GBLan, Gvlan, Bluetooth, HDMI, USB2.0 တို့ ပါဝင်ပါတယ်။ Battery ကတော့ 6 Cell ပါဝင်ပါတယ်။ ဈေးနှုန်းက USD 475 ဖြစ်ပြီး ပြည်တွင်းရှိကွန်ပျူတာ အရောင်းဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

## MSI GT780R



Intel Core i7-2630QM 2.0GHz ဖြစ်တာကြောင့် အသုံးပြုရ ကောင်းမွန်စေပါတယ်။ Memory 16GB DDR3 1333MHz အသုံးပြုထားတာကြောင့် Laptop ၏ စွမ်းဆောင်ရည် အထူးကိုကောင်းမွန်စေမှာဖြစ်ပါတယ်။ Graphic NAVIDIA GTX560 DDR5 1.5GB VRAM ပါဝင်လို့ နောက်ဆုံးထွက် ဂိမ်းတွေကို ကစားနိုင်မှာ ဖြစ်သလို Designer တွေ အကြိုက်လည်း ဖြစ်ပါတယ်။ Hard Disk SATA 1000GB 7200rpm ပါဝင်တာကြောင့် User တွေရဲ့Data တွေကို စိတ်ကြိုက် သိမ်းဆည်းနိုင်မှာ ဖြစ်ပါတယ်။ High speed data transfer အတွက် USB 3.0 ပါဝင်ပါတယ်။ Display ကိုတော့ 17.3" HD LED အသုံးပြုထားတာကြောင့် User တွေ ကြည့်ရှုမှုကို အစဉ်ပြေ စိတ်ချမ်းသာစေမှာ ဖြစ်ပါတယ်။ ဈေးနှုန်းကတော့ ကျပ် 1,548,000 ဖြစ်ပြီး ပြည်တွင်းရှိ ကွန်ပျူတာအရောင်းဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။


## Dell ( XPS 15z )



Display အနေနှင့် 15.6" HD wLED screen ပါရှိပြီး Graphic Card ကို NVIDIA Geforce GT- 525M 2GB ပါဝင်တာကြောင့် ကောင်းမွန်သည့် ရုပ်ထွက်ကို ရရှိမှာဖြစ်တယ်။ Intel Core i7-2640M Processor ကို အသုံးပြုထားပြီး Memory 8GB DDR3 ပါဝင်တာကြောင့် စက်၏ စွမ်းဆောင်ရည်ကောင်းကို ရရှိမှာဖြစ်ပါတယ်။ အခြားပါဝင်တဲ့ Accessories တွေကတော့ Webcam, WiFi, Bluetooth 3.0, HDMI, USB 2.0 တို့ ပါဝင်ပါတယ်။ Battery ကတော့ 8 Cell ပါဝင်ပါတယ်။ ဈေးနှုန်းကတော့ ကျပ် 1,079,000 ဖြစ်ပြီး ပြည်တွင်းရှိ ကွန်ပျူတာ အရောင်းဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

# Computer Accessories & Tablet

## Powerlogic ( GMX – 5) mouse



Gamer တွေအတွက် ထုတ်လုပ်ထားသော GMX5laser mouse ဟာ လက်ရှိဈေးကွက်ထဲတွင် ရောင်းအား ကောင်းနေသည်ဟု သိရှိရသည်။ ၎င်း၏ dpi ဟာ 800, 1700, 3400 ထိရှိပြီး USB Cord Lenth 1.5m အထိ ရှိပါတယ်။ အရောင်ကိုလည်း စိမ်း၊ နီ၊ ပြာ ဟူ၍ သုံးမျိုးရှိပြီး Function တစ်ခုနှင့်တစ်ခု ကူးပြောင်းနိုင်တဲ့ Buttons ခြောက်ခု ပါဝင်ပါတယ်။ dpi မြင့်သဖြင့် Gamer တွေ စိတ်ကြိုက် အသုံးပြုနိုင်မှာ ဖြစ်တယ်။ ဈေးနှုန်းကတော့ ကျပ် ၁၈,၀၀၀ ဖြစ်ပြီး ပြည်တွင်းရှိ ကွန်ပျူတာအရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါတယ်။

## Powerlogic (Xenon sabre) keyboard



Xenon sabre Keyboard ဟာအခြား Keyboard တွေနဲ့ Desgin ရှိပြီး မှောင်နေသောအချိန်တွင် Keyboard ကို မြင်တွေ့စေရန် LED light ဖြင့် Keypad များကို ဖန်တီးထားပြီး USB port လည်း ပါဝင်ပါတယ်။ Music နားထောင်သူများ အစဉ်ပြေစေရန် volume Control ပါဝင်ပြီး Display ပြုလုပ်ရန် အခြား Function လည်း ပါဝင်ပါတယ်။ ထိခိုက်မှု ကင်းမဲ့စေရန် Aluminum cover ဖြင့်ပြုလုပ်ထားပါတယ်။ ၎င်း၏ ဈေးနှုန်းကတော့ ကျပ် ၃၃,၀၀၀ ဖြစ်ပြီး ပြည်တွင်းရှိ ကွန်ပျူတာအရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါတယ်။

## Armageddon G-11 mouse



Alien design ဖြင့် ထူးခြားသော အရည်အသွေးရှိ Armaggeddon G – 11 Mouse ဟာ မကြာသေးမီက ဈေးကွက်ထည်းကို ဝင်ရောက်လာသော Mouse ဖြစ်သည်။ dpi 5040 ထိရှိပြီး setting တွေကိုလည်း လိုသလို ပြုလုပ်နိုင်ပါတယ်။ Gamer တွေအတွက် အထူးပြုလုပ်ထားပြီး LED Light 5 Colour ပါဝင်ပါတယ်။ Program တစ်ခုနှင့်တစ်ခုကို ပြောင်းရွှေ့နိုင်တဲ့ 10 Programmable buttons လဲ ပါဝင်ပါတယ်။ ထူးထူးခြားခြား Mouse ရဲ့ အလေးချိန်ကို လိုသလို ချိန်ညှိနိုင်တဲ့ Weight management လည်း ပါဝင်ပါတယ်။ ဈေးနှုန်းကတော့ ကျပ် 60,000 ဖြစ်ပြီး ပြည်တွင်းရှိ ကွန်ပျူတာအရောင်းဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

## View Pad (10e)



View Sonic မှ အသစ်ထုတ်လုပ်လိုက်သော Tablet ဖြစ်သည်။ View Pad (10e) ၏ အထူမှာ 9.1mm သာထူပြီး Aluminum ဖြင့် ဒီဇိုင်း ပြုလုပ်ထားပါတယ်။ OS ကိုတော့ Android 2.3 Gingerbread အသုံးပြုထားပြီး Android application တွေကို တိုက်ရိုက်ယူနိုင်တဲ့ App Store လည်း ပါဝင်ပါတယ်။ ၎င်း၏ Display ကတော့ 9.7 လက်မရှိပြီး Wide Angle ပါဝင်ပါတယ်။ Processor ကိုတော့ Cortex A8 1GHz ပါဝင်ပြီး Stroage အနေနှင့်တော့ 4GB Flash ပါဝင်ပါတယ်။ Wireless လည်း အသုံးပြုနိုင်ပြီး Bluetooth 3.0 လည်း အသုံးပြုနိုင်ပါတယ်။ 400 mAh Li Polymer Battery အသုံးပြုထာပြီး HD Movie တွေကို ၆နာရီကြာ ကြည့်နိုင်ပါတယ်။ USB 2.0 နှင့် HDMI Output လည်း ပါဝင်ပါတယ်။ ViewPad ၏ Sensor ကတော့ Gravity Sensor ဖြစ်ပါတယ်။ ဈေးနှုန်းကတော့ ကျပ် 290,000 ဖြစ်ပြီး Royal Ayeyarwaddy Co., Ltd. ဖုန်း ၀၁-၃၉၄-၄၉၄ တွင် ဝယ်ယူရရှိနိုင်ပါတယ်။



# CCleaner ၏ လျှို့ဝှက်ချက်များ

By YHT



PC အသုံးပြုသူများရဲ့ စက်ထဲမှာ အသုံးအများဆုံး Cleaning Software တစ်ခုကို ပြပါဆိုရင် CCleaner ကိုပဲ ပြရမှာပါ။ CCleaner ဟာ install ပြုလုပ်ရတာလဲ လွယ်ကူသလို ကိုယ့်စက်ထဲမှာ ရှိတဲ့ အမှိုက်များ၊ Web Browser များအတွင်းရှိတဲ့ History များ၊ Cookies များအပြင် အသုံးမဝင်တော့တဲ့ Registry file ကိုပါ မြန်မြန်ဆန်ဆန် ရှင်းလင်း ပေးနိုင်ပါတယ်။ ထို့ပြင် CCleaner ကို အဓိက လူသုံးများရတဲ့အချက်ကတော့ ၄င်းကို အွန်လိုင်းမှတဆင့် အခမဲ့ Download ယူလို့ ရလို့ပါ၊ ထို့နောက် အခြား နာမည်ကြီး Tweaking Software တစ်ခုဖြစ်တဲ့ Tunes Up ထက် သာလွန်တဲ့အချက်က CCleaner ကို အသုံးပြုရတာဟာ ရိုးရှင်းပြီး ပေါ့ပေါ့ပါးပါး သုံးစွဲနိုင်တာကြောင့်ဖြစ်ပါတယ်။

တစ်ကယ်တော့ ဒီလို နာမည်ကျော် CCleaner ရဲ့ အသုံးပြုပုံကို PC အသုံးပြုသူတိုင်းနီးပါး သိပြီး ဖြစ်ပါတယ်။ သို့သော်လည်း ယခု ဖော်ပြပေးသွားမှာကတော့ CCleaner ရဲ့ လျှို့ဝှက်ချက်တွေဖြစ်ပြီး ၄င်းတို့ကို အကျိုးရှိရှိ အသုံးချမယ်ဆိုရင်တော့ မိမိတို့ PC အတွက် ပေါ့ပါးမှုနဲ့မြန်ဆန်မှုကို ရှာဖွေတွေ့ရှိသွားနိုင်မှာပါ။ ဒီလိုဆို လေ့လာကြည့်ရအောင်။

## CCleaner ကို Start-up မှာ(သို့) Shutdown မှာ Run မယ်



အကယ်၍ သင့်ရဲ့ ကွန်ပျူတာဖွင့်လိုက်တာနဲ့ စက်ထဲမှာ ရှိတဲ့ အမှိုက်သရိုက်တွေ ရှင်းလင်းပြီးသား ပုံစံကို မြင်တွေ့ချင်တယ်ဆိုရင်တော့ CCleaner ရဲ့Option ထဲမှ Setting ထဲတွင် "Run CCleaner When Computer Starts" ဆိုတာကို ရွေးပေးလိုက်ရုံပါ။

ထို့နောက် ပြုလုပ်လို့ရသေးတာကတော့ သင် ကွန်ပျူတာ ပိတ်တဲ့အချိန်မှာ CCleaner ကို ကွန်ပျူတာအတွင်းမှာ ရှိတဲ့ မလိုချင်တဲ့ file တွေကို ရှင်းခိုင်းဖို့ပါပဲ။ ဒီလိုလုပ်မယ်ဆိုရင်တော့ Desktop ကို Right Click လုပ်ပြီး New Short Cut လုပ်ပါ၊ ပြီးလျှင်တော့ Browse ထဲတွင် "C:\Program Files\CCleaner" ကိုရွေးပါ၊ ထို့နောက် CCleaner.exe ကို ရွေးချယ်ပေးပြီး File နာမည်ကိုတော့ မိမိကြိုက်နှစ်သက်တာကို ပေးလိုက်ပါ။


ပြီးနောက် Desktop ပေါ်ရှိ အဆိုပါ Short Cut ကို Right Click လုပ်ကာ Properties ကို နှိပ်ပါ၊ ထို့နောက် "Change Target" ကို နှိပ်၍ CCleaner ကို ရွေးပေးပါ၊ ပြီးလျှင်တော့ Target နေရာတွင် C:\Program Files\CCleaner\CCleaner.exe\"AUTO/SHUTDOWN. ဟု ပေါ်နေပါလိမ့်မယ်။ ဒါဆိုရင်တော့ အဆိုပါ Short Cut ကို နှိပ်လိုက်ပါက ကွန်ပျူတာ Shutdown မလုပ်ခင် CCleaner မှ သင့်ရဲ့PC ကို အလိုအလျှောက် ဝင်ရောက် သန့်ရှင်းရေး ပြုလုပ်ပေးပါလိမ့်မယ်။

## စီစဉ်ထားသော Start-Up Tasks များ (Sheduled Start-Up) ကို ဖယ်ရှားခြင်း

CCleaner ရဲ့နောက်ဆုံးထွက်ရှိထားတဲ့ Version ဖြစ်တဲ့ (V3.16) ဟာ Windows ရဲ့Schedule start-up program (Google Update လိုပုံစံမျိုး)တွေကို ထိန်းချုပ်နိုင်တဲ့ Feature ပါဝင်လာပြီ ဖြစ်ပါတယ်။ ကွန်ပျူတာအတွင်းရှိ Schedule start-up program တွေဟာ ကွန်ပျူတာ အတက်ကို နှေးစေနိုင်ပြီး၊ လေးလံစေတဲ့အတွက် မလိုအပ်လျှင်တော့ Disable ပြုလုပ်ထားနိုင်ပါတယ်။ ထိုကဲ့သို့ ပြုလုပ်မယ်ဆိုရင်တော့ CCleaner ထဲရှိ Tools မှ start-up ကို ရွေးချယ်ပြီး scheduled start-up ကို နှိပ်လိုက်ပါ။ ဒါဆိုရင်တော့ သင့်ကွန်ပျူတာအတွင်းရှိတဲ့ Program တွေ update ပြုလုပ်ခိုင်းတဲ့ ပုံစံမျိုး start-up တွေကို လွယ်လွယ်ကူကူ disable/enable ပြုလုပ်လို့ရနိုင်ပြီပေါ့။

## Cookies အချို့ကို ထိန်းသိမ်းထားခြင်း

CCleaner ဟာ စက်အတွင်းမှာရှိတဲ့ Cookies တွေကို တစ်ခါတည်းနဲ့ အပျောက်ရှင်းနိုင်တယ်ဆိုပေမယ့် သင့် အနေနဲ့ အချို့Website



တွေအတွက် Cookies အချို့ကို ချန်ထားကောင်း ချန်ထားခဲ့ချင်မှာပါ။ ထိုကဲ့သို့ Cookies အချို့ကို ထားခဲ့ချင်တယ်ဆိုရင်တော့ Option ကို နှိပ်ပြီး Cookies ကို နှိပ်လိုက်ပါ။ ထို့နောက် ဖျက်ရန်ရှိသော Cookies List ထဲမှ ကိုယ်လိုချင်သော Cookies များကို ဖယ်ထုတ်ပြီး CCleaner မှတော့ ဘယ် Browser ဟာ Cookies တစ်ခုကို ဘယ် Website အတွက် သိမ်းဆည်းပေးထားတယ်ဆိုတာကို အတိအကျ ဖော်ပြပေးနေပါလိမ့်မယ်။

## System Restore Point များကို ဖယ်ရှားခြင်း

အကယ်၍ သင့်ရဲ့ကွန်ပျူတာဟာ ကောင်းကောင်း run နေတယ်ဆိုရင်တော့ restore point တွေ များများစားစား ထားစရာလိုမှာ မဟုတ်ပါဘူး။ ဒီလိုမျိုး windows မှ ဖန်တီးထားတဲ့ restore point များဟာ စက်ရဲ့disk space ကို အများအပြား နေရာယူလေ့ရှိပြီး ၄င်းတို့ကို ဖယ်ရှားချင်ရင်တော့ tools ကို ရွေးချယ်ပြီး System Restore ကို ရွေးချယ်လိုက်ပါ။ ထိုနေရာတွင်တော့ သင့်အနေနဲ့ စက်ထဲတွင် ရှိသမျှ restore point များအားလုံးကို မြင်တွေ့သွားနိုင်ပြီး ၄င်းတို့ကိုလည်း အလွယ်တကူ remove ပြုလုပ်သွားနိုင်မှာ ဖြစ်ပါတယ်။

## CCleaner ကို ပိုကောင်းမွန်အောင်ပြုလုပ်မယ်

မိမိစက်အတွင်း install ပြုလုပ်ထားတဲ့ CCleaner ကို ပိုပြီး စွမ်းအားမြင့်တဲ့ Cleaner တစ်ခု ဖြစ်ချင်ရင်တော့ CCEnhance (bit.ly/cc288) ကို install ပြုလုပ် နိုင်ပါတယ်။ CCEnhance ဟာ နဂို ရှိနှင့်ပြီးသား CCleaner ထဲသို့ Feature တစ်ခုအနေဖြင့် ဝင်ရောက်သွားမည်ဖြစ်ပြီး ၄င်းမှ နေ၍ program များမှ file များကို ရွေးဖျက်သွား နိုင်ပါတယ်။ တစ်ခု သတိထားရမှာကတော့ CCEnhance ဟာ CCleaner ရဲ့ကုမ္ပဏီဖြစ်တဲ့ Piriform မှ ထုတ်လုပ်ထားခြင်း မဟုတ်ပါဘူး။ သို့သော်လည်း CCEnhance ကို စိတ်ချစွာ အသုံးပြုနိုင်ပြီး ၄င်းကို uninstall ပြုလုပ်ချင်ရင်တော့ add-on Function Menu ထဲမှ Custom




Rule ထဲတွင် သွားရောက် ပြုလုပ်နိုင်ပါတယ်။

## Hard Disk တစ်ခုလုံးကို ဖျက်မယ်

သင့်အနေနဲ့ကိုယ့်ရဲ့ကွန်ပျူတာကို ရောင်းတော့မယ် (သို့) တစ်ခြားသူကို ပေးတော့မယ်လို့ စီစဉ်ပြီးရင်တော့ Hard Disk ထဲမှာရှိတဲ့ Data တွေကို အပျောက်ရှင်းဖို့ လိုလာပါလိမ့်မယ်။ ထိုသို့ဆိုလျှင်တော့ Tools ထဲမှ Disk Wiper ကိုရွေးချယ်ပြီး ဖျက်လိုတဲ့ Hard Disk ကို ရွေးချယ်နိုင်ပါတယ်။ Delete ပြုလုပ်ထားသော file များမှ အကြွင်းအကျန် data တွေကိုလည်း Hard Disk space ပိုရရန် Disk Wiper အသုံးပြုပြီး ဖြေရှင်းနိုင်ပါသေးတယ်။

## သွင်းထားတဲ့ Program စာရင်းကို Print ထုတ်မယ်



ဒီ Feature ကတော့ CCleaner ထဲရှိ လျှို့ဝှက်ပြီး လူသိနည်းတဲ့ feature တစ်မျိုးပဲဖြစ်ပါတယ်။ ကိုယ့်စက်အတွင်းမှာ install ပြုလုပ်ထားတဲ့ program များအားလုံးရဲ့စာရင်းကို Print ထုတ်ဖို့အတွက် ဆိုရင်တော့ Tools ထဲမှ Uninstall ကို နှိပ်လိုက်ပါ။ ဒါဆိုရင်တော့ Program list ကျလာမှာဖြစ်ပြီး ထိုထဲမှ ညာဘက်အောက်ခြေနားရှိ "Save to Text" ကို နှိပ်ရမှာ ဖြစ်ပါတယ်။ ဒါဆိုရင်တော့ Program တွေ အားလုံးရဲ့List ကို Text file အဖြစ်နဲ့Save ပြုလုပ်ပေးသွားမှာဖြစ်ပြီး အဆိုပါ file မှ နေပြီး လွယ်လွယ်ကူကူ Print ထုတ်လို့ ရသွားပြီပေါ့။

## Registry back-up တွေကို Restore ပြန်လုပ်မယ်




CCleaner ဟာ ကိုယ့်စက်ထဲရှိ Registry တွေကို မဖျက်ခင်မှာ back-up ပြုလုပ်မလားလို့ မေးလေ့ရှိပါတယ်။ အဆိုပါ back-up file တွေကို restore ပြန်လုပ်ချင်တယ် ဆိုရင်တော့ ကိုယ် back-up လုပ်ထားတဲ့ file ကို right-click လုပ်ကာ Merge ရွေးပေးလိုက်ပါ။ အကယ်၍ Yes/No မေးပါက Yes ဖြေပေးလိုက်ခြင်းဖြင့် သင့်ရဲ့ ဖျက်မိလိုက်တဲ့ Registry File ကို ပြန်လည် အသုံးပြုလို့ ရသွားနိုင်မှာ ဖြစ်ပါတယ်။

## Portable CCleaner နဲ့ခြေရာဖျောက်မယ်

သင့်အနေနဲ့ကိုယ့်ရဲ့USB Stick ထဲမှာ CCleaner ကို ထားချင်တယ်ဆိုရင်တော့ CCleaner Portable (bit.ly/portable 288) ကို ဆောင်ထားရပါမယ်။ Portable version ကို ဆောင်ထားခြင်းဟာ သင် Service သွားတဲ့ အခါမျိုးမှာပဲ ဖြစ်စေ၊ အခြားစက် အပြောင်းအလဲမှ ကွန်ပျူတာကို မြန်မြန်ဆန်ဆန် အသုံးပြုချင်တာပဲ ဖြစ်စေ အသုံးဝင်မှာ ဖြစ်ပြီး ပိုပြီး သင့်တော်တာကတော့ အင်တာနက်ဆိုင်အတွင်းရှိ မိမိရဲ့Browser History များကို CCleaner Portable အသုံးပြုခြင်းဖြင့် ခြေရာဖျောက်ထားနိုင်ပြီ ဖြစ်ပါတယ်။

## Browser ကို မြန်မြန်ဆန်ဆန်နဲ့လုံလုံခြုံခြုံ အသုံးပြုမယ်



Default အနေနဲ့ကတော့ CCleaner က Firefox နဲ့Chrome မှာ ရှိတဲ့ History များနဲ့Cookies တွေကို ဖျက်ပေးပါတယ်။ သို့သော်လည်း data များကို ဖျက်လိုက်ခြင်းဖြင့် ကျန်ရှိခဲ့တဲ့ fragmented space တွေကြောင့် Browser ဟာ ထင်သလောက် မြန်ဆန်လာမှာ မဟုတ်ပါဘူး။ ဒီလိုဆိုရင်တော့ Cleaner မှ Application tab ထဲရှိ Firefox (သို့) Chrome ရဲ့Compact Databases ကို ရွေးပေးလိုက်ပါ။ ယခုလို လုပ်ပေးလိုက်တယ်ဆိုရင်တော့ CCleaner က Browser များ ပိုမိုမြန်ဆောင်စေရန်နှင့် memory အသုံးပြုမှု နည်းပါးစေရန်အတွက် Defragment ပြုလုပ်ပေးမှာ ဖြစ်ပါတယ်။

ယခုအချိန်မှာ Flash Cookies တွေလို့ ခေါ်နေကြတဲ့ Local Share Objects (LSO) များကို website များနဲ့ ကြော်ငြာလုပ်ငန်းရှင်များဟာ ဝင်ရောက်ကြည့်ရှုသူများရဲ့online activites များကို သိရှိနိုင်ဖို့ အများအပြား အသုံးပြုလာနေကြပါတယ်။ အကြောင်းအရင်းကတော့ LSO များဟာ သာမန် Browser တစ်ခုရဲ့Cookies များထက် ကွဲပြားခြားနားပါတယ်။ ၄င်းတို့ဟာ ပုံမှန် ဖျက်ရိုးဖျက်စဉ်နဲ့ ဖျက်လို့ မရနိုင်ပေမယ့် CCleaner ကတော့ အပျောက်ရှင်းမှာ ဖြစ်ပါတယ်။ ထိုကဲ့သို့ ဖျက်ရန်အတွက်ကိုတော့ Application tab မှ Multimedia ရှိ Adobe Flash Player ကို Right-click နှိပ်ကာ Clean ကို ရွေးပေးလိုက်ပါ။

## CCleaner ကို Taskbar ထဲမှာ ပေါင်းထည့်မယ်

Windows 7 အသုံးပြုနေသူတစ်ဦးဆိုရင်တော့ သင့်အနေနဲ့CCleaner ကို jump list ထဲသို့ ပေါင်းထည့်သွားခြင်းဖြင့် ၄င်းရဲ့Option များနဲ့Tools များကို မြန်မြန်ဆန်ဆန် အသုံးပြုသွားနိုင်မှာ ဖြစ်ပါတယ်။ ထိုကဲ့သို့ ပြုလုပ်ဖို့ဆိုရင်တော့ Option, Advanced ထဲရှိ Windows Jump Lists ကို ရွေးပေးလိုက်ပါ။ ထို့နောက် Desktop ပေါ်ရှိ CCleaner icon ကို Right-click လုပ်ပြီး "pin this program to taskbar" ကို ရွေးပါ။ ဒါဆိုရင်တော့ သင့်အနေနဲ့CCleaner ကို ဖွင့်စရာမလိုပဲ မြန်မြန်ဆန်ဆန်ပဲ ကိုယ့်ရဲ့ Hard disk နဲ့ Registry တွေကို ရှင်းလင်းသွားနိုင်ပြီ ဖြစ်ပါတယ်။

# Laptop နှင့် ကွန်ပျူတာ Accessories များ၏ ဈေးနှုန်းများ

## LAPTOP



| Acer/msi/ASUS | Kyat |
|---|---|
| Acer Aspire S3/Intel Core i5 2467M | 735,000 |
| Acer Aspire One D270 Intel AtomTM Processor Dual Core N2800 | 262,000 |
| Acer Aspire 4349 Intel Celeron Dual Core B815 | 342,700 |
| Acer Aspire 4250 AMD Zacate Dual Core E450 | 350,000 |
| Acer Aspire 4752ZG Intel Pentium Dual Core B960 | 437,000 |
| ASUS G74SX-91132V/IntelCorei7-2630QM-2.0GHz | 1,818,800 |
| ASUS N43SM-VX018D/IntelCorei7-2670QM-2.2GHz | 790,700 |
| ASUS X44HR-VX040D/Intel B960 2.2GHz, 4GD3/1333 | 456,100 |
| ASUS X44H-VX146D/Intel B960 2.2GHz, 4GD3/1333 | 423,500 |
| ASUS X44HR-VH066D/IntelCorei3-2350M,2.3GHz, 4GD3/1333 | 521,400 |
| msi - U135DX/Intel Atom N570(1.66GHz) 2 Core 4 threads | 262,000 |
| msi - CX 480-i5/Intel Sandy Bridge Core i5 | 541,000 |
| msi - CX 480-i3/Intel Sandy Bridge Core i3 | 491,000 |
| msi - CR460-B950/Intel Sandy Bridge Bridge (B950) 2.10GHz | 376,000 |
| msi - CR430-AMD/E-Series APU Processors | 352,000 |
| Acer: 01-221-683, 01-217-233, msi: 01-227-781, ASUS: 01-226-664 | |

## PRINTER & SCANNER




| Epson/Canon/HP/Samsung | Kyat |
|---|---|
| Epson - LQ300+II Printer with Cable | 164,000 |
| Epson - Stylus T13 Printer Cable (USB) Without Ink Cartridge | 52,000 |
| Epson - Stylus Photo R230X Printer w/Cable (USB) | 136,000 |
| Canon - iP 2770 Printer with Cable (USB) | 44,000 |
| Canon - LBP 6000 Printer with Cable (USB) | 75,000 |
| Canon - LBP 2900B Printer with Cable (USB) | 123,000 |
| Canon - Flatbed Scanner Canon Lide 110 | 50,000 |
| HP - Laserjet P2055DN Printer with Cable(USB) | 360,000 |
| HP - Laserjet 1025 NW Color Printer with Cable (USB)Wire-less | 260,000 |
| HP - Laserjet 1536DNF AIO Printer with Cable (USB) 4 in 1 | 395,000 |
| HP - Laserjet M1212NF AIO Printer with Cable (USB) 4 in 1 | 255,000 |
| HP - Officejet K7000 Printer with Cable (USB) A3 Size | 275,000 |
| HP - Laserjet P1102 Printer with Cable (USB) | 82,000 |
| Samsung - Laserjet Color CLP-325 Printer With Cable (USB) | 225,000 |
| Samsung - Laserjet Color CLP-325W Printer With Cable (USB) Wireless | 260,000 |
| Samsung - Laserjet Color CLX-3185 Multifunction Printer With Cable (USB) | 285,000 |
| Samsung - Laserjet SCX-4623F Printer With Cable(USB) 4 in 1 | 170,000 |
| Epson: 01-523-532, HP: 01-376-645, Canon: 01-202-092, DCD: 01-291-830 | |

## TONER/CARTRIDGE



| HP/Canon | Kyat |
|---|---|
| HP 1200 (C7115A) Toner | 53,000 |
| HP 1005 (CB 435A) Toner | 53,000 |
| HP 1010 / 3015 Toner (Q2612A) Toner | 55,000 |
| HP 2015 Toner (Q7553A) Toner | 60,000 |
| Canon 2900 (EP 303) Toner | 47,500 |
| Canon 1120 (EP22) Toner | 47,500 |
| Canon 3050 (312) Toner | 47,500 |
| Canon 6000 (325) Toner | 47,500 |
| Canon 305C Cartidge (Original) | 45,000 |
| HP 85A Cartidge (Original) | 45,000 |
| HP 61 Cartidge (Black) | 12,500 |
| HP 61 Cartidge (Tri color) | 15,500 |
| HP 60 Cartidge (Black) | 135,00 |
| HP: 01-376-645, Canon: 01-202-092 | |

## USB STICK



| HP/SONY | Kyat |
|---|---|
| HP - (4GB) v228g | 6,500 |
| HP - (8GB) v228g | 10,500 |
| HP - (16GB) v228g | 17,000 |
| HP - (4GB) v135w | 6,000 |
| HP - (8GB) v135w | 8,500 |
| HP - (16GB) v135w | 14,500 |
| HP - (4GB) v245L | 6,500 |
| HP - (8GB) v245L | 9,500 |
| SONY - (4GB) GM | 8,000 |
| SONY - (8GB) GM | 13,000 |
| SONY - (16GB) GM | 23,500 |
| SONY - (8GB) GLX | 16,000 |
| SONY - (16GB) GLX | 29,000 |
| SONY - (8GB) GQ / USB 3.0 | 21,500 |
| SONY - (16GB) GQ / USB 3.0 | 36,000 |
| HP/SONY:01-398-343 | |

## MULTIMEDIA




| Microlab | Kyat |
|---|---|
| Microlab-B18 Samll Speakers | 7,500 |
| Microlab M-100 Speakers with woofer | 22,000 |
| Microlab M-111 / 223 Speakers with woofer | 25,000 |
| Microlab FC-361 Speakers with woofer | 59,000 |
| Microlab M-600 Speakers with woofer | 37,000 |
| Microlab M-700 Speakers with woofer | 39,000 |
| Microlab: 01-291-830, 01- 297-332 | |

## LAPTOP BAG



| Dicota | Kyat |
|---|---|
| BacPac Broker | 44,000 |
| BacPac Business (Beige) | 50,000 |
| College Motion (Black/Beige) | 30,000 |
| College Motion (Black/Grey) | 30,000 |
| Dee Messenger 11.6"/14.1" (Black)) | 47,000 |
| Dee Slim Case 13"/14.1" (Black) | 24,000 |
| Lady Spirit | 37,000 |
| LadyStyle (Black) | 38,000 |
| LadyStyle (Brown) | 38,000 |
| LadyStyle (Grey) | 38,000 |
| Mobile Commuter | 93,000 |
| Pep.UP Junior(Black) | 30,000 |
| Pep.UP Junior(Grey) | 32000 |
| Pep.UP Junior(Brown) | 32,000 |
| SmartSkin 10.1"/12.1" | 19,000 |
| SmartSkin 13"/14.1" | 20,000 |
| TakeOff Sport (Brown) BP | 52,000 |
| TakeControl13.3"(Black) apple | 92,000 |
| Take off (Black) | 40,000 |
| Take off (Brown) | 40,000 |
| Cosmos Power Bllster | 10,000 |
| Brilliant Cleaning Gell II | 4,500 |
| Cam pocket look (Grey) | 12,000 |
| Guard II NB Key lock | 12,000 |
| Combination Lock | 3,500 |
| Dicota: 01-381-124, 01-381-035 | |

## EXTERNAL DVD



| Liteon | USD |
|---|---|
| Liteon-8X External Label Tag USB (My Discsuit) | 68 |
| Liteon-24X Internal Label Tag SATA | 28 |
| Liteon-8X External DVD-RW USB (Topload) | 53 |
| Liteon-24X Internal DVD-RW SATA | 27 |
| Liteon-8X External DVD-RW USB (Traytype) | 63 |
| Lite-On: 01-399-192 | |

## EXTERNAL HDD




| Segate/ Western Digital/ TOSHIBA | Kyat |
|---|---|
| Segate - 500 GB Expansion USB | 71,500 |
| Segate -1000 GB Expansion USB | 112,000 |
| Western Digital - 500 GB Elements USB | 71,000 |
| Western Digital - 1000 GB Elements USB | 110,000 |
| TOSHIBA - 500 GB Portable USB 3.0 | 81,000 |
| TOSHIBA - 1000 GB Portable USB 2.0 | 117,000 |
| TOSHIBA - 1000 GB Portable USB 3.0 | 119,000 |
| Segate/ WD/ TOSHIBA: 01-398-343 | |

## CAMERA



| HP Digital Camera | Kyat |
|---|---|
| HP - SW350 12.5 MP, 2.7", 3x Optical Zoom | 73,000 |
| HP - SW450 14.2 MP, 2.7", 4x Optical Zoom | 81,000 |
| HP - PW550 14.2 MP, 2.7", 5x Optical Zoom | 83,000 |
| HP - S300 14.2 MP, 2.7", 4x Optical Zoom | 92,000 |
| HP - S200 14 MP, 2.7", 3x Optical Zoom | 72,000 |
| HP Digital Camcorder | |
| HP - T200 32MB, 3" Touch Screen, 16x DZ | 141,000 |
| HP - T500 128MB, 3" Touch Screen, 23x DZ | 205,000 |
| HP - V5040u 128MB, 2.5" Touch Screen, 4x DZ | 133,000 |
| HP - V5060h 32MB, 3" Touch Screen, 3x DZ | 141,000 |
| HP - V5060u 32MB, 3" Touch Screen, 4x DZ | 141,000 |
| HP - V5560u 32MB, 3" Touch Screen, 20x DZ | 157,000 |
| Skyla Photo Frame | 125,000 |
| Li-ion Battery | 25,000 |
| Sunny Charger | 25,000 |
| HP: 01-430-013 | |

## NETWORK ACCESSORIES



| Prolink/Trendnet | Kyat |
|---|---|
| Prolink - 5 Ports Switch 10/100B | 11,500 |
| Prolink - 8 Ports Switch 10/100B | 14,000 |
| Prolink - 16 Ports Switch 10/100B | 26,000 |
| Prolink - Gigabit 8 port switch 10/100/1000 BT | 39,000 |
| Prolink - Gigabit Lan card 10/100/1000 BT | 9,500 |
| Prolink - Gigabit 8 port switch 10/100/1000 BT | 39,000 |
| Prolink - Gigabit 16 port switch 10/100/1000 BT | 85,000 |
| Prolink - Gigabit 24 port switch 10/100/1000 BT | 115,000 |
| | USD |
| Trendnet - TBW-106UB/Micro-Bluetooth USB Adapter | 20 |
| Trendnet - TEW-421PC/54Mbps 11g Wireless PC Card | 20 |
| Trendnet - TEW-423PI/54Mbps 11g Wireless PCI Adapter | 20 |
| Trendnet - TEW-424UB/54Mbps 11g Wireless USB Adapter | 20 |
| Trendnet - TEW-430APB/54Mbps 11g Wireless Access Point with Bridge | 48 |
| Trendnet - TEW-432BRP/54Mbps 11g Wireless SPI Firewall Router with 4-port Switch | 44 |
| Trendnet - TEW-434APB/54Mbps Wireless G PoE Access Point | 61 |
| Trendnet - TEW-648UB/150Mbps Mini Wireless N USB Adapter | 19 |
| Trendnet - TEW-648UBM/150Mbps Micro Wireless N USB Adapter | 20 |
| Trendnet - TEW-646UBH/High Power 150Mbps wireless N USB Adapter | 27 |
| Trendnet - TEW-650AP/ 150Mbps Wireless N Access Point | 49 |
| Trendnet-150Mbps Wireless N Home Router | 44 |
| Trendnet - TEW-643PI/N speed Wireless PCI Adapter | 32 |
| Trendnet - TEW-644UB/Nspeed Wireless N USB Adapter | 24 |
| Trendnet - TEW-649UB/Mini Wireless N Speed USB Adapter | 24 |
| Trendnet - TEW-623PI/N Draft Wireless PCI Card | 40 |
| Trendnet - TEW-624UB/N Draft Wireless USB Adapter | 31 |
| Trendnet - TEW-637AP/ 300Mbps Wireless Easy-N-Upgrader | 54 |
| Trendnet: 01-250-021, Prolink: 01-291-830 | |



# ကွန်ပျူတာတစ်လုံး ဆင်ဖို့အတွက် ဈေးနှုန်းများ

## DO-IT-YOURSELF PC

လူကြီးမင်းများ ကုမ္ပဏီမှ ဖြန့်ချိသော ကုန်ပစ္စည်းဈေးနှုန်းများကို ပေးပို့လိုပါက newsroom@myanmarict.com သို့ အောက်ဖော်ပြပါ ဇယားအတိုင်း Spreadsheet (Excel) Format ဖြင့် ပေးပို့နိုင်ပါသည်။

## CPU



| Intel | Kyat |
|---|---|
| Intel Dual Core 3.0GHz {2MB/775} E-5700 | 60,000 |
| Intel Core i3 3.3GHz {3MB/1155} 2120 | 97,000 |
| Intel Core i5 3.0GHz {6MB/1155} 2320 | 153,000 |
| Intel Core i7 3.4GHz {8MB/1155} 2600 | 240,000 |
| Intel Dual Core 3.2 GHz {2MB/775} E-5800 | 62,000 |
| Intel Dual Core Celeron 1.8GHz | 38,000 |
| Intel Dual Core 3.2 GHz | 59,000 |
| Intel Core i5 3.0GHz | 147,000 |
| DCD: 01-291-830 | |

## MOTHERBOARD



| Gigabyte/msi/ASUS | USD |
|---|---|
| Gigabyte - Z68XP-UD3R (i7/i5/i3/ 4 SATAIII 6Gb/s) | 220 |
| Gigabyte - EX58-USB3 (i7/ 6 SATAII 3Gb/s) | 255 |
| Gigabyte - EX58A-UD3R (i7/6 SATAII 3Gb/s) | 275 |
| Gigabyte - PH67-DS3-B3 (i7/i5/i3/ 4 SATA 3Gb/s) | 125 |
| | Kyat |
| msi-Big Bang X-Power II (i7/ 6 SATA 6Gb/s/4 USB 3.0) | 361,000 |
| msi-X79A-GD65(8D) (i7/ 4 SATA 6Gb/s/4 USB 3.0) | 312,000 |
| msi-X79A-GD45(8D) (i7/ 2 SATA 6Gb/s/4 USB 3.0) | 189,000 |
| msi- Z68A-GD80 (i7/i5/i3/ 4 SATA II3Gb/s/4 USB 3.0) | 238,000 |
| msi- H61M-P35 (i7/i5/i3/ 4 SATA 3Gb/s) | 65,000 |
| msi-GA-G61M-S2B3(1155/DDR3) w/Sound+Lan+PCIE | 57,000 |
| ASUS-P5 G41-TMLX 3 PLUS (775/DDR3) w/Sound+Lan+PCIE | 48,000 |
| ASUS-P5 G41-TMLX (775/DDR3) w/Sound+Lan+PCIE / MSI-G41M | 51,000 |
| ASUS-P8 H67-MLE {1155/DDR3} w/Sound+PCIE+Lan+USB 3.0 | 92,000 |
| ASUS-P8 H61-MLX (1155/DDR3) w/Sound+Lan+PCIE | 58,000 |
| ASUS-P8 H61-MLX-Plus (1155/DDR3) w/Sound+Lan+PCIE | 61,000 |
| msi: 01- 227-781, ASUS: 01-226-664, GIGABYTE: 01- 399-239 | |

## MEMORY



| Kingston | Kyat |
|---|---|
| Kingston-2GB (DDR2 RAM) | 22,000 |
| Kingston-2GB (DDR3 RAM) 1333 MHz | 12,500 |
| Kingston-4GB (DDR3 RAM) 1333 MHz | 20,000 |
| Kingston-2GB (DDR3 RAM) 1333 MHz NB RAM | 13,000 |
| Kingston-4GB (DDR3 RAM) 1333 MHz NB RAM | 20,000 |
| Kingston: 01-291-830 | |

## HARD DRIVE



| Seagate | Kyat |
|---|---|
| Seagate - 500 GB | 73,000 |
| Seagate -1000GB | 94,000 |
| Seagate -2000GB | 121,000 |
| Seagate : 01-391-690, 01-391-691 | |

## POWER SUPPLY



| Golden Field/Thermaltake | Kyat |
|---|---|
| Golden Field - 500W PSU | 10,500 |
| Golden Field - 550W PSU | 14,000 |
| Thermaltake - TR-800P CEU | 100,800 |
| Thermaltake - TPG-1050MP CTW | 180,400 |
| Thermaltake - TPX-1475MPCGEU PSU | 258,300 |
| Thermaltake - SP-730P CWEU | 77,900 |
| Thermaltake - TP-1500MP CSUS PSU | 266,500 |
| Thermaltake - LT-600P CEU | 46,700 |
| Thermaltake - LT-450P CEU | 39,300 |
| Thermaltake - TP-1350MP CEU | 225,500 |
| Golden Field: 01- 430-013, Thermaltake: 01-210-943 | |

## GRAPHIC CARD




| Gigabyte/ASUS/msi | USD |
|---|---|
| Gigabyte - NVIDIA GeForce N430-2GI | 105 |
| Gigabyte - NVIDIA GeForce 220OC-1GI | 67 |
| Gigabyte - NVIDIA GeForce 520D3-1GI | 57 |
| Gigabyte - NVIDIA GeForce N450-1GI | 115 |
| Gigabyte - NVIDIA GeForce N430OC-1GI | 93 |
| Gigabyte - NVIDIA GeForce N430-1GI | 88 |
| | Kyat |
| Asus - PCIE (1 GB) EAH 6770 (DDR5) with DVI/HDMI Output | 113,900 |
| Asus - PCIE (1 GB) EAH 6570 (DDR3) with DVI/HDMI Output | 69,000 |
| Asus - PCIE (1 GB) ENGT 430 (DDR3) with DVI/HDMI Output | 59,500 |
| Asus - PCIE (1 GB) EAH 6670 (DDR5) with DVI/HDMI Output | 97,500 |
| msi - R7970-2PMD3GD5 | 50,800 |
| msi - R6850 Cyclone 1GD5 (Power Edition) / OC | 148,000 |
| msi - R6790-PM2D1GD5/OC | 125,000 |
| msi - N570GTX Twin Frozr III (Power Edition)/ OC | 328,000 |
| msi - N560GTX-Ti Twin Frozr II 2GD5/ OC | 246,000 |
| msi - N440GT-MD 512D5 | 56,000 |
| GIGABYTE: 01- 399-239, ASUS: 01-226-664, msi: 01- 227-781 | |

## OPTICAL DISK DRIVE



| LiteOn / HP / ASUS / ViCopy | Kyat |
|---|---|
| LiteOn-22x DVD Writer (IDE) | 23,100 |
| LiteOn-24x DVD Writer (SATA) | 21,100 |
| LiteOn-24x DVD Writer (SATA Light Scribe) | 21,900 |
| HP-24x Internal DVD Writer (SATA) | 22,000 |
| HP-External DVD Writer,Slim, Black, Light Scribe Function | 53,000 |
| ASUS-SBW-06C1S-U (BLK) (USB 2.0) | 144,300 |
| ASUS-BW-12B1LT (SATA INT Blu-ray Writer) | 113,900 |
| ASUS-SDRW-08D2S-U (BLK) (WHT) (USB 2.0) | 36,900 |
| ViCopy-1+8 Ports SATA Duplicator Card (DVD-908S) | 68,000 |
| ViCopy-1+12 Ports SATA Duplicator Card (DVD-912S) | 78,000 |
| LiteOn: 01- 399-239, HP: 01-430-013, ASUS: 01-226-664, T-Land:01-398-343 | |

## MONITOR



| AOC/Acer/ASUS | Kyat |
|---|---|
| AOC - 23" LED/ VGA/Twin HDMI/IPS Panel/ 50,000,000:1/X-Men S | 255,000 |
| AOC - 20" LED / 50,000,000:1 / VGA / Ultra Slim (e2043F) WHITE | 102,000 |
| AOC -18.5" LED / 50,000,000:1 / VGA / Ultra Slim (e943Fws) WHITE | 92,000 |
| AOC -23" LED / 50,000,000:1 / VGA+Twin HDMI / Ultra Slim (e2343Fw2k) BLACK | 155,000 |
| Acer - 20" LED/Wide view Slim/DVI | 109,000 |
| Acer - 21.5" LED/Wide view Slim/DVI | 143,000 |
| Acer - 18.5" LED/Wide view Slim/DVI | 945,000 |
| Acer - 19" LED/Wide view Slim/DVI | 96,000 |
| ASUS - 24" LED wide view/ML248H/DVI | 223,000 |
| ASUS - 27" LED wide view/VE278Q/DVI | 352,600 |
| ASUS - 23.6" LED wide view/VE247H/DVI | 190,200 |
| AOC: 01-430-013, Acer: 01- 221-683, ASUS: 01-226-664 | |

## UPS


| EAST/Prolink/Power Tree | USD |
|---|---|
| EAST - 650 VA LED | 39 |
| EAST - 650 VA LCD | 44 |
| EAST - 1200 VA LED | 70 |
| | Kyat |
| Prolink - IPS 1000 Long Time (inverter+UPS) | 58,000 |
| Prolink - 650 VA (Prolink) UPS | 33,000 |
| Power Tree - 650 VA | 35,000 |
| Power Tree - 1250 VA | 60,000 |
| Prolink-IPS 2000 Long Time (inverter+UPS) | 70,000 |
| East: 01- 399-239, Prolink/Power Tree: 01-291-830 | |

## UPS



| Star | Kyat |
|---|---|
| Star-650 VA LED | 30,000 |
| Star-1200VA LED | 55,000 |
| Star UPS: 01-430-013, 09-7305-6015 | |

## CASING



| Golden Field/Thermaltake | Kyat |
|---|---|
| Golden Field-1210B (500W PSU) | 24,000 |
| Golden Field-1211B (500W PSU) | 24,000 |
| Golden Field-1225B (500W PSU) | 24,000 |
| Golden Field-7621 (550W PSU) | 33,000 |
| Golden Field-7203B (W/O PSU) | 39,000 |
| Golden Field-7206B (W/O PSU) | 41,000 |
| Thermaltake-Commander MS-I (VN40001W2N) | 41,000 |
| Thermaltake-Level 10GT LCS (VN10031W2N) | 311,600 |
| Thermaltake-Level 10GT (VN10001W2N) | 188,600 |
| Thermaltake-Overseer RX-I (VN700M1W2N) | 100,800 |
| Thermaltake-Commander MS-I Snow Edition VN40006W2N | 42,600 |
| Thermaltake-V4 Black Edition (VM30001W2Z) | 33,600 |
| Thermaltake-V3 Black Edition (VL80001W2Z) | 32,800 |
| Golden Field: 01-430-013. Thermaltake: 01-210-943 | |

## KEYBOARD & MOUSE



| A4 Tech/Prolink | Kyat |
|---|---|
| A4 Tech Optical Mouse 620D (PS2) / USB | 3,800 |
| A4 Tech Optical Mouse BW9 (USB) | 3,800 |
| Prolink (Combo) Wireless Laser KB + Mouse ( 5307G ) | 22,000 |
| Prolink Wireless Multimedia KB with Touch Panel ( 5308G ) | 33,000 |
| Prolink (Combo) Wireless Laser KB + Mouse ( 4693G ) | 22,000 |
| Prolink Optical Mouse (USB) 618U | 4,000 |
| Prolink Optical Mouse (USB) 620U | 4,000 |
| Prolink Optical Mouse (USB) 622U/623U) | 4,000 |
| Prolink Optical Mouse (USB) 338N Retractable | 4,000 |
| Prolink Myanmarser KB (USB) 2305U | 4,700 |
| Prolink (Combo)Wireless Multimedia KB+Mouse(5309G) | 19,000 |
| Prolink Wireless Nano Mouse (USB) 712G /713G | 12,000 |
| Prolink Wireless Nano Mouse (USB) 714G / 715/716 G | 12,000 |
| Prolink Wireless Laser Mouse (USB) 303 | 16,000 |
| Prolink Wireless Presenter with Air Mouse (USB) PWP-102G | 22,000 |
| Prolink Wireless Bluetooth Optical Mouse PMO 624B | 15,000 |
| Prolink Wireless Bluetooth Multimedia KB PKM 3810B | 21,000 |
| A4-Tech: 01-299-695, Prolink: 01-381-124, 01-381-035 | |

သင့်စိတ်ကြိုက် Specification များနှင့် PC တစ်လုံး ဆင်ကြည့်လိုက်ပါ။

| No. | Specification | Amount |
|---|---|---|
| 1 | CPU | |
| 2 | Motherboard | |
| 3 | Memory | |
| 4 | Hard Drive | |
| 5 | Graphic Card | |
| 6 | Casing | |
| 7 | Power Supply | |
| 8 | Monitor | |
| 9 | UPS | |
| 10 | Optical Disk Drive | |
| 11 | Keyboard/ Mouse | |
| | Total | |

# Final Cut Pro X 10.0.3

Apple ရဲ့ Video Editing Software တစ်ခုဖြစ်တဲ့ Final Cut Pro X ဟာ ထွက်ရှိလာတဲ့ အချိန်မှာပဲ Video Editing လောကကို အနည်းငယ်လှုပ်ခတ်သွားစေပါတယ်။ အစဦး ပထမပိုင်းတွင် အရေးကြီးသော အစိတ်အပိုင်းများ ဖြစ်သော XML export နှင့် import၊ mulitcam editing နှင့် broadcast monitor support တို့ မပါဝင်လာ သော်လည်း နောက်ဆုံးထုတ် update တွင်တော့ multicam editing ရရှိသည့် ပြောင်းလဲမှုမျိုးကို ထည့်သွင်း ပေးခဲ့တဲ့အတွက် Professional အများစုမှ ကြိုက်နှစ်သက်ခဲ့ကြပါတယ်။

ထို့ပြင် ၄င်းရဲ့ beta တွင်လည်း broadcast monitor များကို အထောက်အပံ့ပေးလာနိုင်ပြီး၊ chroma-keying control ကိုလည်း ပိုမိုတိကျစွာပြုလုပ်သွားနိုင်တော့မှာ ဖြစ်ပါတယ်။ ထို့နောက် ယခင် FCP 7.0 မှ project များ ဖွင့်မရသည့် ကိစ္စများအတွက် third-party plug-in တစ်ခု အသုံးပြုကာ ဖွင့်လို့ရရှိနိုင်ရန် XML update ကို ပြုလုပ်ခဲ့တဲ့အတွက် Apple ဟာ FCP X ကို စွမ်းအားမြင့် Video Editing software တစ်ခုဖြစ်ဖို့ကို အစအဆုံး ပြန်လည် တည်ဆောက်ထားတယ်လို့ ဆိုနိုင်ပါတယ်။

Final Cut Pro X ကို စတင်ပြီး install လုပ်မယ်ဆိုရင်တော့ သင့်ရဲ့ Mac ဟာ အနည်းဆုံး Snow Leapard အသုံးပြုနေသော Core 2 Duo ရှိ Mac ဖြစ်နေရမှာ ဖြစ်ပြီး၊ Hard Disk space အနေနဲ့ကတော့ 2.4 GB လွတ်နေရမှာဖြစ်ပါတယ်။ Memory အနေနဲ့ကတော့ အနိမ့်ဆုံး 2GB လို့ဆိုထားပေမယ့် video editing ကို အစွမ်းကုန် အသုံးချချင်သူများအဖို့ကတော့ 4GB တပ်ဆင်မှသာ အဆင်ပြေနိုင်မှာ ဖြစ်ပါတယ်။

ဒါဆိုရင်တော့ Final Cut Pro X 10.0.3 မှာ ပါဝင်လာမည့် Feature အသစ်များနဲ့ Video Editing သမားများ အကြိုက်ဖြစ်စေမယ့် Tools အသစ်များကို ကြည့်ရအောင်။



## Magnetic Timeline

ပထမဆုံး ထင်ထင်ရှားရှား ပြောင်းလဲသွားတာကတော့ ၄င်းရဲ့ Timeline ဖြစ်ပါတယ်။ အသစ်ပါဝင်လာတဲ့ Magnectic Timeline feature ဟာ video edit အသုံးပြုသူတွေအတွက် timeline ကို ပိုမို ရှင်းလင်း၊ တိကျစွာ မြင်တွေ့သွားနိုင်မှာဖြစ်ပြီး အသုံးပြုရသော Tools များကိုလည်း ရှင်းရှင်းလင်းလင်း မြင်တွေ့သွား ရတော့မှာ ဖြစ်ပါတယ်။ ထို့ပြင် timeline အတွင်း clips အပိုင်းအစများ ရှုပ်ထွေး မနေစေရန် လိုအပ်သလို ရွှေ့ပြောင်း နေရာချထားနိုင်တဲ့အတွက် movie (သို့) video တစ်ခုဖန်တီးရာမှာ စိတ်ကူးအကြံဉာဏ်သစ်များများဖြင့် ဖန်တီးသွားနိုင်မှာဖြစ်ပါတယ်။



## Clip Connections

Clip Connection ကတော့ FCP အတွင်း clip တွေကို အပေါ်အောက် နေရာချထားခြင်း၊ ဥပမာ B-roll ထားရှိခြင်း ကို ပြုလုပ်သွားနိုင်မှာ ဖြစ်ပြီး sound effect များနှင့် သီချင်းများကို Timeline ထဲသို့ပေါင်းထည့်နိုင်ပြီး သင့်အနေဖြင့် ပြောင်းလဲမှု တစ်ခုခု ပြုလုပ်လျှင် ၄င်းတို့တွင်လည်း သွားရောက် effect ဖြစ်နေမှာပါ။ ထို့ပြင် Timeline ထဲသို့ Clip တစ်ခု Drag ဆွဲထည့်လိုက်ပါကလည်း FCP မှ Cliip Connection ကို အလိုအလျောက် ပြုလုပ်ပေးပါတယ်။

အခုဆိုလျှင် သင့်အနေဖြင့် Clip တစ်ခုကို အလောတကြီး Edit ပြုလုပ်နေရလျှင် မိမိ ပြောင်းလဲသည့် effect တစ်ခုခု မှာ Clip အားလုံးတွင် လိုက်လံ ပြောင်းလဲမည့် အတွက် ယုံယုံကြည်ကြည်ဖြင့် ပြုလုပ်နိုင်ပြီ ဖြစ်ပါတယ်။ ထိုကဲ့သို့ Clip Connection ကြောင့် အခြား Editor တစ်ဦးသို့ လွှဲပြောင်းရာမှာလည်း လွယ်ကူမည်ဖြစ်ပြီး ပြန်လည် Resume လုပ်ချင်ပါကလည်း လွယ်လွယ်ကူကူ လုပ်သွားနိုင်မှာ ဖြစ်ပါတယ်။

## Compound Clips

Compound Clips ကို အသုံးပြုပြီး သင်ဟာ ရှုပ်ထွေးလှတဲ့ Elements တွေကို တစ်ခုချင်း ပြန်လည်ဆွဲထုတ်နိုင်မှာ ဖြစ်ပါတယ်။ ထို့ပြင် Clip တစ်ခု၏ segment အစိတ်အပိုင်းများကို move လုပ်နိုင် duplicate ပြုလုပ်နိုင်မှာဖြစ်ပြီး Compound Clips များကိုလည်း အခြား Project အတွင်း ပြန်လည် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် Sound Effect များ ထည့်သွင်းထားသော Layer တစ်ခုကို ပြန်လည် အသုံးပြုခြင်း (သို့) Compound Clip အသုံးပြုပြီး effect များကို one click တည်းဖြင့် ပြုလုပ်နိုင်ခြင်းတို့ပဲ ဖြစ်ပါတယ်။ Element တစ်ခုချင်းဆီကို Effect ပေးခြင်ရင်တော့ Compound Clip မှ expand ပြုလုပ်လို့ရနိုင်ပါတယ်။



## Auditions

ယခုပါဝင်လာတဲ့ Audition feature ကြောင့် သင်ဟာ များစွာသော shot တွေကို Timeline ရဲ့တစ်နေရာတည်းမှာ ကြည့်ရှုသွားနိုင်မှာ ဖြစ်ပါတယ်။ ထို့ပြင် Shot တစ်ခုအတွက် မတူညီတဲ့ B-roll shot များ ဖွဲ့စည်းနိုင်ပြီး၊ မတူညီသော colour grades များ နှင့် effect များကို စမ်းသပ် ထည့်သွင်းသွားနိုင်မှာ ဖြစ်ပါတယ်။ ထို့နောက် Audition ကို အသုံးပြုပြီး များစွာသော Project version များကို ဖန်တီးနိုင်မှာ ဖြစ်ပါတယ်။ Audition တစ်ခု ပြုလုပ်ဖို့ဆိုရင်တော့ ကြိုက်နှစ်သက်သည့် မည်သည့် Shot ကို မဆို Timeline ထဲသို့ Drag လုပ်ထည့်ပြီး "Add Audition" ကို ရွေးပေးလိုက်ရုံပါပဲ။ အကယ်၍ သင့်အနေနဲ့ Shots များကို စမ်းသပ် ပြုလုပ်ချင်တယ်ဆိုရင်လည်း Magnetic Timeline မှ အားလုံးကို sync ပြုလုပ်ပေးနေပါလိမ့်မယ်။

## Inline Precision Editor

အသစ်ပါဝင်လာတဲ့ Magnetic Timeline အတွင်းရှိ ယခင် trimming ပြုလုပ်ပုံများကို ပြောင်းလဲထားပြီး ripple၊ roll၊ slip နှင့် slide edit တို့ကိုလည်း ပိုမိုကောင်းမွန်အောင် ပြုလုပ်ထားပါတယ်။ သင့်အနေနဲ့ story တွေကို ပိုပြီး edit လုပ်ချင်တယ်ဆိုရင်တော့ edit ကို double click လုပ်ကာ Precision Editor ကိုဖွင့်ပြီး Timeline ထဲသို့ တစ်ခါတည်း Trim များ ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။ ထို့ပြင် Precision Editor ဟာ edit point ကို ပိုမို တိတိကျကျ ကြည့်နိုင်ပြီး မိမိ clip ၏ edit လုပ်ပြီးသား အပိုင်းနှင့် မလုပ်ရသေးသော အပိုင်းတို့ကို တစ်ခါတည်း ကြည့်ရှုသွားနိုင်မှာ ဖြစ်ပါတယ်။

## Content Auto-Analysis

Final Cut Pro X ဟာ သင်ထည့်သွင်းထားတဲ့ media file တွေကို edit ပြုလုပ်နေစဉ်အချိန်မှာပဲ analyze ပြုလုပ်ပေးပါတယ်။ Content Auto-Analysis ဟာ သင့်ရဲ့ media file များကို scan ပြုလုပ်ပြီး editor များအကြိုက် metadata များကို ပြုလုပ်ပေးပါတယ်။ ထို့ပြင် ထူးခြားချက်ကတော့ မိမိရဲ့ media file များကို နေရာတကျ ထားသိုပေးထားမှာ ဖြစ်ပါတယ်။

## Multicam

Final Cut Pro X ဟာ အခုချိန်မှာတော့ Multicam project တွေကို မြန်မြန်ဆန်ဆန်နဲ့ ချောချောမွေ့မွေ့ အသုံးပြုသွားနိုင်အောင် ဖန်တီးပေးထားပြီ ဖြစ်ပါတယ်။ software အတွင်း အသုံးပြုထားတဲ့ 64-bit engine ဟာ များစွာသော video codecများ၊ frame size များ၊ frame rates များ အစရှိတာတွေကို realtime အလုပ်လုပ်သွား နိုင်ရန် ကူညီပေးသွားမှာ ဖြစ်ပါတယ်။ မိမိအနေဖြင့် ဓါတ်ပုံနှင့် ဗီဒီယိုများ၏ 64 angle များကို sync လုပ်ခြင်းဖြင့် multicam clip များကို အလိုအလျောက် ဖန်တီးနိုင်မှာဖြစ်ပါတယ်။ Multicam clip ကို ချိန်ညှိချင်တယ် ဆိုရင်တော့ Angle Editor ထဲတွင် double-click နှိပ်ကာ New ခေါ်ရမှာ ဖြစ်ပါတယ်။ ထို့နောက် ထိုထဲမှ clip တစ်ခုချင်းစီ အလိုက် နေရာချထားနိုင်ပြီး လိုအပ်သော clip များကိုလည်း sync ပြုလုပ်သွားနိုင်မှာဖြစ်ပါတယ်။ ထိုကဲ့သို့ နေရာချ modify ပြုလုပ်ပြီးလျှင်တော့ Multicam clip ကို Project ထဲသို့ ဆွဲထည့်ပြီး Angle Viewer (သို့) Keyboard Shortcut များ အသုံးပြုကာ ရှုထောင့်များကို ပြောင်းလဲသွားနိုင်ပါတယ်။

## Range-Based Keywords

FCP အတွင်း ယခုအခါ မိမိရဲ့ကိုယ်ပိုင် Keywords များနဲ့ လိုချင်တာများကို တိတိကျကျရှာဖွေသွားနိုင်ပြီ ဖြစ်ပါတယ်။ ထိုကဲ့သို့ ပြုလုပ်နိုင်ခြင်းဖြင့် Edit ပြုလုပ် ရာတွင် မြန်မြန်ဆန်ဆန် ပြုလုပ်သွားနိုင်မှာဖြစ်ပြီး ယခင် တွေ့မြင်နေကျ bin များထက် ပိုမိုကောင်းမွန်လာတယ်လို့ ဆိုနိုင်ပါတယ်။

## Smart Collections

Clips များကို ရွှေ့ခြင်း၊ ကူးခြင်း မပြုလုပ်ပဲ ပိုမို စနစ်တကျ Organize ပြုလုပ်နိုင်ဖို့ အတွက် Smart Collections ကို အသုံးချလို့ရပါတယ်။ သင့်အနေနဲ့ Search တစ်ခုကို metadata နှင့် keywords များ ပေါင်းစပ်ကာ တည်ဆောက်ထားနိုင်ပြီး ၄င်းတို့ကို Smart Collection ထဲတွင် ထည့်သွင်းထားနိုင်ပါတယ်။ ထို့ပြင် Final Cut Pro ဟာ သင်ရွေးချယ်ထားခဲ့သည့် field ထဲတွင် item အသစ်များ တွေ့ရှိပါကလည်း Smart Collection ထဲသို့ အလိုအလျောက် ပေါင်းထည့်ပေးပါတယ်။

## Thunderbolt



Device ၆ ခုအထိ Daisy Chain ဖြင့် ချိတ်ဆက်နိုင်ပြီး နောက်ဆုံးထုတ် Mac များအတွင်း ပါဝင်လာသည့် စွမ်းအားမြင့် I/O နည်းပညာဖြစ်သည့် Thunderbolt ကို အထောက်အပံ့ပေးနိုင်ပါတယ်။ သို့အတွက် သင့်အနေနဲ့ Video Capture ပြုလုပ်သော Device များ၊ မြန်နှုန်းမြင့် External Drive များ နှင့် Apple LED Cinema Display နှင့်ပင် ချိတ်ဆက်အသုံးပြုသွားနိုင်ပါတယ်။ ထို့ပြင် အဆိုပါ thunderbolt video device များမှ audio နှင့် video များကို အခြား external monitor သို့ output ထုတ်သွား နိုင်ပါတယ်။

## အားသာချက်

64-bit နှင့် multicore CPU ကို အသုံးပြုထားတဲ့ အတွက် မြန်မြန်ဆန်ဆန် အသုံးပြုနိုင်ပြီး ၄င်းရဲ့ interface ကလည်း လှတိုင်း ရင်းနှီးပြီးသား ဖြစ်ပါတယ်။ ထို့ပြင် ၄င်းအတွင်း ပါဝင်လာသော Feature များနှင့် Tool များကလည်း Editing ပြုလုပ်ရာတွင် အကောင်းဆုံး အထောက်အပံ့ပေးနိုင်ပြီး အထူးခြားဆုံးကတော့ Thunderbolt နည်းပညာကို အထောက်အပံ့ပေးထားခြင်းပဲ ဖြစ်ပါတယ်။

## အားနည်းချက်

ယခင် Final Cut version များမှ Project file များကို import ပြုလုပ်နိုင်ခြင်း မရှိပါဘူး။ (third-party plugin ကို အသုံးပြုပြီး import လုပ်မယ်ဆိုရင်တော့ ရပါတယ်။) ထိုကဲ့သို့ Custom import တွေ အသုံးပြုမယ်ဆိုရင်တော့ သီးခြား Compressor app တစ်ခု လိုပါတယ်။

## ချုံငုံသုံးသပ်ချက်

Final Cut Pro X ဟာ Apple ရဲ့တိကျသေချာပြီး မြန်နှုန်းမြင့် digital video editing software တစ်ခုလို့ ဆိုနိုင်ပါတယ်။ အချို့ Video Editing ပြုလုပ်သူများမှတော့ ပါဝင်လာတဲ့ Feature အသစ်များနဲ့ Tool များကြောင့် အခက်အခဲတွေ့သော်လည်း ၄င်းရဲ့ မြန်မြန်ဆန်ဆန် အလုပ်လုပ်နိုင်မှုဟာ ၄င်းတို့ရဲ့ အသံများကို တိတ်သွားစေခဲ့ပါတယ်။



# Siri နာမည်ကို မကြိုက်နှစ်သက်ခဲ့သော Steve Jobs



By YHT

Apple မှ ၂၀၁၀ ခုနှစ် ဧပြီလအတွင်း ဒေါ်လာ သန်း ၂၀၀ ဖြင့် ဝယ်ယူခဲ့သော အသံဖြင့် စေခိုင်းနိုင်သည့် Siri application ၏ နာမည်အား ကွယ်လွန်ခဲ့ပြီ ဖြစ်သော Steve Jobs မှ ကြိုက်နှစ်သက်ခဲ့ခြင်း မရှိကြောင်း သိရပါတယ်။

Siri ၏ Founder တစ်ဦးဖြစ်ခဲ့သူ Dag Kittlaus ၏ ပြောကြားချက်အရ Siri ဆိုသော နာမည်မှာ နော်ဝေဘာသာစကားအရ "အောင်မြင်ခြင်းကို လမ်းညွှန်နိုင်သော အမျိုးသမီး" ဟု အဓိပ္ပါယ် ဖွင့်ဆိုနိုင်ကြောင်း၊ ၄င်း နော်ဝေနိုင်ငံတွင် ရှိနေစဉ် Siri ဟူသော မိန်းမနှင့် တွဲဖက်အလုပ် လုပ်ကိုင်ခဲ့ကြောင်း၊ အဆိုပါ နာမည်အား အလွန်ကြိုက်နှစ်သက်သည့်အတွက် ၄င်း၏ သမီးကိုပင် နာမည်ပေးထားကြောင်းနှင့် domain နေရာမှာလည်း လွတ်နေသောကြောင့် Siri ဟုသာ အမည်ရယူခဲ့ကြောင်း ဟောပြောပွဲ တစ်ခုဖြစ်သော Technori Pitch တွင် ပြောဆိုသွားပါတယ်။

ထို့ပြင် ၄င်းမှ Siri တွင် CEO ဖြစ်နေစဉ် Steve Jobs ၏ ဖိတ်ခေါ်မှုကြောင့် ၄င်း၏ နေအိမ်တွင် ၃ နာရီခန့် ဆွေးနွေးစကားပြောဘူးကြောင်း၊ အဆိုပါ ဆွေးနွေးမှုတွင် Steve Jobs မှ Siri နာမည်အား ပြောင်းလဲပေးရန် ပြောကြားခဲ့ပြီး မိမိမှာလည်း Siri နာမည်ကိုသာ အသုံးပြုရန် တိုက်တွန်းခဲ့ရကြောင်း ပြောကြားထားပါတယ်။

ယခုကဲ့သို့ ဇာတ်လမ်းမျိုးမှာ ယခင်အချိန်များကလည်း ထွက်ပေါ်ခဲ့ပြီး ၄င်းတို့မှာ iMac နှင့် iPad တို့မှာ Steve Jobs မကြိုက်နှစ်သက်သော နာမည်များဖြစ်ကြောင်း သိရပါတယ်။

Ref: Internet

# Apple မှ Australia နိုင်ငံတွင် iPad ဝယ်ယူသူများ ကို ပြန်အမ်းငွေများ ထုတ်ပေး

BY YHT

Apple မှ Australia နိုင်ငံရှိ iPad ဝယ်ယူသူများ ကို ပြန်အမ်းငွေများ ထုတ်ပေးနေရကြောင်း သိရပါတယ်။

ထိုကဲ့သို့ ထုတ်ပေးနေရခြင်းမှာ ထုတ်လုပ်ထား သော iPad များအတွင်း ကြော်ငြာထားသည့် အတိုင်း 4G မပါဝင်မှုကြောင့် ဖြစ်ကြောင်း Sydney Morning Hearlad သတင်းဌာနမှ ဖော်ပြသွားပါတယ်။

၄င်းတို့၏ ဖော်ပြထားချက်အရ Apple မှ iPad များ ရောင်းစဉ် iPad with WIFI+4G ဟူ၍ ရောင်းချကြောင်း၊ ထိုကဲ့သို့ ရောင်းချမှုမှာ US နှင့် Canada နိုင်ငံတွင်း ရှိသော LTE Network များမှာ iPad နှင့် ကိုက်ညီမှုကြောင့် ဖြစ်ကြောင်း၊ သို့သော်လည်း Australia နိုင်ငံရှိ Telstra နှင့် Vividwireless တို့မှာမူ iPad တွင် အသုံးပြုထားသော 4G နည်းပညာနှင့် ကိုက်ညီမှု မရှိကြောင်း သိရပါတယ်။

ယခုကဲ့သို့ ဖြစ်ပေါ်နေမှုဟာ Australia နိုင်ငံရှိ iPad ဝယ်ယူသူများကြား နားလည်မှုလွဲခြင်းများ ဖြစ်ပေါ်နေကြောင်း အသုံးပြုသူ စောင့်ကြည့်ရေးအဖွဲ့ ACCC မှ ဆိုထားပါတယ်။

Apple မှ ယခုကဲ့သို့ iPad ဝယ်ယူထားသူများကို ပြန်အမ်းငွေများ ပေးအပ်နေသော်လည်း ဝယ်ယူထားသည့် iPad အဟောင်းများကိုတော့ Apple သို့ ပြန်လည်ပေးအပ်ရကြောင်း သိရပါတယ်။ ယခုအခါတွင် Apple မှ Australia တွင် ကြော်ငြာထားသည့် iPad ပုံစံများကိုလည်း ပြောင်းလဲထားပြီး iPad တွင် ပါဝင်သော 4G မှာ Australia နိုင်ငံ၏ Network များနှင့် ကိုက်ညီမှု မရှိသော်လည်း အလွန်လျှင်မြန်သည့် Cellular Network ကို အထောက်အပံ့ပေးကြောင်း ပြန်လည် ကြော်ငြာထားပါတယ်။

Ref: SMH



# Apple ဝန်ထမ်းများမှာ Steve Jobs ထက် Tim Cook ကိုသာ ပိုမို ကြိုက်နှစ်သက်ကြ



By YHT

ကွယ်လွန်သွားခဲ့ပြီဖြစ်သော Apple ၏ CEO ဖြစ်ခဲ့သူ Steve Jobs မှာ ကုမ္ပဏီအား တည်ထောင်သူ၊ နာမည်ကျော် ပစ္စည်းများကို တီထွင်ကြံဆခဲ့သူဖြစ်သော်လည်း ၄င်း၏ ဝန်ထမ်းများမှာ ယခုလက်ရှိ CEO အဖြစ်တာဝန်ထမ်းဆောင်နေသော Tim Cook လောက် ကြိုက်နှစ်သက်ခြင်းမရှိကြောင်း သိရပါတယ်။

ဝန်ထမ်း review website တစ်ခုဖြစ်သော Glassdoor တွင် အမည်မသိ ဝန်ထမ်းတစ်ဦး၏ တင်ပြချက်များအရ Tim Cook မှာ အမေရိကန် နိုင်ငံတွင်း လူကြိုက်အများဆုံး CEO နေရာအား ၉၇ ရာခိုင်နှုန်းဖြင့် ရပ်တည်နေကြောင်း သိရပါတယ်။

Steve Jobs မှာတော့ ၄င်းမကွယ်လွန်ခင် အချိန် CEO အဖြစ်တာဝန်ထမ်းဆောင်စဉ် အချိန်ထိ တိုင်းတာချက်အရ ၉၅ ရာခိုင်နှုန်းသာ ရရှိကြောင်း သိရပါတယ်။

Tim Cook အားတိုင်းတာသည့် နေရာတွင်တော့ ၄င်း၏ Steve Jobs နေရာအား ယာယီအစားထိုး ဝင်ရောက်ခဲ့သော အချိန်များကို ထည့်သွင်းတွက်ချက်ထားကြောင်း သိရပါတယ်။

ယခု Tim Cook ကဲ့သို့ အမေရိကန်နိုင်ငံတွင်း လူကြိုက်အများဆုံး CEO နေရာတွင် ရောက်ရှိနေ သူကတော့ Qualcomm ၏ CEO ဖြစ်သူ Paul Jacobs မှာ ၉၅ ရာခိုင်နှုန်းဖြင့် ရပ်တည်နေကြောင်း သိရပါတယ်။

ထို့နောက် ၄င်းတို့၏ နောက်တွင် Google ၏ Larry Page မှာ ၉၄ ရာခိုင်နှုန်း၊ Intel ၏ Paul S.Otellini မှာ ၉၃ ရာခိုင်နှုန်းဖြင့် အသီးသီး ဝန်ထမ်းများအကြိုက် CEO များ ဖြစ်ကြကြောင်း သိရပါတယ်။

Tim Cook ၏ ယခုကဲ့သို့ ဝန်ထမ်းများ အကြိုက်ဆုံး CEO ဖြစ်နေရခြင်းမှာ Apple ၏ ရှယ်ယာတန်ဖိုးများ ဒေါ်လာ ၆၀၀ ထိ မြင့်တက်သွားခြင်း (Steve Jobs ထွက်ခွါပြီးနောက် ၅၀ ရာခိုင်နှုန်း တိုးတက်လာသည်) လူမှုရံပုံငွေပွဲများ စီစဉ်၍ အလှူအတန်းများ ပြုလုပ်ခြင်း (Steve Jobs မှ ပြုလုပ်ခဲ့ခြင်းမရှိချေ) နှင့် Apple ၏ နာမည်အား ထိခိုက်စေနိုင်သည့် တိုက်ခိုက်မှုမျိုးကို ဖြေရှင်းခြင်း (ယခင်တစ်ပတ်အတွင်း တရုတ်နိုင်ငံရှိ Foxconn စက်ရုံသို့ သွားရောက်လည်ပတ်ခဲ့သည်) တို့ကြောင့် ဖြစ်ကြောင်း သိရပါတယ်။

လေ့လာသူအများစုမှတော့ ကျန်ရှိနေသေးသော ၃ ရာခိုင်နှုန်းမှာ မည်သည့် ပြစ်ချက်မျိုးများကြောင့် Tim Cooks အား မကြိုက်နှစ်သက် ကြောင်းကို သိလိုကြတယ်လို့ မှတ်ချက်ပေးထား ကြပါတယ်။

Ref: Mashable

# တရုတ်အာဏာပိုင်များမှ Tim Cook အား ဝန်ထမ်းများကို ဂရုစိုက်ရန် သတိပေးပြောကြား



By YHT

လွန်ခဲ့သော တစ်ပတ် အင်္ဂါနေ့တွင် တရုတ်နိုင်ငံ Foxconn စက်ရုံသို့ သွားရောက်ကြည့်ရှုခဲ့သော Tim Cook မှာ တရုတ်နိုင်ငံ အာဏာပိုင်များနှင့်ပါ တွေ့ဆုံခဲ့ကြောင်း သိရပါတယ်။

အဆိုပါ တွေ့ဆုံမှုတွင် တရုတ်အာဏာပိုင်များမှ Apple ၏ CEO ဖြစ်သူ Tim Cook အား နိုင်ငံရပ်ခြားမှ ကုမ္ပဏီ၏ ဝန်ထမ်းများအား ဂရုစိုက်သင့်ကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

နာမည်ကျော် iPad နှင့် iPhone များ ထုတ်လုပ်အောင်မြင်လျှင်ရှိသော Apple မှာ ယခုအချိန်တွင် တရုတ်နိုင်ငံတွင်း ၄င်း၏ supplier ဖြစ်သော Foxconn စက်ရုံတွင်း လုပ်ငန်းခွင် ပြဿနာများ ရင်ဆိုင် ကြုံတွေ့နေရပါတယ်။

Cook မှာ တရုတ်နိုင်ငံသို့ ရောက်ရှိစဉ် အချိန်အတွင်း Beijing မြို့တော်ဝန်နှင့် တွေ့ဆုံ ခဲ့ပြီးနောက် အကြီးအကဲတစ်ဦးဖြစ်သူ Li Keqiang နှင့်ပါ တွေ့ဆုံခဲ့ကြောင်း သိရှိရပြီး ကျွမ်းကျင်သူများမှတော့ ယခုတွေ့ဆုံမှုဟာ တရုတ်နိုင်ငံတွင်း ဖြစ်ပျက်နေသော Apple ၏ လုပ်ငန်းခွင် ပြဿနာများနှင့် ထုတ်ကုန်ပစ္စည်း များကြား ပြေလည်မှုများရရှိရန် ဆွေးနွေးခြင်း ဖြစ်နိုင်ကြောင်း မှတ်ချက်ချထားကြပါတယ်။

Xinhua သတင်းဌာန၏ သတင်းများအရ Cook နှင့် Li ၏ တွေ့ဆုံမှုတွင် Li မှ Apple နှင့်အတူ အခြား နိုင်ငံခြား လုပ်ငန်းအဖွဲ့အစည်းများ အနေဖြင့် နိုင်ငံတွင်း အနောက်နိုင်ငံများထက် စက်မှုထွန်းကားရေးအတွက် မိမိတို့ တရုတ် နိုင်ငံနှင့် အတူတကွလက်တွဲ လုပ်ဆောင်မည်ဟု မျှော်မှန်းကြောင်း ပြောဆိုသွားတယ်လို့ သိရပါတယ်။

Ref: PCWorld

# Photoshop CS6 အား စွမ်းအားမြင့် Mac များတွင်သာ အသုံးပြုနိုင်မည်

By YHT

Adobe ဟာ Apple ၏ ခြေလှမ်းများအတိုင်း ယခုအခါတွင် 32-bit Macintosh System များအား အထောက်အပံ့ပေးတော့မှာ မဟုတ်ကြောင်း ကြော်ငြာခဲ့ပါတယ်။

ကြော်ငြာချက်အရ ထိုကဲ့သို့ ပြောင်းလဲမှုမှာ ယခုထုတ်လုပ်ထားသည့် Adobe Photoshop CS6 တွင် စတင်သွားမည်ဖြစ်ပြီး အသုံးပြုလိုသူများမှာ ၄င်းတို့၏ Mac အတွင်း 64-bit multi-core system ရှိနေရမည်ဖြစ်ပြီး အနိမ့်ဆုံး OS X 10.6 Snow Leopard ဖြစ်ရမည်ဟု ဆိုထားပါတယ်။

အကယ်၍ သင့်အနေဖြင့် Core 2 Duo (သို့) Core iX အသုံးပြုထားပါက full version အသစ်ထွက်ရှိလာမည့် Photoshop CS 6 ကို စောင့်စားနိုင်ပြီး၊ Core Duo (သို့) ယခင် Mac အဟောင်း ကိုင်ထားသူများကတော့ CS 5 သာ အသုံးပြုနိုင်ပြီး CS 6 သို့လည်း upgrade ပြုလုပ်နိုင်မှာ မဟုတ်ကြောင်းသိရပါတယ်။

သင့်အနေဖြင့် မိမိ၏ Mac မှာ 64-bit (သို့) 32-bit ဟု သေချာသိရှိလိုပါက http://bit.ly/oAxsh တွင် ဝင်ရောက် ကြည့်ရှုနိုင်သည်။ Ref: Internet

# ကင်မရာ အသုံးပြုမှု အများဆုံး ဖြစ်ခဲ့သော iPhone 4

BY YHT

လွန်ခဲ့သောလ အတွင်း ကင်မရာအသုံးပြုသူများ မှာ Apple ၏ iPhone 4 ရှိ ကင်မရာကို အသုံးပြုပြီး ဓါတ်ပုံ အများအပြား upload တင်ခဲ့ကြောင်း Flickr မှ သတင်းထုတ်ပြန်ထား ပါတယ်။

၄င်းတို့ရဲ့ သတင်းထုတ်ပြန်ချက်အရ iPhone 4 ရှိ ကင်မရာအား ယခင်လအတွင်း အသုံးပြုခဲ့သူဦး ရေမှာ ၄,၄၆၀ ရှိခဲ့ပြီး ယခု ရေတွက်မှုတွင် Apple ၏ camera app နှင့်သာ တိုင်းတာပြီး အခြား third-party app များဖြစ်သော Instagram နှင့် Hipstamatic ကဲ့သို့ app အသုံးပြုသူများကို မထည့်သွင်းထားကြောင်း သိရပါတယ်။

ထို့နောက် အဆိုပါသတင်းတွင် iPhone 4 ၏ ကင်မရာအသုံးများဆုံး ဖြစ်နေခြင်းကို ယခုလအတွင်း Canon ၏ 5D Mark II မှ ကျော်ဖြတ်သွားနိုင်ပြီး အသုံးပြု upload လုပ်သူဦးရေမှာ ၄,၆၄၃ ထိရှိသွားပြီ ဖြစ်ကြောင်း သိရပါတယ်။


Canon မှာ လက်ရှိအချိန်တွင် Mark III ထွက်ရှိလာမှုကြောင့် 5D Mark II ကို ဈေးနှုန်း လျှော့ချထားတဲ့အတွက် ယခုလို အသုံးများလာခြင်း ဖြစ်ကြောင်း ကျွမ်းကျင်သူများမှ ဆိုထားပါတယ်။

Ref: Internet

# Apple Price Guide

| | | |
|---|---|---|
| **Mac** | | |
| MacBook Pro | MT313 | USD1310 |
| MacBook Pro | MT314 | USD1620 |
| **iPod** | | |
| iPod touch | 32GB | USD315 |
| iPod nano | 8GB | USD160 |
| iPod shuffle | 2GB | USD65 |
| **New iPad** | | |
| New iPad wifi Only | 16GB | USD730 |
| New iPad wifi Only | 32GB | USD840 |
| **iPad 2** | | |
| iPad 2 | 3G (32 GB) | USD719 |
| iPad 2 | 3G (64 GB) | USD819 |
| iPad 2 | wifi (64 GB) | USD685 |
| iPad 2 | wifi (32 GB) | USD585 |

Technoland (ဖုန်း ၇၃၀ ၂၄၃၂၇၊ ၇၃၀ ၂၄၃၂၈) မှ ဈေးနှုန်းများ ဖြစ်ပါသည်။



## Animation Movie Preview

By NAL

Title – The Pirates! Band of Misfits
Director – Peter Lord
Starring – Hugh Grant, Salma Hayek, Jeremy Piven
Studio – Aardman Animations, Sony Pictures Animations
Release Date – April 27th, 2012

The Pirates! Band of Misfits ကာတွန်းရုပ်ရှင်ဇာတ်ကားသစ်ဟာ နာမည်ကျော် Chicken Run ဟာသကာတွန်းကားရဲ့ Animation Studio ဖြစ်တဲ့ Aardman Animation Studio မှ တင်ဆက်လိုက်တဲ့ 3D Stop Motion ရုပ်ရှင်ဖြစ်ပါတယ်။ Stop Motion နည်းပညာအသုံးပြုထားတဲ့ ရုပ်ရှင်ဖြစ်တဲ့အလျောက် ပြင်ပမှာရှိတဲ့အရုပ်လေးတွေရဲ့ ပုံပေါင်းများစွာကို frame တစ်ခုချင်းစီ ဆက်တိုက်ပြသပြီး တကယ်လှုပ်ရှားနေတယ်ထင်ရအောင် ရိုက်ကူးထားတဲ့ဇာတ်ကား ဖြစ်ပါတယ်။ အရင် Stop Motion နှင့် Clay Animation ရုပ်ရှင်အများစုမှာတော့ ရွှံ့ရုပ်လေးတွေနှင့် အရုပ်အိမ်လေးတွေ သင်္ဘောလေးတွေ ပူးတွဲဖန်တီးထားပေမဲ့ အခု The Pirates! Band of Misifts ရုပ်ရှင်မှာတော့ ရုပ်ရှင်ဇာတ်ကောင်တွေကို Stop Motion နည်းပညာ၊ ပင်လယ်နှင့် နောက်ခံ background များကို 3D နည်းပညာတို့ဖြင့် ပေါင်းစပ်အသုံးပြုထားတာကို စိတ်ဝင်စားဖွယ်တွေ့ရှိရမှာ ဖြစ်ကြောင်း Aardman Studio က ပြောကြားခဲ့ပါတယ်။ 1972 ကတည်းက စတင်တည်ထောင်ခဲ့တဲ့ Aardman Animation Studio ဟာ 1989 ခုနှစ်မှ စတင်၍ Wallace & Gromit ကာတွန်းဇာတ်လမ်းတိုများကြောင့် နာမည်ကျော်ခဲ့သလို Oscar ဆု အပါအဝင် အခြား ထူးချွန်ဆုပေါင်းများစွာလည်း ရရှိခဲ့ဖူးပါတယ်။

The Pirates! Band of Misfits ရုပ်ရှင်ဇာတ်လမ်းဟာ British စာရေးဆရာ Gideon Defoe ရဲ့ စာအုပ်နှစ်အုပ်ဖြစ်တဲ့ The Pirates! In an Adventure with Scientists နှင့် The Pirates! In an Adventure with Whaling ဟာသဇာတ်လမ်းနှစ်ခုကို အခြေခံပြီး ရိုက်ကူးထားတဲ့ ဇာတ်ကားဖြစ်ပါတယ်။ Adventure with Scientists ဇာတ်လမ်းဟာ ပထမဆုံးထွက်ရှိထားတဲ့ The Pirates! စာအုပ်ဖြစ်ပြီး လူငယ် Charles Darwin ကို ပင်လယ်ဓားပြများက ကူညီရပုံကို ဟာသဆန်ဆန် ရေးသားထားပြီး ဒုတိယမြောက် Adventure with Whaling ဇာတ်လမ်းကတော့ ဝေလငါးကြီး Moby Dick ကိုလိုက်ဖမ်းရတဲ့ ရယ်စရာဇာတ်လမ်းဖြစ်ပါတယ်။ စိတ်ကောင်းရှိတဲ့ ပင်လယ်ဓားပြခေါင်းဆောင် Pirate Captain အဖြစ် မင်းသား Hugh Grant က အသံသရုပ်ဆောင်ထားပြီး မင်းသမီး Salma Hayek ကတော့ ဆိပ်ကမ်းပိုင်ရှင် Cutlass Liz အဖြစ်ပါဝင်ထားပါတယ်။ The Pirates! Band of Misfits ရုပ်ရှင်ဇာတ်ကားကို UK မှာတော့ March လ ၂၈ ရက်နေ့ကတည်းက ရုံတင်ပြသနေပြီဖြစ်ပေမဲ့ နိုင်ငံတကာမှာတော့ April လကုန်ပိုင်းမှာ စတင်ပြသတော့မှာ ဖြစ်ပါတယ်။




## Animation Series Review

By NAL

Title Name – Another
No. of Episodes – 12
Genre – Horror
Studio – P.A.Works

Another ဟာ Animation series တွေမှာ တွေ့ရခဲတဲ့ Horror သီးသန့် ဇာတ်လမ်းတွဲ တစ်ခုဖြစ်ပါတယ်။ Animation ဇာတ်လမ်းတွဲတွေမှာ သဘာဝလွန် Super Natural ဇာတ်လမ်းတွဲ အများစု တွေ့ရလေ့ရှိပေမဲ့ အတော်များများက Action သို့မဟုတ် Comedy နှင့် ရောစပ်ထားတဲ့ ပုံစံတွေ ဖြစ်တဲ့အတွက် ကြောက်ဖို့သိပ်မကောင်းပါဘူး။ ဒါပေမဲ့ Studio P.A.Works နှင့် Blood C, XXXHolic အစရှိတဲ့ Animation Series တွေရဲ့ Director Tsutomu Mizushima တို့ ပူးပေါင်းတင်ဆက်ထားတဲ့ Another ကတော့ ခြောက်ခြားစရာ Horror ဇာတ်လမ်းကောင်းတစ်ခု ဖြစ်တာကို တွေ့ရှိရပါတယ်။

Another ဇာတ်လမ်းရဲ့ အဓိကဇာတ်ကောင် နှစ်ယောက်ဟာ Sasakibara Koichi နှင့် Misaki Mei တို့ဖြစ်ပြီး Sasakibara ဟာ Yomiyama North Middle School သို့ ရွှေ့ပြောင်းလာတဲ့ ကျောင်းသားသစ်တစ်ယောက် ဖြစ်ပါတယ်။ Sasakibara ကျောင်းအသစ်သို့ရောက်ရောက်ချင်း သတိထားမိတဲ့ အချက်ကတော့ Misaki Mei ကို ကျန်ကျောင်းသားအားလုံးကော ဆရာများကပါ မျက်စိရှေ့မှာရှိတယ်လို့ သဘောမထားဘဲ မမြင်ချင်ယောင်ဆောင်နေကြတဲ့ အချက်ပါပဲ။ နောက်ပိုင်းမှာတော့ Sasakibara တက်ရောက်နေတဲ့ Grade 9, Class 3 ဟာ လွန်ခဲ့တဲ့ ၂၆ နှစ်ကတည်းက ကျိန်စာသင့်နေတဲ့ အခန်းဖြစ်ပြီး သေဆုံးပြီးသော ကျောင်းသားများ ပြန်လည်ပေါ်လာတဲ့အတွက်ကြောင့် ထိုကျိန်စာကို ကာကွယ်ရန် အတန်းသားတစ်ယောက်ကို လျှစ်လျူရှုရခြင်း ဖြစ်ကြောင်း သိရှိလာရပါတယ်။ ထူးခြားချက်ကတော့ အတန်းသားများ အားလုံးကော မိသားစုဝင်များပါ အသက်ပြန်ရှင်လာတဲ့ ကျောင်းသားဘယ်သူဆိုတာကို မခွဲခြားနိုင်ဘဲ မှတ်ဉာဏ်များ ရောထွေးကုန်ခြင်းဖြစ်ပါတယ်။ ထိုကျိန်စာကြောင့်ပဲ Grade 9၊ Class 3 မှ ကျောင်းသားများ နည်းမျိုးစုံဖြင့် အသက်ဆုံးရှုံးရပုံကို Final Destination ရုပ်ရှင်များထဲကလို ပုံစံများဖြင့် မြင်တွေ့ရမှာပါ။

Sasakibara နှင့် Misaki Mei တို့ရဲ့ မိသားစုတွေမှာလည်း လျှို့ဝှက်ချက်တွေ ရှိတဲ့အတွက်ကြောင့် ဇာတ်လမ်းလှည့်ကွက်တွေ ဘယ်လိုပါမလည်း၊ ကျောင်းသားတွေကျိန်စာဘေးမှ လွတ်အောင်ဘယ်လို ကြိုးပမ်းရမလည်းဆိုတာ သိရှိဖို့ episode တစ်ခုပြီးတစ်ခု ဆက်တိုက်ကြည့်ချင်စေမဲ့ Animation series ကောင်းတစ်ခုဖြစ်ပါတယ်။ Animation ပိုင်းကော story ပိုင်းပါ အထူးကောင်းမွန်သလို ကြောက်စရာ ဇာတ်လမ်းဖြစ်ပေမဲ့ Character design တွေကို ချစ်ဖို့ကောင်းအောင် ဆွဲထားတာကလည်း Another ရဲ့ စိတ်ဝင်စားဖို့ကောင်းတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။





# လိုက်ခြင်းသည်လည်းကောင်း မလိုက်ခြင်းသည်လည်းကောင်း

သူရသဝါ

## (၁)

တွစ်တာ၊ ဖရန်းစတား၊ ဖော်ပီယာ အစရှိသည့် ဆိုရှယ်လ်နက်ဝဲ့ခ်များအား ကျော်ဖြတ်၍ ဆိုရှယ်လ်တို့၏ အရှင်ဘုရင် ဖြစ်တော်မူသော ဖေ့စ်ဘုတ်ခ်ခေါ် မျက်နှာစာအုပ်တွင် ပါဝင်သည့် လိုက်ခ်ဘာတွန် (Like Button) ဟူသော Feature တစ်ခုကို အကြောင်းပြုမှု၍ ယခုဖော်ပြ လတ္တံ့သော တွေးတော ဆင်ခြင်စရာ ကိစ္စရပ်များ ဖြစ်ပေါ်လာခဲ့ချေသည် ဖြစ်လေ၏။

## (၂)

ယခုအခါ ကမ္ဘာတွင်သာမက မြန်မာပြည်၌ပင် အင်တာနက် အသုံးပြုသူ ဦးရေ၏ ရာခိုင်နှုန်း မပြည့်တပြည့် တို့မှာ လူမှု ဆက်ဆံရေး ပြေပြစ်ကြစေခြင်း အကျိုးငှာ ဖေ့စ်ဘုတ်ခ် ခေါ်သည့် ဆိုရှယ်လ် နက်ဝဲ့ခ်ကို အသုံးပြု ကြသည်ဖြစ်ရာ ၎င်းဖေ့စ်ဘုတ်ခ် အတွင်းတွင် စတေးတပ်စ်များ တင်ခြင်း၊ ဓါတ်ပုံများ တင်ခြင်း၊ နတ်စ်ခေါ် စာစုများ တင်ခြင်း၊ ဗီဒီယို ဖိုင်များ တင်ခြင်း စသည်တို့ကို ပြုလုပ်နိုင်သည့် အလျောက် ၎င်းတို့အောက်တွင် ဖွားဖက်တော် အဖြစ် အစဉ်အမြဲ ကပ်လျက် ပါနေသည့် အမှုတစ်ခုမှာ လိုက်ခ်ဘာတွန် (Like Button) ဟုခေါ်သည့် အချက်ပေး ကိရိယာ တစ်ခုပင် ဖြစ်လေသည်။

သဘောမှာ မိမိမြင်တွေ့သိရှိလိုက်သော စတေးတပ်စ် (သို့မဟုတ်) နတ်စ် (သို့မဟုတ်) ဓါတ်ပုံ (သို့မဟုတ်) ဗီဒီယို တို့ကို ကြိုက်နှစ်သက် စုံမက်ခြင်း ရှိပါလျှင် ကြိုက်သည်ဟု အချက်ပြ၍ ရနိုင်အောင် ထည့်သွင်း ပေးထားခြင်း ဖြစ်လေ၏။ ကြိုက်လျှင် .. ရှိစေတော့။ မကြိုက်လျှင်ရော ... Don't Like Button နှိပ်၍ ရအောင် အဘယ်ကြောင့် မပြုလုပ်ပေးထား ပါသနည်း။ မောင်ဝါဝါ စဉ်းစားကြည့်သည် ရှိသော် လူဟူသည့် အမျိုးမှာကား ကိုယ်လုပ်သည့် ကိစ္စကို ကြိုက်သည်၊ မိုက်သည်ဟု ချီးကျူးခြင်း ခံနိုင်သော်လည်း မကြိုက်ဘူးကွာ၊ မကောင်းဘူးကွာ ဟု အဝေဖန် ခံနိုင်သူ နည်းသည် ဖြစ်၍ Don't Like Button ပါဝင်လာပြီး မနေနိုင် မထိုင်နိုင် "မလိုက်ဘူးကွာ" ဟူသည့် သဘောဖြင့် စွတ်နှိပ်၍သာ နေကြသည် ဖြစ်လျှင် ထိုလူမှု ဆက်ဆံရေး ဝန်းကျင် အတွင်း၌ "မင်းဘာလဲ၊ ငါဘာလဲ" တပြုံးပြုံး တပြုံပြုံဖြင့် ရန်ပွဲများ ပေါ်ပေါက် လာနိုင်သည် ဖြစ်ခြင်းကို အရှည်မျှော်၍ "ဒယ်ဗလော်ပါ (Developer)" များက ထည့်သွင်း မပေးထားခြင်းသာ ဖြစ်ပေမည်ဟု တွေးဆ၍ ရလေ၏။

သို့သော်လည်း ကျွန်ုပ်တို့မှာကား ထူးထွေဆန်းပြား၍ ဉာဏ်ကစားသည့် လူသားများ ဖြစ်ကြရာ "ကြိုက်သည်" ဟု တစ်မျိုးတည်း သဘောဆောင်သည့် လိုက်ခ်ဘာတွန် ကိုပင် အထူးထူး အထွေထွေ အမျိုးမျိုး အသုံးပြုနိုင်ကြသည်ကို အံ့သြဖွယ်ရာ တွေ့ရှိရလေပြီတည်း။

## (၃)

တစ်ခါသော် မောင်ဝါဝါမှာ နေမကောင်းလျက် ရှုံးလာတက်ရသည့်အဖြစ်ကို ကြုံလေရာ ထိုအဖြစ်အား ဖေ့စ်ဘုတ်ခ် စတေးတပ်စ်တွင် မနေနိုင် မထိုင်နိုင် ရေး၍ တင်မိလေ၏။

"ဖျားနေသည်
နေမကောင်း၊ စိတ်မကြည်၊ စိတ်ရှုပ်"

သိပ်မကြာ ... ၎င်း စတေးတပ်စ် အောက်တွင် တစ်ဦးတစ်ယောက် လာ၍ လိုက် (Like) ချေ၏။ မောင်ဝါဝါ စိတ်ထင့်ချေပြီ။ အောင်မာ .. ငါ နေမကောင်း ဖြစ်တာကိုများ ဒင်းက ကြိုက်သတဲ့။ ဒါ ငါ့ကို သက်သက် လာစော်ကားတာ .. တွေ့မယ်။ ဘယ်သူများ လာ၍ လိုက်ထားသလဲ ကြည့်တော့ အရင်းနီးဆုံး သူငယ်ချင်း မိန်းကလေး တစ်ဦး။ စိတ်ပေါက်ပေါက်နှင့် မောင်ဝါဝါ အောက်တွင် ကော်မန့် (Comment) ရေးချ၏။

"ဟေ့ .. ငါ့ဟာငါ နေမကောင်းတာ နင်က ဘာသဘောကျသတုန်း၊

သတင်းလေး ဘာလေး မေးမယ်တော့ မရှိဘူး၊ လိုက်ခ် လာလုပ်နေတယ်၊

ငါ့ကို လာ လှောင်နေတာလား"

မကြာပါ ..။ ထိုသို့ ရန်တွေ့သော ကော်မန့်ကိုပင် ထပ်၍ လိုက်ခ် လုပ် ပြန်ချေ၏။ မောင်ဝါဝါ ဒေါသူပုန် ထလေပြီ။ ငါ့ကို လာလှောင် နေတာလားလို့ မေးတာကို ထပ်ပြီး လိုက်တယ် ဆိုတော့ .. ကျိန်းသေပြီ .. ငါ့ကို ရန်စနေတာ။ မောင်ဝါဝါ ထပ်၍ ကော်မန့် ပေး၏။

"နင် သေ ချင် နေ ပြီ လား ..."

ထပ်၍ လိုက်ပြန်၏။ မောင်ဝါဝါ့ ဒေါသမှာ ထားစရာ နေရာမရှိတော့။ သူ့ သေချင်လား မေးတာကို လိုက်လုပ်တယ် ဆိုတော့ သေဖို့များ သဘောတူ လေသလား။ ဒါတော့ မဖြစ်နိုင်။ မောင်ဝါဝါ အွန်လိုင်းမှ ရန်တွေ့၍ မနေနိုင်တော့။ သူ့ဆီ ချက်ချင်း ဖုန်းဆက်၍ ဖြေရှင်းချက် တောင်းလေ၏။ သူက အေးအေးဆေးဆေးပင် ပြန်ဖြေ၏။

"အဲဒီဟာတွေ အကုန်လုံး လိုက်ခ် လုပ်နေတာ.. ကြိုက်တယ်လို့ ဆိုလိုတာ မဟုတ်ဘူး .. အဲဒါတွေကို ငါသိတယ်လို့ အချက်ပေးတာဟဲ့"

မောင်ဝါဝါ ပက်လက်လန် လေ၏။ အသိအမြင် တစ်ခုလည်း ရလေ၏။ လိုက်ခ်ဘာတွန်ကို ကြိုက်သည် ဟူသော သဘောအပြင် နင်ပြောချင်တာ ငါသိသည်ဟု အကြောင်းပြန်သည့် အနေဖြင့်လည်း သုံး၍ ရသည်ကိုး။

## (၄)

နောက်တစ်ခါ ကြုံရတာက ဒီလို။ မောင်ဝါဝါ ရေးထားသော ဆောင်းပါး တစ်ပုဒ်ကို နတ်စ်အနေဖြင့် တင်လေ၏။ ဖေ့စ်ဘုတ်ခ်ပေါ် ရောက်သွားပြီး သုံးစက္ကန့်ပင် မကြာ။ တစ်ယောက်က လိုက်ခ် လုပ်၍ လာချေ၏။ သုံးစက္ကန့်အတွင်း တစ်ပုဒ်လုံး ဘယ်လိုများ ပြီးအောင် ဖတ်ပါလိမ့်။ မောင်ဝါဝါ မသင်္ကာ။ ဒါနှင့် နောက်တစ်ပုဒ် ထပ်၍ တင်၏။ သုံးစက္ကန့် အတွင်း ထပ်၍ လိုက်ခ် ပြန်၏။ နောက်တစ်ပုဒ် .. သုံးစက္ကန့် .. လိုက်ခ်။ ဒီလောက် စာဖတ်မြန် တာတော့ ဘယ်လိုမှ မဖြစ်နိုင်။ အကျိုးအကြောင်း မေးကြည့်တော့ ယခု မအားသေးသဖြင့် ခေါင်းစဉ်ပဲ စရံအနေဖြင့် ဖတ်ထားကြောင်း၊ ကျန်သည့် စာကိုယ်များ အားလုံးကို မကြာခင် သူဖတ်မည်ဟု အသိပေး ပန္နက်ရိုက်ခြင်း ဖြစ်ကြောင်း အံ့သြလောက်စရာ အဖြေကို သိရလေ၏။ အော် .. လိုက်ခ် ဘာတွန်ကို နောက်တစ်မျိုး သုံး၍ ရပြန်လေပြီ။

## (၅)

သို့ဖြစ်သောကြောင့် လိုက်ခ် ဘာတွန် ဆိုသည့် သဘောမှာ ကြိုက်နှစ်သက်ခြင်းကို သင်္ကေတ ပြုလုပ်ရန် ထည့်သွင်းထားခြင်းဖြစ်ပြီး အခြား ကမ္ဘာတလွှား ဖေ့စ်ဘုတ်ခ် သုံးစွဲသူများ ထိုအတိုင်းပင် အသုံးပြုကြသော်လည်း ကျွန်ုပ်တို့မှာမူ ၎င်း လိုက်ခ် ဘာတွန်ကို အသုံးချ၍ သိသည် ဟူ၍ လည်းကောင်း၊ တစ်ဦးနှင့် တစ်ဦး ရန်ဖြစ်ရာတွင် တစ်ဖက်လူ ပြောသမျှ လိုက်ခ်လုပ်၍ ရွဲ့တဲ့တဲ့ ပြုလုပ်သည့် သဘောကို ဆောင်၍သော်လည်းကောင်း၊ ကိုယ့်ကို သူတို့ တင်သမျှ တလေးတစား လာရောက်၍ ပုံမှန် Tag ထားသဖြင့် ကြိုက်သော်ရှိ၊ မကြိုက်သော်ရှိ အားနာပါးနာ သဘောကို ဆောင်၍ တွေ့သမျှ လိုက်ခြင်းကို လည်းကောင်း၊ နောက်ဆုံး .. လိုက်ခ်ဘာတွန်ကို အသုံးပြု၍ မကြိုက်ဘူး ဟူသည့် သဘောကိုပင် အထင်အရှား ပြသ၍ သော်လည်းကောင်း အမျိုးမျိုး အဖုံဖုံ နည်းလမ်းများဖြင့် သုံးစွဲနိုင်ကြသည် ဖြစ်သဖြင့် ကျွန်ုပ်တို့၏ မြန်မာ ပြည်ဖွား ဉာဏ်ပညာ မြင့်မားကြသည့် ဖေ့စ်ဘုတ်ကာ အပေါင်း တို့အား ချီးကျူး ဂုဏ်ပြုထိုက် လေသည်သာ ဖြစ်တော့သတည်း။

# ယောင်ချာချာသာဂိရဲ့ ပြောင်ချော်ချော် ဒဿန

အိုင်တီသာဂိ

ကဲဗျာ စာအကြောင်း ပေအကြောင်း မပြောခင် အရပ်ဆယ်မျက်နှာကို မေတ္တာပို့လိုက်ပါရစေ။ Online ပေါ်တွင် Q နေစဉ်၊ Connection အမြဲကောင်းပါစေ။ Busy ဖြစ်တယ် ပြောသူများ အလုပ်ပိပြီး ပြားပါစေ။ မိန်းမ ဟန်ဆောင် ယောကျ်ားမောင် တကယ် အခြောက် ဖြစ်ပါစေ။

Online ပေါ်တွင် ရန်ဖြစ်ရင် ရန်ဖြစ်သူနဲ့ ညားပါစေ......။ Invite လုပ်စဉ် ပဲများလျှင် ထိပ်ပြောင်ကြီးနှင့် ညားမယ် အစဉ်။ ဒေါသကြီးထွား ရန်တွေ့ပြား ရှေ့သွားတစ်ချောင်း ကျိုးစေသား...။ စိတ်ထားပုပ်ပုပ် Block လုပ် အပျိုကြီးအဟုတ် ဖြစ်ပါစေ။ အသက်လိမ်ထား အပျိုကြီးများ ငှက်ပျောတုံးနဲ့ ညားစေသား။

ဟို Q ဒီ Q ထိုသို့လူ၊ မျက်တွင်းဟောက်ပက် ဖြစ်စေတမူ...။ ဟိုရှာ ဒီရှာ ကိုအတ္တာ Virus ကြီးကြီး ရပါစေ။ သဘောကောင်းသူ မောင်သာဂိ၊ အပျိုပေါက်လေးနဲ့ ညားစေ၏။

ကိုင်းဗျာ...မေတ္တာပို့လို့တော့ပြီးပြီ။ ယုတ်မာဖို့ပဲ ကျန်တော့တယ်။ (အဲလေ) ယောင်ချာချာသာဂိရဲ့အတွေ့အကြုံလေးတွေ မျှဝေပေးဖို့ပဲ ကျန်တော့တယ်။ ကျွန်တော်လည်း ရန်ကုန်မှာ သောင်တင်နေစဉ်အခိုက် ခါနာခါရေးဂါးဖို့အတွက် လစာကောင်းမယ့်အလုပ်ကို အွန်လိုင်းတက်ပြီး Job Search တွေမှာ လိုက်ရှာတာ၊ တွေ့တော့တွေ့တယ်။ အဆင်မပြေပါဘူး။ ဘာကြောင့်ဆိုတော့ အလုပ်ရှင်နဲ့ အင်တာဗျူးတဲ့အခါမှာ သူက ကျွန်တော့်ရဲ့လုပ်ငန်းအတွေ့အကြုံတွေ၊ ပညာအရည်အချင်းတွေ ဘာမှမေးမနေဘူး။ သူလိုချင်တာကိုပဲ ပြောပြတယ်။

ခိုင်းထားတဲ့ အလုပ်တစ်ခုကို တော်တော်နဲ့မပြီးရင် ကျွန်တော်လုပ်တာ နှေးတယ်တဲ့။ သူလုပ်တာ တော်တော်နဲ့ မပြီးရင်တော့ သူ စဉ်းစားနေတာတဲ့။

ကျွန်တော်က ဒီဟာကို မလုပ်ဘူးဆိုရင် ပျင်းတယ်တဲ့။ အဲဒီဟာကိုပဲ သူမလုပ်ရင်တော့ သူ အလုပ်များ နေတယ်တဲ့။

ကျွန်တော်က စကားမပြောဘဲ အလုပ်လုပ်နေရင် အလကားသက်သက် လူအထင်ကြီးအောင် ကြိုးစားနေတာတဲ့။ သူက ကျွန်တော့်လိုပဲ စကားမပြောပဲ လုပ်နေရင်တော့ စွန့်ဦးတီထွင်နေတာတဲ့။

ကျွန်တော်ကအလုပ်ရှင်ကို ချီးကျူးမိရင် ဖားနေတာတဲ့။ သူက သူ့အထက်က သူဌေးကို ချီးကျူးရင်တော့ ပူးပေါင်းဆောင်ရွက်တာတဲ့။

ကျွန်တော်က အမှားလုပ်မိရင် အလကားကောင် သောက်ရူးပဲတဲ့။ သူအမှားလုပ်မိရင်တော့ ငါက လူသားပဲကွာ၊ မှားမှာပေါ့တဲ့။

ကျွန်တော်က ရုံးအပြင်ကို ထွက်မိရင်တော့ ဂယောင်လုပ်ပြီး လျှောက်သွားနေတာတဲ့။ သူက ရုံးအပြင်ကို ထွက်သွားရင်တော့ စီးပွားရေး အခွင့်အလမ်း ရှာဖွေရေးအတွက် လိုက်လုပ်နေတာတဲ့။

ကျွန်တော်က တစ်ရက်တစ်လေလောက် နေထိုင်မကောင်းဖြစ်နေရင် မင်းဟာ လူပျော့ပဲတဲ့။ သူ တစ်ရက်တစ်လေ နေမကောင်းဖြစ်ခဲ့ရင်တော့ သူဟာ တကယ်စိုးရိမ်စရာ အရမ်းဖျားနေတာတဲ့။

ကျွန်တော်က ခွင့်ယူချင်တယ်လို့ပြောရင် ဒီနေ့ အစည်းအဝေးရှိတယ်တဲ့။ သူခွင့်ယူမယ်ဆိုရင်တော့ အလုပ်လုပ်ရတာ ပင်ပန်းလို့ နားမှ ဖြစ်မယ်တဲ့။

ကျွန်တော် လုပ်တာကောင်းနေရင် မသိချင်ယောင် ဆောင်နေတယ်။ ကျွန်တော် အမှားလုပ်မိရင်တော့ တစ်သက်လုံး သူဘယ်တော့မှ မမေ့တော့ဘူး။

ဒီတော့ ဒီအလုပ်ရှင်နဲ့ ဘယ်လိုအလုပ်လုပ်လို့ရမှာလဲ။ လောကကြီးဟာ ခက်ပါတယ်ဗျာ။ နေရေးထိုင်ရေး မလွယ်သလို၊ ဝမ်းရေးအတွက် ရှာရဖွေရတာလည်း မလွယ်ဘူးဗျ။ လွယ်တာဆိုလို့ ဘာရှိလဲ။ အင်တာနက်တက်ပြီး ဟိုဟာမတွေ့ပုံ ကြည့်တာပဲ လွယ်တယ်။ အဟိ! ကိုယ်က ဘုန်းကြီးကျောင်းသားမို့လို့ အင်္ဂလိပ်စာ မတတ်တာကြောင့် အမြန်တတ်အောင် ကျူရှင်သင်တန်းတက်တုန်းကလည်း ဒီလိုပဲ။ ကွမ်းယာဆိုင်ကုလားရဲ့ နတ်လမ်းညွှန်မှုကြောင့် နာမည်ကြီးပေ့ဆိုတဲ့ အင်္ဂလိပ်စာသင်တန်းကို ရောက်သွားခဲ့တယ်။ ကျွန်တော့်ကို သင်ပေးလိုက်တာတွေက ပေါက်ကရလေးဆယ် ဖြစ်နေမှန်း တိုးရစ်တွေနဲ့ စကားပြောကြည့်မှ သိတော့တယ်။ ကျွန်တော့်ကို သင်ပေးလိုက်တဲ့ အင်္ဂလိပ်စာနဲ့ အနက်အဓိပ္ပာယ်တွေကို ကြည့်ကြပါဦးဗျာ။

How old are you? မင်းဘယ်လို အိုမင်းသွားတာလဲ။

Quite well၊ အတော်ကောင်းတဲ့ ရေတွင်း။

How long have you been over here၊ ဒီမှာ မင်း ဘယ်လိုလုပ်ပြီး ရှည်လာတာလဲ။

All right၊ အားလုံး ညာဘက်။

Go out with date၊ နေ့စွဲနဲ့ အပြင်ထွက်သည်။

Everything will be all right။ အားလုံး ညာဘက် ဖြစ်သွားလိမ့်မယ်။

I'm not feeling well။ ငါ ရေတွင်းကို ခံစားလို့ မရတော့ဘူး။

မဟာရန်ကုန်မြို့ကြီးမှာ ဟိုဟာလည်း အဆင်မပြေ၊ ဒီဟာလည်း အဆင်မပြေတာကြောင့် နောက်ဆုံးတော့ ကျွန်တော့်အတွက် အကောင်းဆုံးဖြစ်စေမယ့် ဘဝဒဿနတစ်ခုကို ဆင်ခြင်လိုက်မိပါတော့တယ်။ ကျွန်တော့်လို ဘာလုပ်လုပ် ဘာကိုင်ကိုင် အဆင်မပြေဖြစ်နေသူတွေအတွက် ကျွန်တော့်ကိုယ်ပိုင် ဘဝဒဿနတွေကို မျှဝေပေးလိုက်ပါတယ်။ အဲဒီအတိုင်း လိုက်နာကျင့်သုံးမယ်ဆိုရင် မိမိတစ်ဘဝစာသာမက ကမ္ဘာကြီးတစ်ခုလုံး သာယာလှပ သွားစေမယ်လို့ အခိုင်အမာ ယုံကြည်မိကြောင်းပါခင်ဗျာ။ (Page - 26)

# နာမည်ကျော် Business Card များ

BY YHT

စီးပွါးရေးလောကအတွင်း လူတစ်ဦး၏ Business Card မှာ အလွန်ကို အရေးပါပါတယ်။ လုပ်ငန်းရှင်တစ်ဦး၏ Business Card ကို ကြည့်ခြင်းအားဖြင့် ၎င်း၏ လုပ်ငန်းအနေအထားကို ခန့်မှန်းနိုင် သလို တစ်ကိုယ်ရေသုံး Business Card များကို ကြည့်ခြင်းဖြင့်လည်း ၎င်း၏ လုပ်ငန်းကျွမ်းကျင်သေသပ်မှုကို ခန့်မှန်းနိုင်ပါတယ်။

အချို့ Business Card များမှာ ဒီဇိုင်းအနေဖြင့် ရိုးရှင်းသော်လည်း ဖော်ပြထားတဲ့ အချက်အလက်စုံလင်မှုတို့က တစ်ဖက်လူကို အထင်ကြီးသွားစေနိုင်ပါတယ်။ သို့ပေမယ့် တစ်ချို့အချိန်များမှာတော့ မိမိ Business Card ရဲ့ ဒီဇိုင်းမလှပမှု၊ အချက်အလက် မပြည့်စုံမှုတို့ကလည်း တစ်ဖက် လုပ်ငန်းရှင်မှ မိမိကို အထင်သေးစေပါတယ်။

အခုဖော်ပြပေးသွားမှာကတော့ ကမ္ဘာကျော် နည်းပညာရှင်များရဲ့ Business Card များနှင့် အတုယူဖွယ် Business Card များ ဖြစ်ပါတယ်။ တစ်ချို့ Business Card များဟာ ၎င်းတို့ နာမည်မကျော်စဉ်အချိန်များက ရိုက်နှိပ်ခဲ့သော Card များဖြစ်ပြီး အချို့ Business Cardများကလည်း ရယ်စရာ အဖြစ်အပျက်များသာမက အတုယူစရာ ဒီဇိုင်းဖန်တီးပုံနှင့် အချက်အလက် တင်ပြပုံတို့ကို လေ့လာရမှာ ဖြစ်ပါတယ်။

## All-in-one



Akfun လုပ်ငန်းစုရဲ့ ဒီလိုမျိုး ၂ ထပ် Business Card လေးဟာ လိုအပ်တဲ့ အချက်အလက်များကို တစ်ပေါင်းတည်း ဖော်ပြပေးနိုင်တာကို တွေ့ရပါတယ်။ ဆန်းပြားတဲ့ ဒီဇိုင်းနဲ့ ဖန်တီးထားတဲ့ ဒီလိုမျိုး Business Card မျိုးကို လူတိုင်း လိုချင်ကြပေမယ့် အရင်အနီးကတော့ အတော်လေးကို ကုန်ကျမှာ ဖြစ်ပါတယ်။

## Google




တစ်ချို့ Business Card တွေဟာ တစ်ခါတလေ Google Results ရဲ့ Themes လို ပြောင်ချော်ချော် ဖြစ်နေတတ်ပါတယ်။ ဒီလိုမျိုး Business Card မျိုးတွေကို ၂၀၀၉ ခုနှစ်အတွင်းက ၎င်းတို့ရဲ့ Google Profile တွေကို လူသိစေဖို့အတွက် ရည်ရွယ်ပြီး ထုတ်လုပ်ခဲ့ပါတယ်။

## Low-Tech




အကယ်၍ သင့်ရဲ့ Business Card ကို အကုန်ကျ သက်သာချင်တယ်ဆိုရင်တော့ ဒီဟာလေးကို အတုရမှာပါ။ ဂျပ်ပုံး အခွံပေါ်မှာ ဆေးရိုက်ပြီး စတေကာ ကပ်ထားတဲ့ အတွေးလေးဟာ ရိုးရှင်းပေမယ့် တစ်ဖက်လူတွေရဲ့ အမြင်မှာတော့ ထူးထူးခြားခြား အမြင်ဆန်းနေမှာ ဖြစ်ပါတယ်။

## Circuit Board



အီလက်ထရောနစ် အင်ဂျင်နီယာ တစ်ဦး ဖြစ်ပြီး University of Waterloo ကျောင်းသားတစ်ဦး ဖြစ်တဲ့ Frank Zhao ရဲ့ Business Card ကတော့ လုပ်နေတဲ့ အလုပ်နဲ့ အတော်လေးကို ကိုက်ညီမှုရှိပါတယ်။ ဆားကစ်ပုံစံ ဖန်တီးထားတဲ့ ၎င်းရဲ့ ဆားကစ် Business Card ကလည်း အမြင်ကောင်းပြီး ဆန်းသစ်ပေမယ့် လူတစ်ကာကို ဝေဌဖို့အတွက်ကိုတော့ စဉ်းစားရပါမယ်။

## Quarter Card




ဒီ BusinessCard အမျိုးအစားကတော့ ကိုယ့်မှာ အကြွေစေ့လေးရှိနေမှ အဆင်ပြေမှာပါ။ ခဲခြစ်ပုံစံ မျိုးဖန်တီးထားတဲ့ ဒီလို Business Cardဟာ စိတ်ကူးဉာဏ်ကောင်းသော်လည်းတစ်ဖက်လူကိုတော့ အလုပ်ရှုပ်စေမှာ အမှန်ပဲဖြစ်ပါတယ်။

## The Metal Look




သံထည်ပုံစံ Business Card တွေဟာ ကမ္ဘာပေါ်မှ အခုနောက်ပိုင်း အတော်လေးကို ခေတ်စားလာနေပါတယ်။ ဒီ Business Card ဟာလည်း နေ့စဉ်နဲ့အမျှ မြင်တွေ့နေရတဲ့ စာရွက်သား Card များထက် ထူးခြားပေမယ့် ပြုလုပ်ရတာတော့ အတော်လေး လက်ဝင်မှာပါ။

## Hole Business



ဒီ Business Card လေးကို ကြည့်လိုက်ရင် ပေါ်ကြောင်ကြောင် နိုင်တယ်လို့ ထင်ရပေမယ့် လက်ကို ကြိုးဖြင့် ရစ်ပတ်ထားတဲ့ ပုံစံလေး ဒီဇိုင်းဆင်ထားတာကတော့ ဆန်းသစ်မှုတစ်ခုဖြစ်ပြီး လုပ်ငန်းနဲ့လည်း ကိုက်ညီမှုရှိပါတယ်။

## Light Business Card



ချီးကျူးဖို့ကောင်းတဲ့ ဒီလိုမျိုး Business Card ကို ထုတ်လုပ်တာ ကတော့ University of Nabraska ဖြစ်ပါတယ်။ ၎င်းတို့ရဲ့အဆိုအရ ဒီ Card အတွင်း ပါဝင်တဲ့ ချိတ်ဆက်မှုများက LED မီးလုံးကို အလင်းရောင်ပေးနိုင်တဲ့ သတ္တိရှိတယ်လို့ သိရပါတယ်။ ဒီလိုမျိုး Business Card ကို ပြုလုပ်ဖို့ဆိုရင်တော့ ကျွန်တော်တို့ တော်တော်ကို စဉ်းစားရမှာပါ။

## Mind-Bending



New York မြို့ရှိ ဒီဇိုင်းကုမ္ပဏီတစ်ခုဖြစ်တဲ့ Heads Inc. ရဲ့ Business Card ကတော့ ဖောက်ထွင်းမြင်နိုင်တဲ့ပုံစံဖြင့် ဆန်းသစ်စွာ ဒီဇိုင်းဆင်ထားပြီး ကျွန်တော်တို့ အနေနဲ့တောင် မည်ကဲ့သို့ ပြုလုပ်ထားလဲဆိုတာ သိရှိဖို့ ခက်ခဲပါတယ်။


ဒီလိုဆိုရင် အခုဖော်ပြပေးသွားတဲ့ ဆန်းသစ်တဲ့ Business Card အပိုင်းက လုံလောက်ပြီလို့ထင်ပါတယ်။ ဒါဆိုရင်တော့ ကျွန်တော်တို့ ကမ္ဘာကျော်တွေရဲ့ Business Card ဘက်ကိုလှည့်လိုက် ရအောင်။

## Bill Gates




Microsoft Founder ဖြစ်သူ Bill Gates က ၎င်းရဲ့ ယခင် Business Card အဟောင်းရဲ့ ဒီဇိုင်းကို Fortune Magazine မှာ ပြသခဲ့ပါတယ်။ ဒီ Business Card ကို ရိုက်နှိပ်တဲ့ အချိန်မှာ ၁၉၇၀ ခုနှစ်များအတွင်းဖြစ်ပြီး Microsoft ကလည်း New Mexico မြို့တော်မှာပဲ ရှိနေပါသေးတယ်။

## Kevin Mitnick



နာမည်ကျော် Hacker တစ်ဦးဖြစ်တဲ့ Kevin Mitnick ရဲ့ Business Card ဟာ သံထည်နှင့် ပြုလုပ်ထားပြီး ၎င်းရဲ့ အလုပ်အကိုင်ကိုလည်း ထင်ဟပ်နေစေပါတယ်။ ဒီ Card ရဲ့ ထူးခြားချက်ကတော့ Card ကို အသုံးပြုပြီး သော့များကို ဖွင့်နိုင်ခြင်းပါပဲ။

## Larry Page





ဒီ Business Card ကတော့ ကမ္ဘာကျော် Google ကို ပူးပေါင်းဖန်တီးခဲ့တဲ့ Larry Page ရဲ့ Business Card ဖြစ်နေပေမယ့် သင့်အနေနဲ့ ဒီလိုမျိုး Card နှင့်သာ အလုပ်သွားလျှောက်မယ်ဆိုရင် ကျိန်းသေပေါက် စူးစိုက်ကြည့်ခြင်းခံရမယ့် အခြေအနေပါ။

## Steve Jobs




ဒီBusiness Card ကိုတော့ နောက်ထပ်ရှေးကျတဲ့ Card လို့ပဲဆိုရပေမယ့် ကွယ်လွန်သွားပြီဖြစ်တဲ့ Apple Co-founder ရဲ့ အအောင်မြင်ဆုံး အချိန်တွေကို ရောက်ရှိဖို့အတွက် အကူအညီပေးခဲ့တာကတော့အမှန်ပဲ ဖြစ်ပါတယ်။

## Steve Wozniak



Apple ရဲ့ co-founder တစ်ဦးဖြစ်သူ Steve Wozniak ရဲ့ Business Card ဟာလည်း သံထည်နဲ့ပဲ ပြုလုပ်ထားခြင်းဖြစ်ပြီး ပါဝင်လိုတဲ့ အချက်အလက်များ အားလုံးကိုလည်း ပြည့်ပြည့်စုံစုံ ထည့်သွင်းထားပါတယ်။

## Eat Your Business



ဒီ Business Card ကတော့ ကမ္ဘာပေါ်မှာ အထူးခြားဆုံးနဲ့ အံ့သြဖို့ အကောင်းဆုံး Card လို့ ဆိုရမှာပါ။ meatcards.com မှ ထုတ်လုပ်ခဲ့တဲ့ ဒီ Card တွေဟာ အမဲသားအား လေဆာနည်းပညာ အသုံးပြုပြီး တဆင့်ပြုလုပ်ထားတဲ့အတွက် စားလို့ရကြောင်း သတင်းများထွက်ပေါ်ခဲ့ပါတယ်။

*Ref: PCWorld*



# ၂၀၁၂ အတွင်း ထွက်ပေါ်လာသည့် Open Source များ

By YHT

ထုတ်ပြန်ထားသည့် စီမံချက်များအရသာဆိုလျှင် Open Source ဘီလူးကြီးဖြစ်သည့် Red Hat မှာ ၁ နှစ်အတွင်း ဘီလီယံနှင့်ချီသော အမြတ်ငွေများရရှိမည့် ပထမဆုံး ကုမ္ပဏီ ဖြစ်လာလိမ့်မည်။ ထိုကဲ့သို့ ဖြစ်ပေါ်လာလျှင်တော့ community base တစ်ခုအနေဖြင့် ဖွဲ့စည်းလုပ်ကိုင်နေသော Open Source မိသားစုအတွင်း ကွဲပြားခြားနားမှုကြီးများ ဖြစ်ပေါ်လာနိုင်ပြီး Software များ ရေးသားသည့် ရည်ရွယ်ချက်၊ ပုံစံများကိုပင် ထိခိုက်လာနိုင်သည့် အခြေအနေပင်။

Red Hat ၏ CEO မှတော့ "ကျွန်တော်တို့အနေနဲ့ Open Source တွေကို ဖန်တီးတီထွင်တဲ့နေရာမှာ ပိုပြီး အကျိုးရှိဖို့ ကြိုးစားလုပ်ဆောင်ရမှာဖြစ်ပြီး၊ Open Source ရေးသားထုတ်လုပ်တဲ့ ကုမ္ပဏီများ အနေနဲ့လည်း ကြီးကြီးငယ်ငယ် အခြေခံ အချက်အလက်တွေကို ပြုပြင်ရပါမယ်" လို့ ပြောကြားထားပါတယ်။

တစ်ကယ်တော့ နာမည်ကျော် Open Source software များဖြစ်သည့် Linux၊ Apache Web Server၊ Perl၊ Apache၊ Hadoop၊ OpenOffice၊ GIMP နှင့် အခြား software အများစုဟာ Open Source အစစ်အမှန်နေရာမှ တဖြည်းဖြည်း ဝေးကွာနေခဲ့ကြပါပြီ။ ထိုသို့ဆိုလျှင် ၎င်းတို့ ခေတ်ပြီးနောက် Open Source ကမ္ဘာတွင် နေရာယူလာကြမည့် software များ အနေဖြင့် မည်ကဲ့သို့ အခြေခံနည်းပညာများနှင့် လုပ်ငန်းစုများကို အသုံးပြုပြီး ရပ်တည်သွားမည်ဆိုတာကို လေ့လာရမှာဖြစ်ပြီး Developer များ၏ စိတ်ကူးစိတ်သန်းများကို မည်ကဲ့သို့ ဖမ်းစားသွားမည်ဆိုတာကိုလည်း စောင့်ကြည့်သွားရမှာ အမှန်ပင်ဖြစ်ပေတော့သည်။



## Nginx

ဖြတ်သန်းခဲ့သော ဆယ်စုနှစ်အတွင်းမှာ ထွက်ပေါ်ခဲ့တဲ့ Web Server software တွေဟာ တည်တည်ငြိမ်ငြိမ်ဖြင့် အသုံးပြုနိုင်ခဲ့ကြသည်။ Apache ကို Web Server အများစုအတွင်း တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့ကြပြီး Microsoft ၏ IIS (Internet Information Service) ကိုတော့ ကျန်ရှိသည့် Server များအတွင်း အသုံးပြုခဲ့ကြသည်။ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း အဆိုပါ နာမည်ကျော်များထဲမှ ပေါ်ထွက်လာသော Open Source software ရဲ့ အမည်ကတော့ Nginx (engine-x ဟု အသံထွက်သည်) ဖြစ်ပြီး လူအများမှ ကြိုက်နှစ်သက်သည့် အချက်မှာ high-volume traffic များကို လွယ်လွယ်ကူကူ ထိန်းချုပ်နိုင်ခြင်းကြောင့်ပင်။

Nginx ကို မတူညီသော Internet Domain ပေါင်း သန်း ၅၀ ကျော်တွင် အသုံးပြုထားပြီး များသောအားဖြင့် Traffic အလွန်တက်သော Facebook၊ Zappos၊ Groupon၊ Hulu၊ Dropbox နှင့် Wordpress တို့တွင် အသုံးပြုကြသည်။ Software ရေးသားသူဖြစ်သော Igor Sysoev ဟာ Nginx ကို ၂၀၀၄ ခုနှစ်အတွင်း ပုံဖော်ခဲ့ခြင်းဖြစ်ပြီး ရည်ရွယ်ချက်ကတော့ မြင့်မားလှသော user များ ဝင်ရောက်အသုံးပြုနေသည့် website များအတွက် ဖြစ်ကြောင်းနှင့် server တစ်လုံးကို connection ၁၀,၀၀၀ အထိ ပြုလုပ်ရသော website များအတွက်လည်း ရည်ရွယ်တယ်လို့ ဆိုထားပါတယ်။

၂၀၁၂ ကို Nginx အတွက် စိတ်ဝင်စားစရာ ပြည့်နက်နေတဲ့ နှစ်ဟု ဆိုနိုင်သည်။ ယခင်နှစ်အတွင်း Nginx ဟာ များပြားလှတဲ့ ကုမ္ပဏီ အဖွဲ့အစည်းများမှ အသားတင် အမြတ်ငွေ ဒေါ်လာ ၃ သန်းကျော် ရရှိခဲ့ပြီး Nginx အား အထူး အထောက်အပံ့ပေးသူများထဲတွင် Dell ၏ CEO ဖြစ်သူ Michael Dell လည်း ပါဝင်ကြောင်း သိရသည်။ Dell ဟာ Nginx ၏ CDN (content delivery package) ကို ထောက်ပံ့ပေးနိုင်ရန်အတွက် Jet-Stream နှင့် ပူးပေါင်းခဲ့ပြီး နောက်ထပ် နာမည်ကျော် ကုမ္ပဏီဖြစ်သည့် Amazon မှလည်း AWS (Amazon Web Service) cloud ဝန်ဆောင်မှုကို ပြုလုပ်ရန်အတွက် Nginx နှင့် တွဲဖက်အလုပ် လုပ်ကိုင်လျှက်ရှိနေသည်။

ထိုကဲ့သို့ ကြီးမားတဲ့ နာမည်ကျော် Web Operation များအတွင်း Nginx ကို အသုံးပြုနေကြသော်လည်း ကုမ္ပဏီမှတော့ ၎င်းတို့ software ကို ပိုမိုဖွံ့ဖြိုးသော Cloud ဝန်ဆောင်မှုလုပ်ငန်းများအတွင်း အသုံးပြုစေလိုကြောင်း co-founder ဖြစ်သူ Alexeev မှ သတင်းထုတ်ပြန်ထားသည်။ ထို့နောက် ယခုနှစ်အတွင်း ထွက်ရှိမည့် software ကိုလည်း Shared Hosting များအတွက် ပိုမို အဆင်ပြေစေမည့် ဝန်ဆောင်မှုများ ထည့်သွင်းမည်ဟု ဆိုထားပြီး အဓိကအားဖြင့် DDoS Attack များကို ကာကွယ်ရန်ဖြစ်ကြောင်း သိရသည့်အတွက် ထွက်ရှိမည့် Nginx မှာ လုံခြုံရေးကို အထူးအားထားပြီး ဂရုပြုလေ့လာသင့်သည့် Open Source တစ်ခုပင် ဖြစ်ပါသည်။

## Open Stack



Open Stack မှာ Cloud ဝန်ဆောင်မှုအတွင်း ဝင်ရောက်လာသည့် software ဖြစ်ပြီး ၎င်း၏ အစားထိုးမရနိုင်သော အချက်မှာ တိကျသေချာပြီး ကောင်းမွန်သော ဝန်ဆောင်မှုပင် ဖြစ်သည်။

Open Stack ၏ တာဝန်ရှိသူတစ်ဦးဖြစ်သူ Jonathan Bryce မှ " ကျွန်တော်တို့ Cloud ဝန်ဆောင်မှု အသုံးပြုနေတဲ့ server ပေါင်း အလုံး ၁၀၀ (သို့) ၁၀၀၀ ပေါ်မှာ Open Stack ကို အသုံးပြုဖို့ ပြောမနေပါဘူး၊ ဒါပေမယ့်လည်း အခြား ဘယ် software က ဒီလိုမျိုး လိုအပ်ချက်တွေကို ဖြည့်စည်းပေးနိုင်လို့လဲ" ဟု ကြော်ငြာထားသည်။

၎င်း၏ ကြော်ငြာချက်မှာလည်း မလွန်။ ၂၀၁၀ ဇူလိုင်လအတွင်း ထုတ်လုပ်ခဲ့သည့် Open Stack ဟာ ထွက်ထွက်ချင်း အချိန်မှာပင် HP၊ Intel နှင့် Dell ကဲ့သို့ နာမည်ကျော် ကုမ္ပဏီများ၏ စိတ်ဝင်စား ခြင်းကို ခံခဲ့ရသည့်အပြင် လုပ်ငန်းပေါင်း ၁၁၄ ခုမှ သုံးစွဲသည့် အတွက် Open Stack မှ ၎င်းတို့ကိုယ်ကို အလျှင်မြန်ဆုံး တိုးတက်လာသည့် လုပ်ငန်းဟု မှတ်ချက်ခဲ့ရသည်။

ထိုသို့ဖြစ်ပြီး မကြာခင်ကာလအတွင်း Dell မှ Open Stack နှင့် ကုမ္ပဏီ ကိုယ်ပိုင် Server၊ Software များ ပေါင်းထားသည့် Dell OpenStack Solution ကို ဖြန့်ချိခဲ့ပြီး HP မှလည်း အဆိုပါ နည်းပညာနှင့်ပင် အများသုံး Cloud ဝန်ဆောင်မှုတစ်ခုကို ထုတ်လုပ်ခဲ့သည်အထိ Open Stack မှာ အောင်မြင်ခဲ့သည်။

ထိုသို့ နာမည်ကြီးသည့် Open Stack ကို အထင်မသေးနိုင်စရာ အကြောင်းတစ်ချက်ကတော့ ၎င်း၏ အစိတ်အပိုင်းများကို NASA Ames Research Center တွင် ထုတ်လုပ်ခဲ့ခြင်းဟု ဆိုခြင်းပင်။ အဆိုပါ နည်းပညာ၏ အားသာချက်မှာ Cloud Storage တွင် ရှိသော Space များ၏ ပမာဏကို ထိန်းသိမ်းပေးနိုင်ခြင်းဖြစ်သည်။ တစ်ကယ်တမ်းဆိုလျှင် NASA ၏ ပထမဆုံး အသုံးပြုခဲ့သော software မှာ Open Stack မဟုတ်၊ Eucalyptus ဟူသော software အမျိုးအစားဖြစ်သည်။ သို့သော်လည်း အဆင်မပြေမှုများစွာဖြင့် NASA မှ အဆိုပါ software ကို စွန့်လွှတ်ခဲ့ရပြီး NASA Ames ၏ CIO ဖြစ်ခဲ့သူ Chris Kemp ၏ ထောက်ခံချက်ဖြင့် Open Stack ကို အသုံးပြုခြင်းခဲ့သည်။

Software ၏ တာဝန်ရှိသူတစ်ဦးဖြစ်သော John Engates မှ "၂၀၁၁ ခုနှစ်ဟာ ကျွန်တော်တို့ အစတည်ခဲ့တဲ့နှစ်လို့ ပြောလို့ရပါတယ်၊ ဒါပေမယ့် ၂၀၁၂ မှာတော့ Private နဲ့ Public cloud ဝန်ဆောင်မှုတွေအတွက် ဒီ အခြေခံအချက်တွေက အကောင်းဆုံး အထောက်အကူပေးနိုင်မယ်လို့ ထင်တယ်" ဟု သတင်း ဌာနများသို့ ကြော်ငြာသွားခဲ့သည်။

## Stig

ယခင်နှစ်များအတွင်း Cassandra၊ Mongo DB၊ CouchDB၊ အခြား မြောက်များစွာသော Database Software လောကအတွင်း ငြိမ်သက်မှုများ ဖြစ်ပေါ်နေခြင်းကို လူတိုင်း သတိပြုမိကြမည်။ သို့သော်လည်း ၂၀၁၁ ခုနှစ် September လအတွင်း ကျင်းပခဲ့သည့် NoSQL Now Confrence တွင် ထုတ်ဖော်ပြသခဲ့သည့် software များထဲမှ Stig ဟူသော software ကို လူအများမှ စိတ်ဝင်စားနေကြမည်မှာ အမှန်ပင်။

Stig အား Social Network များ၏ Work Load များကို ထိန်းညှိပေးရန် အထူးပြုလုပ်ထားသော software တစ်ခု ဖြစ်သည်။ ၎င်းကို တီထွင်စဉ်ကလည်း Tagged ဟူသော Social Network ၏ အင်ဂျင်နီယာ ဖြစ်သူ Jason Lucas မှ ဖန်တီးခဲ့ခြင်းဖြစ်ပြီး အဓိကအားဖြင့် Social Application များကို ထိန်းညှိပေးရန် ဖြစ်ကြောင်း သိရသည်။


ထိုကဲ့သို့ စိတ်ဝင်စားစရာများရှိသော Stig ၏ ဇာတ်လမ်းမှာလည်း ဒဏ္ဍာရီသဖွယ်ပင်။ Stig မှာ ယခုထိ မထွက်ရှိသေးသော်လည်း ကျွမ်းကျင်သူများမှတော့ software မှာ Social Network လောကအတွက် တစ်စိတ်တစ်ဒေသ အထောက်အကူပေးနိုင်မည်ဟုထင်ကြောင်းနှင့် Social Application များကိုလည်း ထိန်းကျောင်းပေးနိုင်မည်ဟု ထင်မြင်မိကြကြောင်း ဆိုထားသည်။

Stig ဟာ အခုချိန်မှာတော့ Tagged ၏ Server တစ်ခုတွင် အသုံးပြုနေသော်လည်း ကုမ္ပဏီမှတော့ Software ၏ အသုံးပြုမှုအား တိုးချဲ့လိုနေသည်။ Stig ၏ Developer များမှတော့ ၎င်းတို့၏ Source Code ကို ၂၀၁၁ ဒီဇင်ဘာလအတွင်း ပြသသွားရန် စီစဉ်ထားခဲ့သော်လည်း အချိန်မှာ ရွှေ့လျားသွားခဲ့ကာ ၂၀၁၂ တွင် ကြေညာ ပေးသွားမည်ဟု သတင်းထုတ်ပြန်ခဲ့ရသည်။

*Ref: PC World*

# ကမ္ဘာ့ ရေအနက်ဆုံးထိ ဆင်းသက်နိုင်ခဲ့ပြီဖြစ်သော James Cameron

By YHT



ကမ္ဘာကျော်ရုပ်ရှင်ကားများ ရိုက်ကူးရာတွင် နာမည်ကျော် ဒါရိုက်တာတစ်ဦးဖြစ်သူ James Cameron မှာ မတ်လ ၂၅ ရက်နေ့တွင် သမုဒ္ဒရာရေအနက်ဆုံးထိ ဆင်းသက်နိုင်ခဲ့ကြောင်း သိရပါတယ်။

James Cameron ဟာ ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ Guam ကျွန်းစု အနောက်တောင်ဘက် ၃၅၇၅၆ ပေရှိ ရေအောက် အနက်သို့ ဆင်းသက်ခဲ့ခြင်းဖြစ်ပြီး ရေအောက်တွင် ၄ နာရီခန့် ကြာမြင့်သော လေ့လာမှုများ ပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

စံချိန်တင် ရေအနက်ဆုံး နေရာထိဆင်းသက်ခဲ့သော James Cameron ဟာ ယခုကဲ့သို့ ပြုလုပ်နိုင်ရန်အတွက် ၇ နှစ်မျှ ပြင်ဆင်ခဲ့ရကြောင်းနှင့် သမုဒ္ဒရာ ရေအနက်ဆုံးကို ထိမိခဲ့သော ခံစားချက်မှာ မည်သည့် ခံစားချက်နှင့်မျှ မတူကြောင်း သတင်း ထုတ်ပြန်ခဲ့ပါတယ်။

အသက် ၅၇ နှစ်အရွယ်ရှိ ဒါရိုက်တာကြီး James Cameron မှာ နာမည်ကျော် ဇာတ်ကားများဖြစ်သည့် The Terminators၊ Aliens၊ Titanic နှင့် Avatar များကို ရိုက်ကူးခဲ့ပြီး ယခုပြုလုပ်ခဲ့သော ဖြစ်ရပ်ကိုလည်း 3D နည်းပညာဖြင့် ရိုက်ကူးထားကာ ပြန်လည် ထုတ်လုပ်သွားမှာ ဖြစ်ကြောင်း သိရပါတယ်။


*Ref: The Washington Post*

# ကမ္ဘာ့ စွမ်းအား အမြင့်ဆုံး Telescope အား ၂၀၁၆ တွင် ဆောက်လုပ်သွားမည်

By YHT

စကြာဝဠာ၏ မဖြေရှင်းနိုင်သော ကိစ္စရပ်များကို အဖြေရှာသွားနိုင်ရန်အတွက် ကမ္ဘာ့စွမ်းအားအမြင့်ဆုံး Telescope အား ၂၀၁၆ ခုနှစ်တွင် ဒေါ်လာ ၁.၃ ဘီလီယံ အကုန်ကျခံကာ ဆောက်လုပ်သွား မည်ဖြစ်ကြောင်း သိရပါတယ်။

Square Kilometer Array (SKA) ဟု အမည်ရသော အဆိုပါ Telescope အား တည်ဆောက်ရန်အတွက် ကမ္ဘာ့သိပ္ပံပညာရှင်များမှာ ဧပြီလ ၃ ရက်နေ့တွင် Amsterdam မြို့တော်တွင် ဆွေးနွေးကြမည်ဖြစ်ပြီး အဓိကမှာ တည်ဆောက်မည့် နေရာအနေအထားဖြစ်ကြောင်း၊ တည်ဆောက်မည့် ဧရိယာ အကျယ်အဝန်းကတော့ ၁,၉၀၀ မိုင်ဖြစ်ကြောင်းနှင့် ၂၀၁၆ တွင် တည်ဆောက်မည် ဖြစ်ကြောင်း အတည်ပြု ကြော်ငြာထားပါတယ်။



နက္ခတ္တဗေဒပညာရှင်များမှတော့ ယခုကဲ့သို့ ၁,၉၀၀ မိုင်တစ်လျှောက် ထောင်သောင်း ပေါင်းများစွာ စုစည်းထားမည့် ဂြိုလ်တုစလောင်းများကြောင့် စကြဝဠာအား ပိုမို တိကျသေချာစွာ မြင်တွေ့သွားနိုင်မှာဖြစ်ကြောင်း၊ ထို့ပြင် Relativity Theory ကဲ့သို့ ရှုပ်ထွေးသော ပုစ္ဆာများနှင့် Black Hole ကဲ့သို့သော တိကျစွာမြင်နိုင်ရန် ခက်ခဲသည့်နေရာများအား သေချာစွာ လေ့လာသွားနိုင်တော့မှာ ဖြစ်သည့်အတွက် ဝမ်းသာမိကြောင်း MailOnline သတင်းဌာနသို့ ပြောကြားသွားကြပါတယ်။

နောက်ဆုံးရ သတင်းများအရ ၂၀၁၆ ခုနှစ်တွင် စတင် တည်ဆောက်မည့် အဆိုပါ SKA Telescope မှာ အသုံးပြုသွားရန် ၈ နှစ်ခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရပါတယ်။

*Ref: DailyMail*

# Wi Fi ဆိုတာ

By YO



WiFi ကို WiFi လို့ ပဲရေးရေး ။ Wi-fi လို့ ပဲရေးရေး၊ Wifi လို့ ပဲရေးရေး ရပါတယ်။ အတူတူပါပဲ ။ အရှည်ကတော့ "Wireless Fidelity" ဖြစ်ပါတယ်။ WiFi ရဲ့မူလပိုင်ရှင်ဟာ Wi-Fi Allance ဖြစ်ပါတယ်။ ၎င်းဟာ IEEE802.11 ရဲ့ Specifications တွေပေါ်မှာ Based လုပ်ထားတဲ့ WLAN (Wireless Local Area Network) ပဲ ဖြစ်ပါတယ်။ Wi-Fi ကို ဘယ်မှာ အသုံးပြုကြမလဲဆိုတော့ Mobile Computing ပေါ့ဗျာ။ Laptops တွေကို Wireless LAN ချိတ်မယ်။ ဒါပေမဲ့ အခုဒါက သိပ်မထူးဆန်းဘူးဗျ။ ဒီထက်ပိုပြီး သုံးလာကြပြီ မဟုတ်ပါလား ။

ဥပမာ - Internet အပါအဝင် VOIP Phone Access တွေ၊ Gaming Application တွေ၊ အခြားသော အခြေခံလျှပ်စစ်ပစ္စည်းတွေ ဖြစ်ကြတဲ့ TV တွေ၊ DVD တွေကို ချိတ်ဆက်တဲ့နေရာတွေမှာ ဖြစ်ပါတယ်။ ဟုတ်ပါတယ်။ ကြိုးတွေ တွေ့ကြရမှာတော့ မဟုတ်ပါဘူး ။ ဒီထက်ပိုပြီး ဖွံ့ဖြိုးတိုးတက်လာတာ ပြောရ ဦးမလား။ ဥပမာ - Wi-Fi ကို ကားတွေမှာသုံးမယ်။ ဘယ်လိုသုံးကြမလဲ။ ၎င်း WiFi ကို အသုံးပြုပြီး ကားရဲ့ရှေ့က အခြေအနေတွေ Statistics တွေကို စုဆောင်းမယ်။ တင်ပြမယ်။ ဒီတော့ ပိုပြီးတော့ Safety ဖြစ်လာမယ် ။ ဒါကို Intelligent Transportation System လို့ ခေါ်ပါတယ်။ နောက်ပြီး Highway သွားနေရင်းနဲ့ Mobile Commerce လုပ်လို့ ရပါသေးတယ် ။

Wi-Fi Alliance ဆိုတာ Wi-Fi Trademarks ကို ပိုင်ဆိုင်တဲ့ စီးပွားရေးအဖွဲ့ အစည်း တစ်ခုပဲ ဖြစ်ပါတယ်။ Wi-Fi ဆိုတာ Wireless Local Area Network ရဲ့ Technique နှင့် Methods ကို သတ်မှတ်ပေးတဲ့ IEEE 802.11 ကို ရည်ညွှန်းတာပဲ ဖြစ်ပါတယ်။ ဒီ Wi-Fi Alliance က ၁၉၉၉ တုန်းက WECA (Wireless Ethernet Compatibility Alliance) နာမည်နဲ့ပါ။ နောက်မှ WECA ကို Wi-Fi Alliance လို့ ၂၀၀၃ ခုနှစ်ကျမှ ပြောင်းလိုက်တာပါ။ ဒီ WECA မှာ ပါဝင်သူတွေကတော့ -

(၁) 3 Com
(၂) Aironet (ယခု Cisco)
(၃) Harris Semiconductor (ယခု Intersil)
(၄) Lucent (ယခု Agere)
(၅) Nokia နှင့်
(၆) Symbol Technologies တို့ ပဲ ဖြစ်ကြပါတယ် ။

Wi-Fi Alliance က Austin , Texas မှာ အခြေစိုက်ထားပါတယ်။ IEEE 802.11 ဆိုတာ Wireless LAN ကိုသတ်မှတ်ခဲ့တဲ့ LAN / MAN Standard ကော်မတီဖြစ်တဲ့ IEEE 802 ရဲ့ အလုပ်အဖွဲ့ (၁၁) ကို ဆိုလိုတာဖြစ်ပါတယ်။ IEEE 802.11 ကို 802.11 Legacy လို့ လည်း တစ်ခါတရံ ခေါ်ပါသေးတယ်။ ဘာလို့ လဲဆိုတော့ IEEE 802.11 မှာ IEEE 802.11a, IEEE 802.11b စသည်ဖြင့် IEEE 802.11x ဆိုပြီး ရှိနေတာကြောင့် ဖြစ်ပါတယ် ။


VOIP ဆိုတာ Voice Over Internet Protocol ဖြစ်ပါတယ်။ သူ့ကို IP Telephony , Internet Telephony, Broadband Telephony, Broadband Phone, Voice Over Broadband စသည်ဖြင့် ခေါ်ဆိုကြပါသေးတယ်။ ဆိုလိုရင်းကတော့ အင်တာနက်ကိုပဲဖြစ်စေ၊ တခြား IP Based Network တစ်ခုကိုပဲဖြစ်စေ၊ သုံးပြီး Voice Conversation တွေကို Routing လုပ်တာပဲဖြစ်ပါတယ် ။

Wi-Fi ပစ္စည်းတွေကို ကိုင်ဆောင်အသုံးပြုထားသူဟာ ဥပမာ ကွန်ပျူတာပဲဖြစ်ဖြစ်၊ Telephone ပဲဖြစ်ဖြစ် PDA ဆိုတဲ့ Personal Digital Assistant ပဲဖြစ်ဖြစ်ပေါ့။ ကိုယ်က Access Point မှာ ရှိနေရင် Internet ကို ချိတ်ဆက်အသုံးပြုလို့ ရပါတယ်။ ဒီ Access Point တစ်ခုဖြစ်စေ၊ တစ်ခုထက်ပိုပြီးဖြစ်စေ၊ ဖြစ်ပေါ်နေတဲ့ Region တစ်ခုကို Hot Spot လို့ ခေါ်ပါတယ်။ ဒီ Hot Spot တွေဟာ တစ်ခုနှင့်တစ်ခု OverLap ဖြစ်သွားခြင်းဖြင့် Hot Spot ရဲ့ အတိုင်းအတာဟာ အခန်းတစ်ခန်းရဲ့ အကျယ်ပမာဏကနေ ပတ်လည်မိုင်ပေါင်းများစွာအထိ ဖြစ်သွားနိုင်ပါတယ်။ Wi-Fi ဟာ Wireless Mesh Network တွေကိုလည်း ဖန်တီးပေးနိုင်ပါတယ် ။

Wi-Fi ဟာ ၎င်းပစ္စည်းတွေကို Peer to Peer Mode နှင့်လည်းချိတ်ဆက်စေလို့ ရပါတယ်။ ဒါကြောင့် ပစ္စည်းတွေဟာ တစ်ခုနှင့်တစ်ခု တိုက်ရိုက်ချိတ်ဆက် နိုင်ပြီး ဒီလိုချိတ်ဆက်နိုင်မှုဟာ လျှပ်စစ်ပစ္စည်းနဲ့ Game Application အသုံးပြုသူတွေကို များစွာအသုံးတည့်စေပါတယ်။ ဒီ WiFi နည်းပညာဟာ ပထမဦးဆုံး ဈေးကွက်ကိုတင်တဲ့အခါမှာ ပြဿနာပေါင်းစုံ ကြုံတွေ့ ရပါတော့တယ်။ အဓိက ပြဿနာကတော့ အသုံးပြုသူတွေအနေနဲ့ ဒီမတူညီတဲ့ ထုတ်လုပ်သူတွေရဲ့ထုတ်ကုန်တွေဟာ တစ်ခုနှင့်တစ်ခု အလုပ်တွေပူးပေါင်းအတူတကွ လုပ်နိုင်ပါ့မလားပေါ့။ ဒါဟာ အသုံးပြုသူ ဝယ်မယ့်သူတွေ ဘက်က သံသယဝင်တာဖြစ်ပါတယ်။ ဒီတော့ ဒီကုမ္ပဏီက ထုတ်တဲ့ WiFi ပစ္စည်းတစ်ခုဟာ နောက်ကုမ္ပဏီကထုတ်တဲ့ WiFi ပစ္စည်းတစ်ခုကို ပေါင်းစည်းနိုင်ဖို့ ဖန်တီးရပါတော့တယ်။ အဲ့ဒါက Wi-Fi Certified ဆိုတာပါပဲ။ အဲ့ဒီ Wi-Fi Certified တံဆိပ်ပါတဲ့ ပစ္စည်းတိုင်းဟာ ဘယ်ကုမ္ပဏီက ထုတ်ထုတ် အတူတကွ ပေါင်းစည်းအလုပ်လုပ်နိုင်တယ်လို့ ဆိုလိုတာ ဖြစ်ပါတယ်။

## Wi-Fi နဲ့ Wi-Max ကွာခြားချက်

Wi-Fi က 802.11b standard ကို ပြောတာပါ။ Frequency range က 2.4 GHz ရှိပါတယ်။ သီအိုရီအရ Speed က 11 Mbps ရှိပေမယ့် လက်တွေ့မှာတော့ 5 Mbps လောက်ပဲ ရပါတယ်။ မီတာ 100 အကွာအဝေး (ပေနဲ့ပြောရရင် 330 ပေ) အတွင်းမှာပဲ အသုံးပြုနိုင်ပါတယ်။ Transport Protocol က Ethernet ကို သုံးပါတယ်။ Wi-Max က 802.16 Standard နဲ့ 802.16a Standard ကို ပြောတာပါ။ 802.16 က 10 GHz ကနေ 66 GHz ထိ frequency range ရှိပါတယ်။ 802.16a ကတော့ 2GHz ကနေ 11GHz ထိရှိပါတယ်။ Speed အနေနဲ့ 802.16 ဟာ channel တစ်ခုအတွက် 124 Mbps အများဆုံး ရပါတယ်။ 802.16a ကတော့ 20 MHz ရှိတဲ့ Channel မှာ 70 Mbps ရပါတယ်။ အကွာအဝေးမှာတော့ တစ်မိုင်ထက် ကျော်လွန်ပြီး သုံးလို့ရပါတယ်။ TransportProtocol ကတော့ TCP ကို သုံးပါတယ်။ Wifi နဲ့ပတ်သက်ပြီး တစ်ခုပဲ မှတ်သားထားလိုက်ပါဗျာ။ wifi ဆိုတဲ့ wireless connection ဆိုတာ ဝါယာကြိုးကို အစားထိုးတဲ့ ပစ္စည်းတစ်ခုသာ ဖြစ်ကြောင်းပါခင်ဗျာ။









# "နည်းပညာကသုံးတဲ့လူအပေါ်မှာပဲ မူတည်တယ်" လို့ သုံးသပ်ခဲ့တဲ့ Designer Ko Htee

BY MTZT


ယခုအပတ်အတွက် Street Wise ကဏ္ဍမှာတော့ Design ဆွဲရာမှာ သေသပ်လှပပြီး၊ Design ကို ဝါသနာအရ ဖန်တီးလုပ်ကိုင်နေတဲ့ Designer Ko Htee ကို Design ပရိတ်သတ်များအတွက် မြန်မာအိုင်စီတီ ဂျာနယ်မှ သွားရောက်မေးမြန်းခဲ့ပါတယ်။

**အခု အစ်ကိုလုပ်ဖြစ်နေတဲ့ အနုပညာလုပ်ငန်းတွေအကြောင်း ပြောပြပေးပါ။**

အခုအစ်ကို လုပ်တဲ့ Design က အစုံပဲ ကတ်စက်ခွေ Cover တွေရော၊ အခုလတ်တလောဆိုရင် ရဲလေးစာအုပ်တစ်အုပ်လုံးဆွဲပြီးသွားပြီ၊ ထွန်းထွန်း Example တစ်ကိုယ်တော်ခွေ၊ ပြီးတော့ Myanadar ရေသန့်လုပ်ငန်းတွေပေါ့၊ နောက်ပြီး တစ်ခြားဟာတွေရော အစုံပါပဲ၊ အကုန်အစုံပဲ ဒီဇိုင်းဆွဲတယ်။

**အစ်ကို Design လောကထဲကို ဝင်ရောက်ဖြစ်ခဲ့ပုံကို ပြောပြပါ။**

အစ်ကိုဆယ်တန်းအောင်တော့ ၁၉၉၄၊ ၉၄ အောင်တော့ တက္ကသိုလ် မတက်ခင်ကြားထဲ ရန်ကုန်မှာ DTP စလုပ်တာ၊ ၃၄လမ်းမှာ DTP စလုပ်တယ်၊ DTP ကိုအစ်ကို (၃)နှစ်လောက် လုပ်ခဲ့တယ်၊ (၃)နှစ်လောက် လုပ်ပြီးတော့မှ ဒီ Design ဘက်ကို ကူးလိုက်တာ၊ စပြီးတော့ Design စလုပ်တာက Fashion Image မဂ္ဂဇင်း စစချင်းပေါ့၊ အစ်ကို အဲဒီကနေ Design စလုပ်ဖြစ်တာပဲ၊ Fashion Image ကနေစတာ။



**Design ပညာရပ်ကို အစ်ကို ဘယ် သင်တန်းကျောင်းမှာ တက်ရောက်ခဲ့ပါသလဲ။**

အစ်ကိုသင်တန်းတော့ မတက်ခဲ့ဘူး၊ ဘယ်သင်တန်းမှ မတက်ခဲ့ဘူး၊ စာဖတ်တယ်၊ ကိုရဲ့ရှေ့က Senior တွေကို မေးတယ်၊ အဲ့လိုမျိုးနဲ့ပဲ သင်လာခဲ့တာ၊ ပြီးတော့ စာဖတ်တယ်၊ မေးတယ်၊ ဒါပါပဲပေါ့၊ အဲဒီအချိန်တုန်းက Internet မှ မရှိသေးတာ၊ အဲ့လိုနဲ့ပဲ Design တတ်ခဲ့တာ၊ လေ့လာတာကတော့ အခုအချိန်ထိပါပဲ။

**အစ်ကို Design နဲ့ပတ်သက်ရင် ဘယ်လို စာအုပ်မျိုးတွေ ဖတ်လဲ ဆိုတာ ပြောပြပေးပါ။**

Design နဲ့ ပတ်သက်ရင်တော့ အခုဆို Adobe က ထုတ်တဲ့ စာအုပ်တွေလဲ ရှိနေပြီ၊ အရင်တုန်းကတော့ မြန်မာလို မရှိဘူး၊ အခုဆိုရင်တော့ မြန်မာလို ရှိနေပြီပေါ့၊ စာအုပ်တွေကတော့ အခုမြန်မာလို ဖတ်မယ်ဆိုလဲ မြန်မာလို ဘာသာပြန်ထားတဲ့ Photoshop တွေလဲ အကုန်အစုံ ရှိတယ်ပေါ့နော်၊ အစ်ကိုတို့ ခေတ်တုန်းကတော့ မရှိဘူးပေါ့၊ ဒီလိုနဲ့ပဲ သိရတာ၊ အခုခေတ်ကတော့ မြန်မာလို ဖတ်ချင်လဲ မြန်မာလိုရှိတယ်၊ တခြား အင်္ဂလိပ်လိုဆိုလဲ Online မှာ သွားရှာလို့ရတယ်၊ eBooks တွေလဲ အများကြီးရှိတယ်။

**အစ်ကို့အနေနဲ့ Online မှာ Design နဲ့ပတ်သက်လို့ ဘယ်လို Website မျိုးတွေကို လေ့လာဖြစ်လဲ မသိဘူး။**

Design နဲ့ ပတ်သက်လို့ကတော့ လေ့လာတဲ့ Site ကတော့ အစုံပါပဲ၊ လိုက်ရှာပြီးတော့ တွေ့တာ အကုန်လုံး လေ့လာလို့ရသမျှကို လေ့လာတာပဲ၊ အခု Beginner တွေအနေနဲ့ လေ့လာချင်တယ်ဆိုရင်တော့ Worth1000.com ဆိုတာရှိတယ်။ အဲ့ဒီမှာ Beginner တွေအတွက်ကော၊ ပြိုင်ပွဲတွေကော၊ ပြီးတော့သူတို့ Creation လုပ်ထားတာတွေကော၊ ကောင်းတာတွေကော မကောင်းတာတွေကော အကုန်လုံး အစုံရှိတယ်၊ အဲ့ဒါလေးတစ်ခုတော့ ရှိတယ်၊ လေ့လာချင်တဲ့ လူတွေအတွက်ပေါ့၊ အစ်ကိုလဲ မကြာမကြာတော့ သွားကြည့်ဖြစ်ပါတယ်၊ အဲ့ဒီမှာ ပြိုင်ပွဲဝင်မယ်ဆိုလဲ ပြိုင်ပွဲဝင်လို့ရတယ်၊ သူ့အဆင့်လိုက် ဓာတ်ပုံသမားတွေ အတွက်ကော၊ Site တစ်ခုထဲမှာတင်ပေါ့ အကုန်လုံးရှိတယ်။

**Design ပညာရပ်ကို စိတ်ဝင်စားပြီး လေ့လာနေတဲ့ လူငယ်လေးတွေအတွက် ဘယ်လို စတင်လေ့လာရမလဲ ဆိုတာကို ပြောပြပေးပါ။**

အဓိကကတော့ ကိုယ်တကယ် ဝါသနာပါလားပေါ့နော်၊ တစ်ချို့ကလေးတွေက အခု (၁၀)တန်းပြီးလို့ အိမ်က ဘာလုပ်လို့ လုပ်ရမှန်းမသိပဲ သူများတွေ သင်တန်းတက်လို့ လိုက်တက်တယ်၊ ပြီးတော့ သူတို့ကလဲ ဘာသင်တန်းတက်ရမှန်း မသိဘူး၊ သူများက Photoshop ဆိုလို့ သူတို့ကလဲ Photoshop လိုက်လုပ်တယ်၊ ပြီးတော့ တကယ်တမ်းတော့လည်း သူတို့က တကယ်ဝါသနာမပါဘူး၊ အဲ့ဒါမျိုးတွေ ဖြစ်နေတယ်၊ ပြီးတော့ အခု ဒီ Design ဘက်ကို လိုက်မယ်ဆိုရင်တော့ ဝါသနာလဲ တကယ်ပါစေချင်တယ်၊ ပြီးတော့နောက်တစ်ခုက စိတ်လဲရှည်စေချင်တယ်၊ ပြီးတော့ သေသေချာချာလေးလဲ ရှာဖွေပြီးတော့ လေ့လာစေချင်တယ်၊ တစ်ချို့က ပုံလေးလှီးတာကအစ စိတ်မရှည်ချင်ဘူး၊ အဓိကကတော့ ပုံလှီးတာကအစ အခြေခံကျကျ လေ့လာဖို့ ရေးကြီးတယ်၊ အသေးစိတ်ကအစ စနစ်တကျနဲ့ စိတ်ရှည်ရှည်လေး လုပ်မှ ရတယ်။

**အစ်ကို့အနေနဲ့ ဒီ Design ပညာဘက်ကို ဘာကြောင့် လေ့လာဖြစ်ခဲ့တာလဲ ဆိုတာကို ပြောပြပေးပါ။**

အစ်ကိုက လုပ်ရင်းကိုင်ရင်းကနေပြီးတော့ ဝါသနာပါလာတာ၊ အဓိကကတော့ အစ်ကိုက အနုပညာဆိုရင် အကုန်လုံးတော့ ဝါသနာပါတယ်၊ အဲ့ဒီနောက်ပိုင်းမှာမှ Computer မှာ ဒီ Design နဲ့ သွားတွေ့တာ၊ သွားတွေ့တော့ စီးပွားရေးလုပ်ငန်းအတွက်ကို အဲ့ဒီဘက်ကို ပိုပြီးတော့ ဝါသနာပါသွားတာ၊ အဲ့ဒါနဲ့ပဲ Design လုပ်ဖြစ်သွားတာ။

**Design တွေ ရေးဆွဲတဲ့အခါမှာ ဘယ်လို ပစ္စည်းတွေအများဆုံး သုံးဖြစ်ပါသလဲ။**

Design ဆွဲတဲ့အခါမှာ အစ်ကိုတော့ Computer ပဲ သုံးတယ်၊ Computer နဲ့ ပဲပေါ့၊ အစ်ကိုက ပန်းချီဆရာလဲ မဟုတ်ဘူး၊ ပန်းချီလဲ မဆွဲတက်ဘူး၊ အဲ့ဒီတော့ Computer ပဲပေါ့။

**ဘယ်လို Software တွေ သုံးဖြစ်လဲ မသိဘူး။**

Design အတွက်ဆိုရင်တော့ အဓိက သုံးတာကတော့ Photoshop ပဲပေါ့နော် ၊ Photoshop ရှိမယ် Illustrator ရှိမယ်။ အခုတော့ Photoshop CS5 ပေါ့ အရင် Photoshop 7.0 မတိုင်ခင်ကတည်းက အစ်ကိုတို့က Photoshop ကို သုံးလာခဲ့ရတာ။

**အခု အစ်ကိုသုံးနေတဲ့ Software တွေက ကောင်းမွန်တဲ့ ဒီဇိုင်း Effect တွေကို ပေးစွမ်းနိုင်ပါသလား။**

ပေးပါတယ်၊ ကိုယ်သုံးရင် သုံးတတ်သလောက်ပေါ့နော်၊ နည်းပညာပိုင်းအနေနဲ့ Photoshop ဘက်ကတော့ အကုန်လုံး ပြည့်ပြည့်စုံစုံရှိတယ်၊ ကိုယ်ကိုတိုင်ရော၊ နောက်တစ်ခု နောက်ထပ်ထွက်လာတဲ့ Plug in တွေကော သုံးတဲ့လူအပေါ်မှာပဲ မူတည်ပြီးတော့ တော်တော်အကျိုးရှိပါတယ်။

**Design ဆွဲတဲ့အခါမှာ Design ပုံတွေ ရယူဖို့အတွက် ကိုယ်တိုင် သွားရောက် ရိုက်ယူလေ့ ရှိပါသလား။**

ကိုယ်တိုင်တော့ မရိုက်ဘူး၊ ဒါပေမယ့် Shooting ကိုတော့ ကိုယ်တိုင် လိုက်ရတယ်၊ ကိုယ်ကိုယ်တိုင်တော့ ဒီဓာတ်ပုံတွေကို မရိုက်ဘူး၊ Professional မရိုက်ဘူး၊ အပျော်တမ်းပဲရိုက်တာ၊ ဒါပေမယ့် ဒီ Product တစ်ခုကြော်ညာလုပ်ဖို့အတွက်ဆိုရင်တော့ အစ်ကိုတို့ Designer တွေက Shooting ကို လိုက်တယ်၊ လိုအပ်တာကို လိုက်ပြီးတော့ Camera man နဲ့ ညှိပြီးတော့ လိုက်လုပ်ပေးရတယ်၊ ကိုယ်လိုချင်တာနဲ့ Camera man ဘက်က ဖြစ်နိုင်တာနဲ့ လိုက်ညှိရတယ်၊ နောက်တစ်ခုက ကုမ္ပဏီဘက်က လိုအပ်တာလဲ တစ်ချက် ပြန်ကြည့်ရတာပေါ့။

**အခုသုံးနေတဲ့ IT ပစ္စည်းတွေက Design အတွက် လုံလောက်တဲ့ စွမ်းရည်တွေပေးနိုင်ပါသလား။**

ပေးစွမ်းနိုင်ပါတယ်၊ ပေးစွမ်းနိုင်တယ်ဆိုပေမယ့် Performance တော့ မြင့်ဖို့ လိုတာပေါ့၊ Performance မြင့်တော့ အလုပ်လဲ တွင်ကျယ်တာပေါ့၊ မြန်မြန်ဆန်ဆန် အလုပ်လုပ်ဖို့ အဆင်ပြေတာပေါ့၊ Performance နိမ့်ရင်တော့ နှေးကွေးနေတာနဲ့ ကိုယ်က အဲ့ဒါကို Save လုပ်ဖို့ စောင့်နေရတာနဲ့ကိုပဲ အချိန်ကုန်တော့ အဲ့မှာတင် Feel တစ်ဝက် ပျက်နေပြီ၊ Design တကယ်လုပ်မယ်ဆိုရင်တော့ Performance မြင့်တဲ့စက် သုံးသင့်တယ်။

**အစ်ကို အပျော်တမ်းဓာတ်ပုံတွေရိုက်ရင် ဘယ်လို Camera အမျိုးအစားတွေ သုံးဖြစ်လဲဆိုတာ ပြောပြပေးပါ။**

အစ်ကို အခုသုံးနေတာက NIKON D-5000 ကိုင်နေတယ်။ Camera ဘက်ကတော့ သိပ်မသိဘူး၊ အခုလည်း Camera ကောင်းကောင်းဝယ်ချင်လို့ အစ်ကို့သူငယ်ချင်း Camera man ကို ဝယ်ခိုင်းလိုက်တာ၊ ရှေးတုန်းက Camera တွေ ကိုင်ရတာ အားမရတော့လို့၊ Auto လေးတွေ ကိုင်ရတာ အားမရတော့လို့ NIKON D-5000 ဝယ်လိုက်တာ။

**အစ်ကို့အနေနဲ့ နည်းပညာအပေါ် ဘယ်လိုသုံးသပ်မိပါသလဲ။**

နည်းပညာကတော့ သုံးတဲ့လူအပေါ်မှာပဲ မူတည်တာပေါ့၊ အကျိုးရှိရှိသုံးရင်လဲ အကျိုးရှိတာပေါ့နော်၊ ဆိုးကျိုးဘက်က သုံးမယ်ဆိုလဲ ဆိုးတာပေါ့၊ နည်းပညာကတော့ ကောင်းပါတယ်၊ အကောင်းဘက်ကပဲ များတာပေါ့။

**အခုလိုပြည်တွင်းက Designer တွေအပေါ် အစ်ကို ဘယ်လိုမြင်လဲ မသိဘူး။**

ကောင်းပါတယ်၊ ကောင်းပါတယ်လို့ပဲ ပြောရမှာပေါ့၊ သေသေသပ်သပ်လုပ်တဲ့ လူတွေလဲ ရှိသလို၊ ဖြစ်သလိုလုပ်တဲ့လူတွေလဲ ရှိတာပဲ၊ လုပ်တဲ့လူပေါ်မှာပဲ မူတည်ပါတယ်၊ အားလုံးတော့ ကောင်းပါတယ်။

**ပြည်တွင်း Design လိုအပ်ချက်တွေအပေါ် အစ်ကို ထင်မြင်မိသလို ပြောပြပေးပါလား။**

လိုအပ်ချက်ကတော့ တစ်ချို့တော့လဲ၊ ဘယ်လိုပြောရမလဲ၊ Designer လို့ ပြောရမလား၊ Operator လို့ ပြောရမလားမသိတဲ့ Photoshop သမားတွေပေါ့နော်၊ အဲ့လို လူတွေလဲ ရှိတယ်လေ၊ သူတို့ကတော့ ကုမ္ပဏီက လာအပ်တဲ့ အတိုင်းပဲ၊ ဒီနေရာမှာ ဒီပုံထားမယ်၊ ဒီအရောင်ထည့်မယ်၊ ဒီစာကို ဒီနေရာမှာ ထည့်မယ်လို့ ကုမ္ပဏီက ပြောလိုက်တဲ့အတိုင်းပဲ လုပ်ပေးလိုက်တာ၊ အဲ့ဒါမျိုးကြတော့ Designer မဟုတ်တော့ဘူးပေါ့နော်၊ အစ်ကိုတို့ကျတော့ အဲ့လိုမျိုး မလုပ်ချင်တော့ဘူး၊ ကိုယ့်ဆီကို Design လာအပ်ရင် ဒီကြော်ညာအတွက် Design တစ်ခုကို ကိုယ်လိုချင်တယ်ဆိုရင် အစ်ကိုတို့က ကိုယ့်စိတ်ကူးနဲ့ကိုယ် လုပ်ရမှပဲ ကျေနပ်တယ်၊ ကိုယ်က နည်းပညာပိုင်းမှာ သူတို့ထက်တော့ ပိုပြီးအမြင်ရှိတယ်လို့ ထင်တယ်၊ အဲ့ဒီတော့ ကိုယ်တိုင်ပဲ လုပ်ချင်တယ်။

**Design ပညာရပ်က Social Life တွေအပေါ်မှာ မည်သည့် အခန်းကဏ္ဍကနေပြီး Support လုပ်ပေးနိုင်တယ်လို့ ထင်ပါသလဲ။**

Social Life မှာတော့ မြင်နေရတဲ့ဟာ အကုန်လုံးက Design နဲ့ အကုန်လုံး ပတ်သက်နေတဲ့ဟာတွေ ချည်းပဲလေ၊ ကုမ္ပဏီဆိုလဲ ကုမ္ပဏီမှာ သူတို့ ကြော်ငြာအတွက် Design သုံးရတာပဲ၊ သာရေးပဲဖြစ်ဖြစ်၊ နာရေးပဲဖြစ်ဖြစ် Design မပါရင် မရဘူး၊ အလှူဖိတ်စာလုပ်လဲ ဒါ Design လုပ်ရတာပဲ၊ အဲ့လိုမျိုးပေါ့ အားလုံးက Design နဲ့ အကုန်ပတ်သက်နေတာပေါ့နော်၊ Computer ပါတာမပါတာက ဒါသပ်သပ်ပေါ့၊ Design ကတော့ အကုန်လုံးနဲ့ နီးနွယ်နေတာပဲ။

**နည်းပညာတွေ တိုးတက်လာတာနဲ့အမျှ Design ပညာရပ်ဘက်မှာ ဘယ်လို တိုးတက်ပြောင်းလဲမှုတွေ ရှိသလဲဆိုတာ ပြောပြပေးပါ။**

အရင်တုန်းကတော့ ဒီဇိုင်းနဲ့ပတ်သက်တဲ့ ဆော့ဖ်ဝဲတွေ လွယ်လွယ်နဲ့ ဝယ်လို့မရတာတို့ ပြီးတော့ နောက်တစ်ခုက Internet မရှိ၊ Download ကလဲ ဆွဲလို့မရ၊ ရှိတာလေးတွေနဲ့ပဲ သုံးရတာပေါ့နော်၊ အခုခေတ်ကတော့ အကုန်လုံးစုံတယ်၊ အခု Software က Version အသစ်ထွက်တယ် ဆိုလဲ ချက်ချင်းရတယ်၊ Plug in တွေ ထွက်ရင်လဲ Plug in တွေ ချက်ချင်းဝယ်လို့ရတယ်၊ ရောင်းတဲ့ နေရာတွေလဲ အကုန်လုံး ရှိနေပြီလေ၊ ရှိနေပြီဆိုတော့ တော်တော်လေးကို အဆင်ပြေနေပြီပေါ့နော်။

**နောက်ဆုံးအနေနဲ့ Design လောကထဲ ဝင်ရောက်ဖို့ ကြိုးစားနေတဲ့ တက်သစ်စ Designer တွေအတွက် စကားလက်ဆောင်ပြောပေးပါ။**

ခုဏကပြောသလို......ရှာဖွေပါ၊ လေ့လာပါ၊ ပြီးရင် ကိုယ်တိုင် ဖန်တီးကြည့်ပါ၊ အဲဒါပါပဲ။

**အစ်ကို့ကို ဆက်သွယ်ချင်တယ်ဆိုရင် ဆက်သွယ်လို့ရမယ့် လိပ်စာပြောပေးပါ။**

အစ်ကိုက အခု ဗန္ဓုလ Tower၊ ဗန္ဓုလ တံတားထိပ်၊ အခန်း (၃၀၂) မှာပါ။

**အခုလိုစိတ်ရှည်လက်ရှည်နဲ့ ဖြေကြားပေးတဲ့ Designer Ko Htee ကို အထူးပဲ ကျေးဇူးတင်ပါတယ်။**



ICT စက်ပစ္စည်းများအရ ဝန်ဆောင်မှု အကောင်းဆုံးဆု (၂) နှစ်ဆက်တိုက်ရရှိထားသည့် အစဉ်အလာကောင်းများကို အမြဲထိန်းသိမ်းသွားပြီး After Sale Service ဝန်ဆောင်မှု အကောင်းဆုံးပေးသည့်...

# Technoland

36th Street | Inya Road | Mandalay

# Computer Service Centre







နေရာသစ်
အထူးအစီအစဉ်

သင့်အိမ်က ကွန်ပျူတာတွေ...
ဖွင့်တာကြာလို့
ဖွင့်မရဖြစ်နေပါသလား...?
ပျက်နေပါသလား...?
Upgrade
လုပ်ချင်ပါသလား...?

အကောင်းဆုံး နှင့် အမြန်ဆုံး
ဆောင်ရွက်ပေးနေပါပြီ။




နေရာသစ်

**Now Open**

One Stop Sales & Services

HEBER by Technoland

51, U Chit Maung Road, Bahan Township, Yangon. | Tel. : 09 731 45164

1. 162-170, **36th Street** (...), Kyauktada Tsp, Yangon. Tel. 09 730 24327, 09 730 24328, 09 730 41734, 09 730 41735
2. 109, **Maha Bandoola Garden Street**, Kyauktada Tsp, Yangon. | Tel. 01 377 896, 09 731 26240
3. 151-153, **Anawrahta Road** Between ... St. & 39th St., Kyauktada Tsp, Yangon | Tel. 01 252 824
4. No. 98, **Inya Road**, Kamaryut Township | Tel. : 01-514 303
5. 78th Street, Bet. 39th St. & 40th St., Maha Aung Myay Tsp, **Mandalay** Tel. 09 910 24812, 09 910 34819, 09 201 6123

အမြို့မြို့ အနယ်နယ်မှ လက်လီအရောင်းဆိုင်ကြီးများအား
လက်ကားဈေး ဖြင့် ရောင်းချပေးနေပြီ...